

BRITISH COUNCIL

# ခြေလှမ်းသစ်မြန်မာ

ဒီဇင်ဘာလ ၂၀၂၀

In partnership with

CMC CONFLICT MANAGEMENT CONSULTING



# ကျေးဇူးတင်လွှာ


Morten Nygaard Christensen, Team Leader

Camille Dancoisne, Researcher

Htet Lynn Oo, Researcher

Joe Gayeski, Editor and Analyst

## Advisory board members

Aung Ko Ko

Aung Myat Thu

Aung Naing Win @ Shine

Baw Mae

Chan Hein

Dr Nilar Aung

Dr Sai Khaing Myo Tun

Htet Paing Soe

Htet Thiri Shwe

Htu Hkong

Ja Seng Lu

Kaung Su Thar

Kyaw Zin Htike

Kyi Zaw Lwin

Lin Htet

Maung Maung Nyein Chan

Maung Maung Pyae Zone

Nyein Zarni Naing

Phyoe Phyoe Aung

Yamin

## British Council

Aye Aye Thaw, Christine Wilson, Dr Matthew Sheader, Dr Richard Sunderland, Ei Thinzar Win Naing, Ja Htoi Aung, Mi Mi Myo Win, Myo Ko Ko Oo and Sarah Deverall

## VSO

Ben Williams (Education Programme Manager), Joyce Laker (Country Director) and Seng Hpung Aung (Social Cohesion Programme Manager)

## UK Aid

The UK government's Foreign, Commonwealth and Development Office


## Disclaimer


The views expressed are those of the authors and contributors and do not necessarily reflect those of the British Council.


CMC provides research, monitoring and evaluation, and technical assistance in challenging, conflict-affected and post-conflict areas. We work for international organisations, governments and civil society, deploying multinational and highly specialised teams of experts. Our staff offer in-depth thematic expertise in a number of areas, including on topics like social tension/cohesion, peacebuilding, stabilisation and migration, and have served organisations across the Middle East, Europe, Africa and Asia.

# မာတိကာ


**အမှာစာ** **2**

**မိတ်ဆက်နှင့် အကျဉ်းချုပ် မြို့ဝံ့ဖော်ပြချက်** **4**

**အခန်း ၁ - မည်ကဲ့သို့ ဆန်းစစ်လေ့လာခဲ့သနည်း?** **6**

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ 6

ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ 7

ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ 8

ရိန်းဘိုးစတား LGBT အဖွဲ့အစည်း 9

ကန့်သတ်ချက်များ 10

အန္တရာယ်နှင့် ထိလွယ်ရှလွယ်မှုများ မှတ်စု 10

**အခန်း ၂ - တာဝန်ယူမှုမှ လုပ်ဆောင်မှုဆီသို့ - လူငယ်များ ဘာကြောင့် ပါဝင်သင့်သနည်း?** **12**

ဆောင်ရွက်ရမည့် တာဝန်များ 12

စိတ်ခွန်အားပေးသူများ 15

ကွန်ရက် တည်ဆောက်ခြင်း 16

ကိုယ်တွေ့အတွေ့အကြုံများ 18

လူငယ်အခမ်းအနားများ - ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရန် အထောက်အပံ့များ 19

လူငယ်လှုပ်ရှားမှုကို အားပေးခြင်း 23

**အခန်း ၃ လူငယ်ချိတ်ဆက်လုပ်ဆောင်ခြင်း၏ အဓိပ္ပာယ် - ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ဟန်ချက်ညီမျှစေခြင်း** **24**

ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရန် အခွင့်အလမ်းများ 24

ပူးပေါင်းဆောင်ရွက်ခြင်း၏ အားသာချက်နှင့် အားနည်းချက်များ 26

ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းမှာ အမြဲတမ်းအတွက် မဖြစ်နိုင်ပါ 29

အချို့သောသူများအတွက် ယုံကြည်ကိုးစားမှုဆိုင်ရာ မေးခွန်းတစ်ခု 30

အစိုးရနှင့် မိုနိုမှုကင်းစွာ နေခြင်းသာလျှင် မဟုတ် 31

ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်း ဆိုသည်မှာ 32

အကောင်းဆုံးနည်းလမ်းရွေးချယ်ခြင်း 33

**အခန်း ၄ - လူငယ်လှုပ်ရှားမှုအစီအစဉ်များအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ** **36**

အချိန်နှင့်ငွေကြေး မလုံလောက်ခြင်း 36

အတွေ့အကြုံနည်းပါးခြင်း 40

အားလုံးပါဝင် ဦးဆောင်မှု ပုံစံ 41

ရန်ပုံငွေ ရရှိရန် ခက်ခဲခြင်း 42

အပြန်အလှန် ကူညီပေးခြင်း 42

နိုင်ငံရေးဂိုဏ်းဂဏများနှင့် ခွဲခြားဆက်ဆံခံရမှု 43

နိုင်ငံရေးရာ ပြဿနာများ အန္တရာယ် 46

ခက်ခဲသောဒေသများမှ တက်ကြွလှုပ်ရှားသူများ 47

အခွင့်အရေး နည်းခြင်း 48

ပဋိပက္ခဖြစ်ပွားရာ နေရာများကို ရည်ညွှန်းခြင်း 50

**အခန်း ၅ - လူငယ်ချိတ်ဆက်လုပ်ဆောင်မှုများကို ထောက်ပံ့ရန် အကြံဉာဏ်ပြုခြင်း** **54**

အကြံပြုချက်များ 54

လူငယ်များနှင့် လူငယ်ဦးဆောင်သော လှုပ်ရှားမှုများ 54

ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် အလှူရှင်များ 56

တက္ကသိုလ် စီမံအုပ်ချုပ်ရေးအတွက် 59

အစိုးရအရာရှိများနှင့် အေဂျင်စီများ 60

**ကိုးကားစာရင်း** **62**

**နောက်ဆက်တွဲ (၁) - နည်းစနစ်** **64**

**နောက်ဆက်တွဲ (၂) - စစ်တမ်းကောက်ယူခြင်း : ဗြိတိသျှကောင်စီ၏ခြေလှမ်းသစ်မြန်မာ** **68**

# အမှာစာ

ဗြိတိသျှကောင်စီ၏ ၂၀၁၉ခုနှစ်ထုတ်
မျိုးဆက်သစ်မြန်မာ အစီရင်ခံစာမှ ရှာဖွေတွေ့ရှိ
ချက်များအပေါ်အခြေခံသော သုတေသနစာစဉ်
များမှ ပထမဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှ လူငယ်များ
အပေါ် သက်ရောက်မှုများရှိနေသော အချို့သော
အသေးစိတ်အကြောင်းအရာများကို ဖော်ပြထား
သော ဤ"ခြေလှမ်းသစ်မြန်မာ" အစီရင်ခံစာကို
မိတ်ဆက်ပေးခွင့်ရရှိသည့်အတွက် ကျွန်ုပ်တို့
ဝမ်းမြောက်မိပါသည်။

ခြေလှမ်းသစ်မြန်မာသည် ယူကေနိုင်ငံခြားရေး၊
ဓနသဟာယနှင့် ဖွံ့ဖြိုးရေးရုံး၏ ကူညီပံ့ပိုးမှုဖြင့်
ဗြိတိသျှကောင်စီနှင့် VSO တို့မှ ဦးဆောင်
အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါ
သည်။ မြန်မာနိုင်ငံတစ်ဝှမ်းမှ လူငယ်များက
အနီးကပ်အကြံဉာဏ်ပေးခြင်းများကို ပြုလုပ်
ခဲ့ကြပြီး ပဋိပက္ခ စီမံခန့်ခွဲမှု အတိုင်ပင်ခံအဖွဲ့၏
လမ်းညွှန်ချက်ဖြင့် ဤစာတမ်းကို ပြုစုဆောင်ရွက်
ခဲ့သည်။

ဗြိတိသျှကောင်စီ၏ မျိုးဆက်သစ် စာစဉ်များသည်
လူမှုရေး၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ
ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပျက်လျက်ရှိနေသော
နိုင်ငံများကို အလေးပေးဖော်ပြထားသည်။
သုတေသနစစ်တမ်းများဖြင့် လူငယ်ရေးရာ
မူဝါဒများနှင့် အစီအစဉ်များကို တိုးတက်စေရန်
ကူညီဆောင်ရွက်ပေးခြင်းနှင့်အတူ ထိုလုပ်ငန်းစဉ်
များ၏ ဦးတည်ချက်ကို ထောက်ခံပေးခြင်းဖြင့်
လူငယ်များ၏ အသံကို မြှင့်တင်ပေးရန်နှင့်
လူငယ်များ၏ သဘောထားများနှင့် ဆန္ဒရည်မှန်း
ချက်များကို နားလည်စေရန် ရည်ရွယ်သည်။

၂၀၁၉ ခုနှစ်ထုတ် စစ်တမ်းတွင် အထူးပြုဖော်ပြ
ထားသော အကြောင်းအရာများသည် လူငယ်များ
၏ လူမှုရေးရာနှင့် နိုင်ငံရေးရာ ချိတ်ဆက်
ဆောင်ရွက်မှုများမှ ကနဦးသတ်ချက်များဖြစ်သည်။
လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွလှုပ်ရှား
ခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ
အတွက် အခွင့်အလမ်းများ တိုးတက်လာခဲ့သော်
လည်း လူငယ်များစွာသည် မြန်မာ့လူငယ်
ဒီမိုကရေစီခရီးတွင် ပါဝင်ခွင့်မရနိုင်ကြသေးသည့်
အခက်အခဲများစွာလည်း ရှိနေသေးသည်။
ဤစစ်တမ်းသည် လူမှုရေးရာနှင့် နိုင်ငံရေးရာ
ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းများကို ဖော်ညွှန်း
နိုင်သည့် အရပ်ဘက်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ
လူငယ်များ၏ အတွေ့အကြုံများကို ဆန်းစစ်နိုင်
သည်။

မြန်မာနိုင်ငံသည် အရပ်ဘက်လူ့အဖွဲ့အစည်း
လှုပ်ရှားမှုများတွင် ကောင်းမွန်သော သမိုင်း
ကြောင်းများရှိသည်။ ကိုလိုနီခေတ်နှင့် ကိုလိုနီ
ခေတ်လွန်ကာလများတွင် နိုင်ငံ၏ အသိအမှတ်ပြု
အခံရဆုံးနှင့် လွှမ်းမိုးမှုအရှိဆုံးသူ အများစုသည်
လူမှုရေးရာနှင့် နိုင်ငံရေးလှုပ်ရှားမှုများတွင်
တက်ကြွစွာပါဝင်ခဲ့သူများ ဖြစ်ကြသည်။
ယင်းဓလေ့သည် ယခုတိုင် ရှင်သန်နေဆဲဖြစ်
သည်။ အောက်မေ့သတိရမှု အရှိဆုံးသူများနှင့်
သမိုင်းစာမျက်နှာများတွင် နေရာယူခဲ့သူ
ခေါင်းဆောင်များသည် သာမန်လူများ ပါဝင်ကြ
သော လူထုလှုပ်ရှားမှုကြီးများမှ အောင်မြင်မှုများ
ကို ဆွတ်ခူးရရှိခဲ့သူများ ဖြစ်ကြသည်။ မြန်မာ့
ခေတ်ဆန်းသမိုင်းကို အောက်ခြေမှ ပုံဖော်ကြ
သူများတွင် ကျောင်းသားများနှင့် အခြားလူငယ်
များစွာ ပါဝင်ကြသည်။

ဤစစ်တမ်းသည် အရပ်ဘက်လူ့အဖွဲ့အစည်း
လေးခုမှ သတင်းအချက်အလက်များကို အသုံးပြု
ထားပြီး အရပ်ဘက် လူမှုဖွံ့ဖြိုးတိုးတက်မှုများကို
လုပ်ဆောင်နေကြသူများနှင့် မြန်မာလူငယ်
စေတနာ့ဝန်ထမ်းများ ရင်ဆိုင်နေရသော
ထူးခြားသော အခြေအနေများကို ပုံဖော်ပြသပေး
မည်ဖြစ်သည်။ မတူညီသော ဖြစ်စဉ်များတွင်
ပါဝင်သူများ၏ ကတိကဝတ်များကို လုပ်ဆောင်မှု
များဖြစ်စေရန် လှုံ့ဆော်ပေးခြင်းဖြင့် - သဘာဝ
ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်သူများ၊
လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် လူနည်းစု
တိုင်းရင်းသား အခွင့်အရေး ဆောင်ရွက်ကြသူများ
- ခြားနားသော ပမာဏများနှင့်
မတူညီသောရင်းမြစ်များကို အသုံးပြုခြင်းဖြင့်
အတွေ့အကြုံများနှင့် လက်တွေ့လုပ်ဆောင်မှု
များတွင် အရေးကြီးပြီးထပ်လျက်ရှိနေသည်များ
ကို ဤသုတေသနစစ်တမ်းတွင် ထုတ်ဖော်ထား
သည်။ မြန်မာနိုင်ငံမှ တက်ကြွလှုပ်ရှားသူ
လူငယ်များသည် သူတို့အပေါ်ရှိ သမိုင်းကြောင်း
များကို နှစ်နှစ်ကာကာ ခံစားကြသည်။
ဤစစ်တမ်းမှ တက်ကြွလှုပ်ရှားသူလူငယ်များ၏
အကြောင်းအရာများသည် သူတို့၏ ပတ်ဝန်းကျင်
အသိုင်းအဝိုင်း အတွင်းအပြုသဘောဆောင်သော
ပြုပြင် ပြောင်းလဲမှုများကို တိုက်တွန်းအားပေးရန်
နှင့် သူတို့ ကိုယ်စားပြုသော အကြောင်းအရာများ
ကို တိုးတက်စေရန် တာဝန်များအဖြစ် ခံယူထား
ကြသည်ကို ထုတ်ဖော်ပြနေသည်။
လူငယ်များစွာသည် တရားမျှတမှု မရှိသည်များကို
မျက်မြင်တွေ့ကြသောအခါ စိတ်လှုံ့ဆော်မှု
ဖြစ်ကြပြီး အချို့သူများသည် အလုပ်ရုံ ဆွေးနွေးပွဲ
များမှ မိတ်ဆွေများ၊ ပါဝင်တက်ရောက်သူများနှင့်
စကားပြောကြလျှင်လည်း စိတ်တွန်းအား
ရရှိကြသည်။ လူငယ်များသည် သူတို့၏
ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကြောင်းမှု
ဆိုင်ရာ တိုးတက်မှုများအတွက် အရေးပါသော
အကြောင်းအရာများအဖြစ် အရပ်ဘက်
အဖွဲ့အစည်းများတွင် ပါဝင်ခြင်းမှ ရရှိသော
အကျိုးကျေးဇူးများဖြစ်သည့် အရည်အသွေးများ
နှင့် ချိတ်ဆက်မှုများကို ညွှန်းဆိုကြသည်။

လူမှုရေးရာလှုပ်ရှားမှုများ လုပ်ဆောင်ရန်
ပေးဆပ်ရခြင်းများရှိသည်။ မြန်မာနိုင်ငံ၏ လက်ရှိ
ဖြစ်ပျက်နေသော ဒီမိုကရေစီနှင့် စီးပွားရေး ဖွံ့ဖြိုး
တိုးတက်မှုများ၊ လူမှုဖွံ့ဖြိုးတိုးတက်မှုများနှင့်
နိုင်ငံ့ရေးရာများတွင် ပါဝင်ဆောင်ရွက်ခြင်းများ
မပြုလုပ်ရန်သာ မိသားစုဝင်များက တိုက်တွန်း
ကြသည်။ မိဘများသည် သူတို့သားသမီးများ
ရင်ဆိုင်ရနိုင်သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု
အန္တရာယ်များ၊ တက်ကြွလှုပ်ရှားသူများ သို့မဟုတ်
စေတနာ့ဝန်ထမ်း ပြုလုပ်ခြင်းကြောင့် ပေးဆပ်ရ
မည့်အရာများနှင့် ချက်ချင်းထိရောက်မှုရှိလာမည့်
ငွေကြေးရေးရာများ၊ ပညာသင်ကြားရန် အချိန်မရ
ဖြစ်ခြင်းများ၊ ယနေ့တက်ကြွလှုပ်ရှားမှုများ
ကြောင့် မနက်ဖြန်များ၏ အလုပ်အကိုင်
အခွင့်အလမ်းဆုံးရှုံးမှုများ ဖြစ်လာနိုင်ခြေများ
အတွက် စိတ်ပူကြသည်။ ပိုမိုဆင်းရဲသူများနှင့်
ဖယ်ကြဉ်ခံထားရသော အသိုက်အဝန်းများမှ
မိသားစုများအကြားတွင် စိုးရိမ်ပူပန်ခြင်းများ
ပိုမိုဖြစ်ကြသည်။

အုပ်ချုပ်ရေးအသစ်စတင်လွှဲပြောင်းတာဝန်ယူချိန်
တွင်လည်း ဗြိတိသျှကောင်စီနှင့် VSO တို့သည်
အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့်
အတူတကွဆက်လက်ကြိုးပမ်းရင်း ထွန်းလင်း
တောက်ပသည့် ဒီမိုကရေစီလမ်းကြောင်းကို
အတူ ပုံဖော်သွားကြပါမည်။

**Joyce Laker**
ဒါရိုက်တာ VSO

**Sarah Deverall**
ဒါရိုက်တာ ဗြိတိသျှ ကောင်စီ မြန်မာ



ယခုနှစ် ခြေလှမ်းသစ်မြန်မာ စစ်တမ်းသည်
မြန်မာနိုင်ငံ ယခင်ကာလများထက် စိန်ခေါ်မှုများ
တိုးများလာသည်ကို ရင်ဆိုင် နေရသော
အချိန်ကာလတွင် ထွက်ရှိခဲ့သည်။
မျှော်လင့်မထားသည့် ကမ္ဘာ့ကပ် ရောဂါကြီး
ကျရောက်ပြီးနောက် ဆယ်စုနှစ်များစွာ
လျစ်လျူရှုခံခဲ့ရသော များစွာသော ကဏ္ဍများနှင့်
အဖွဲ့အစည်းများသည် ကိုဗစ် ၁၉ကြောင့်
ထိခိုက်မှုများ ပိုမိုဖြစ်ပေါ်စေခဲ့သည်။
ယိုယွင်းနေသော ကျန်းမာရေး စောင့်ရှောက်မှု
များသည် တိုးမြင့်လာသော ကူးစက်ရောဂါများကို
အန်တုရန် ရုန်းကန်နေရသည်။
စာသင်ခန်းများလည်း ပိတ်ထားလျက်ရှိပြီး
ဤနှစ်၏ ဒုတိယမြောက် သုံးလတာကာလအထိ
ကျောင်းများလည်း ပြန်မဖွင့်နိုင်သေးပါ။ စီးပွားရေး
လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများသည်လည်း
တစ်စိတ်တစ်ပိုင်း ပိတ်ထားဆဲသာ ရှိနေပါသည်။
လက်ရှိတွင် စီးပွားရေးကပ်ကြီးအဖြစ်
မဖြစ်သေးလျှင်ပင် ဆယ်စုနှစ်တစ်ခုအတွင်း
ဖြစ်လာနိုင်ပြီး စောင့်ဆိုင်းလျက် ရှိနေသည်။

မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အကြောင်း
ပြောရမည်ဆိုလျှင် ဒုတိယမြောက် သမိုင်းဝင်
ရွေးကောက်ပွဲကြီး အကြောင်း မညွှန်းဆို၍ မရပါ။
၂၀၁၅ ခုနှစ်ကဲ့သို့ ခန့်မှန်းခြေ ၇၀ ရာခိုင်နှုန်းသော
မဲပေးသူများသည် မဲပေးခဲ့ကြသည်။ မဲပေးခွင့်ရှိသူ
၃၇ သန်းရှိကြပြီး ငါးသန်းသည် အသက်၁၈ နှစ်မှ
၂၂ နှစ်ကြား ပထမဆုံး မဲပေးသူများ ဖြစ်ကြသည်။
ရွေးကောက်ပွဲဝင်ပြိုင်သော လူငယ်များစွာ
မရှိသေးသော်လည်း ပြီးခဲ့သည့်
ရွေးကောက်ပွဲထက် အနည်းငယ်ပိုများပါသည်။
လာမည့်ရွေးကောက်ခံအစိုးရသည် နောက်ငါးနှစ်
အတွက် လည်း များစွာသော စိန်ခေါ်မှုများနှင့်
မျှော်လင့်ချက်များစွာ တန်းစီရှိနေပါသည်။
ဤစစ်တမ်းသည် အစိုးရ တာဝန်ရှိသူများနှင့်
အေဂျင်စီများအတွက် အနာဂတ်လူငယ်များ၏
အားသာချက် ၁၀ ချက်ကို အကြံပြု ဖော်ညွှန်းပေး
ထားပါသည်။

လူငယ်တက်ကြွလှုပ်ရှားမှုများသည် ကျွန်ုပ်တို့
ယနေ့တွေ့မြင်နေရသော မြန်မာနိုင်ငံဖြစ်စေရန်
လမ်းခင်းပေး ခဲ့ခြင်း ဖြစ်သည်။ တစ်သီးပုဂ္ဂလနှင့်
အငယ်ဆုံး ကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့တော်
စည်ပင်သာယာရေး ကော်မတီ ရွေးကောက်ပွဲတွင်
၂၀၁၉ ခုနှစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်
အတွေ့အကြုံအရ ပြီးခဲ့သော
အမှောင်ကျနေ့ရက်များကဲ့သို့ နိုင်ငံရေးနှင့်
အစိုးရပိုင်းများတွင် လူငယ်ပါဝင်မှုများကို
ပိတ်ပင်ထားဆဲ ဖြစ်သည်။ လူငယ်များသည်
တိုးတက်ပြောင်းလဲမှု အခွင့်အလမ်းများ
ဖြစ်စေရန် ထိုးထွင်းတီထွင်ဉာဏ်များဖြင့်
မေးခွန်းများ ထုတ်လျက်ရှိကြသည်။ မြန်မာနိုင်ငံရှိ
လူငယ်များ၏ ယခုကဲ့သို့ အရည်အသွေးများ
ကြောင့် ဤစစ်တမ်း၏ ရှာဖွေတွေ့ရှိချက်များနှင့်
အကြံပြုချက်များတွင် မြန်မာနိုင်ငံအတွက် လွန်စွာ
လိုအပ်လျက်ရှိသော၊ အလားအလာရှိသော
လူငယ်ခေါင်းဆောင်များ၏ တိုးတက်မှုများနှင့်
ဖွံ့ဖြိုးမှုများကို လုပ်ပိုင်ခွင့်ပေးခြင်းနှင့်
အခွင့်အလမ်းများဖွင့်ပေးရန်
အထူးလိုအပ်နေသည်။

ဤစစ်တမ်းကို ဖတ်ရှုသူအားလုံးကို
ကျွန်တော်တိုက်တွန်းလိုသည်မှာ မိမိတို့၏
အတွေ့အကြုံများကို ပြန်လည် သုံးသပ်ကြပါ။
ကျွန်ုပ်တို့၏ ကိုယ်ပိုင် ရိုးရာ ယဉ်ကျေးမှုများဖြင့်
ကျွန်ုပ်တို့ ကိုယ်တိုင် ပဋိပက္ခများ ဖြစ်ပွားလာ
ကြသည်။ ကျွန်ုပ်တို့၏ အစိုးရနှင့် နိုင်ငံရေးစနစ်
ပြောင်းလဲလာသော်လည်း ကျွန်ုပ်တို့၏
ယဉ်ကျေးမှု ရိုးရာအစွဲ များကမူ ကျန်ရစ်လျက်သာ
ရှိနေပါသည်။ လွတ်လပ်စွာ ပြောဆိုခွင့်မကျိုးနှင့်
အသိပညာ ဆိုင်ရာ စကားရည်လုခြင်းများကို
အားပေးမှုများ ပြုလုပ်သင့်ပြီး ယဉ်ကျေးမှုဆိုင်ရာ
အကြောင်းအရာများတွင်ပင် စိစစ်မှုများနှင့်
ပတ်သက်သည်များကို စိန်ခေါ် ရဦးမည်
ဖြစ်သည်။ ထို့အတူ လူမှုကွန်ရက်
အသုံးများသော ခေတ်ကြီးတွင် စာရိတ္တ၊
ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်ဆိုင်ရာများကို
စိစစ်မထားခြင်းသည် အန္တရာယ်နှင့်
မတည်ငြိမ်မှုများကို ဖန်တီးပေးနိုင်သည်။

ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းစီသည်
စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးရာ
လုပ်ငန်းများတွင် လူမှုနိုင်ငံရေး ပတ်ဝန်းကျင်ကို
လူငယ်များစွာ ပါဝင်ခြင်းဖြင့် ပိုမိုကောင်းမွန်
အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယခုကဲ့သို့
စာတမ်းများသည် နောက်ထပ်ကြိုးပမ်းအားထုတ်
မှုများအတွက် အားထားရာစာတမ်းတစ်ခု
ဖြစ်ပါသည်။

**Alex အောင်ခန့်၊**
**Urbanize: Policy Institute for Urban and Regional Planning**

# မိတ်ဆက်နှင့် အကျဉ်းချုပ် ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံတွင် လူငယ်တက်ကြွလှုပ်ရှားမှု သမိုင်းကြောင်းများစွာရှိခဲ့ပြီး ထင်ရှားသော ခေါင်းဆောင်များသည် အခြေအနေဆိုး၊ စနစ်ဆိုးများ အပေါ်ဆန့်ကျင့်သည် စည်းရုံးရေးသမားများ၊ ဆန္ဒထုတ်ဖော်သူများအဖြစ် အစပြုခဲ့သူများ ဖြစ်ကြသည်။

ဒေါ်အောင်ဆန်းစုကြည် ပြီးနောက် သြဇာတိက္ကမ အရှိဆုံးဟု ဖော်ပြခံရသူတစ်ဦးဖြစ်သူ မင်းကိုနိုင်သည် ရှစ်လေးလုံး အရေးတော်ပုံကြီးတွင် တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ် စတင်ခဲ့သူဖြစ်သည်။ ၁၉၈၈ ၏ တက်ကြွလှုပ်ရှားသူ နောက်တစ်ဦးမှာ ပြုံးချိုဖြစ်သည်။ သူသည် မြန်မာပါလီမန် ရွေးကောက်ပွဲသို့ မဝင်ရောက်မီတွင် ဆယ်စုနှစ်များစွာ နိုင်ငံရေး အကျဉ်းသားအဖြစ် အကျဉ်းကျခံခဲ့ရသူဖြစ်သည်။ ၁၉၃၆ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးဆော်သြသူ စာရေးဆရာ လူထုဒေါ်အမာသည် ကျောင်းသားဘဝ၌ နောင်တစ်ချိန်တွင် လွတ်လပ်ရေးခေါင်းဆောင် ဖြစ်လာသော ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာသော ဦးနုတို့နှင့်အတူ တက္ကသိုလ်သပိတ်မှောက်ပွဲများကို ဦးဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် တက်ကြွလှုပ်ရှားသူလူငယ်များ၏ အစဉ်အလာသည် စဉ်ဆက်မပျက် သိသာထင်ရှားစွာ အသိအမှတ်ပြုရမည့် သိသာထင်ရှားသော လက္ခဏာတစ်ခုဖြစ်သည်။ လူငယ်ချိတ်ဆက်လုပ်ဆောင်မှုများသည် ဆန္ဒပြပွဲများဟု လူသိများသည့် ကျောင်းသားတက်ကြွလှုပ်ရှားမှုများဖြစ်သည်။ ယင်းလှုပ်ရှားမှုများသည် များသောအားဖြင့် ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည်။ အထက်ဖော်ပြပါ တက်ကြွလှုပ်ရှားမှုများသည် ရန်ကုန်တက္ကသိုလ်တွင်သာ အစပြုခဲ့ကြသည်။ မြန်မာ့အတိုက်အခံ လှုပ်ရှားမှုများသည် လွတ်လပ်ရေးအကြိုမှ ဒီမိုကရေစီခေတ်ဦးအထိ ယေဘုယျအားဖြင့် တူညီသည့် ပုံရိပ်များရှိကြသည်။ ပိုစတာများကိုင်ဆောင်ကာ ကျောင်းသားများ အုပ်စုလိုက် လမ်းထွက်ဆန္ဒပြခြင်းသည် သမိုင်းကြောင်း၏ ဗဟိုချက်ဖြစ်သည်။

အပြောင်းအလဲများ ဖြစ်ပေါ်နေပြီ ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်မှ စတင်ကာ မြန်မာ့လူ့အဖွဲ့အစည်းတွင် မျိုးဆက်အဆက်ဆက် မမြင်ခဲ့ဖူးသော အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ ဒီမိုကရေစီအခြေပြု ရွေးကောက်ပွဲကြီးကျင်းပခဲ့ပြီး တင်းကြပ်ခံခဲ့ရသော အရပ်ဘက်လွတ်လပ်ခွင့်များလည်း အပြည့်အဝ မဟုတ်သော်လည်း ပြေလျော့လာနေပြီဖြစ်သည်။ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေး နည်းပညာများကိုလည်း နေရာအနှံ့ အပြားတွင် စမတ်ဖုန်းများ၊ ဖေ့စ်ဘုတ်များ အသုံးပြုကာ လျင်မြန်ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ ယခင် ပြုပြင်ပြောင်းလဲရေးဆော်သြသူ ခေါင်းဆောင်များနှင့်လူထုခေါင်းဆောင်များ အပါအဝင် အခြားနိုင်ငံများတွင် နေထိုင်နေကြသော မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိ လာကြသည်။ ယနေ့ အခြေခံဖွဲ့စည်းပုံသည်တက်ကြွလှုပ်ရှားသူများအတွက် မြေအောက် လှုပ်ရှားမှုပုံစံဖြင့် ပုံးလျှိုးကွယ်လျှိုးလုပ်ဆောင်ရန် မလိုတော့ပါ။ လက်ရှိကာလတွင် မိမိတို့၏ မကျေနပ်ချက်များ၊ ထောက်ခံချက်များကို ပွင့်လင်းမြင်သာစွာ တင်ပြပြောဆိုနိုင်ပြီဖြစ်သည်။ လေ့လာသုံးသပ်သူများ မှတ်တမ်းတင်ကြသည်မှာ မြန်မာနိုင်ငံတွင် ကျောင်းသားသပိတ်မှောက်သူများ၏ ပုံရိပ်များသည် ၂၀၁၀ ပြည့်ခုနှစ် ပြုပြင်ပြောင်းလဲမှုများတွင် ဆယ်စုနှစ်များစွာကထက် သက်ရောက်မှုနည်းလာကြသည်။ [၁] ယနေ့လူငယ်တက်ကြွလှုပ်ရှားမှုများသည် ရှေးယခင်မှ တက်ကြွလှုပ်ရှားမှုများနှင့် မတူနိုင်ကြပါ။

ထိုသို့ဆိုပါက ယနေ့ခေတ် တက်ကြွလှုပ်ရှားမှုများသည် မည်ကဲ့သို့ ပုံသဏ္ဍာန်ရှိသနည်း။ ယနေ့ခေတ် လူငယ်များ စိတ်ဝင်စားသည့် လူမှုရေး၊ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းသည့်ပုံစံနှင့် ပတ်သက်ပြီး လေ့လာသူများက နားလည်ရန် ကြိုးစားနေကြသည်။ ၂၀ ရာစု ပြုပြင်ပြောင်းလဲရေးဆော်သြသော လှုပ်ရှားမှုများတွင် အဓိက ကျခဲ့သော လူငယ်လှုပ်ရှားမှုများ အထူးသဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည် လူမှုဗေဒနှင့်သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ရှိခဲ့သည်။ [၂] လူမှုရေးဆိုင်ရာများ[၃] သို့မဟုတ် မြန်မာ့ငြိမ်းချမ်းရေး ဆိုင်ရာ ဖြစ်စဉ်များ[၄] ကဲ့သို့ သက်ဆိုင်ရာ လှုပ်ရှားမှုများတွင် လူငယ်လှုပ်ရှားမှုများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။ ဤစာတမ်း၏ ရည်ရွယ်ချက်သည် ယနေ့ခေတ် လူငယ် တက်ကြွလှုပ်ရှားမှုများကို ဖော်ညွှန်းနိုင်သည့် စာတမ်းတစ်ခု ဖြစ်ရန်ဖြစ်သည်။

### ၁။ ဖွင့်ဆိုချက် - ငယ်ရွယ်သူနှင့် လူငယ်

ဤစာတမ်းတွင် လူငယ်ဟူသည် အသက် ၁၈ နှစ်မှ ၃၂ နှစ် ကြားရှိသူများ ဖြစ်ပြီး မြန်မာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ [၁]

လူငယ်နှင့် ငယ်ရွယ်သူကို အပြန်အလှန် ပြောင်းလဲ အသုံးပြုထားပါသည်။

### ၂။ ဖွင့်ဆိုချက် - တက်ကြွလှုပ်ရှားမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု

ဤစာတမ်းတွင် လူငယ်တက်ကြွလှုပ်ရှားမှုများနှင့် လူငယ် ချိတ်ဆက်ဆောင်ရွက်မှုများကို အပြန်အလှန် ပြောင်းလဲ သုံးစွဲထားပါသည်။ ဤစကားလုံး နှစ်လုံးသည် လူငယ်တစ်ဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ နိုင်ငံရေးရာနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြောင်းလဲမှုတစ်ခု ဖြစ်မြောက်ရန် စနစ်ကျသည့် လုပ်ငန်းများကို ရည်ရွယ်ပါသည်။

လူငယ်တက်ကြွလှုပ်ရှားသူများဟူသည် အသက် ၁၈ နှစ်မှ ၃၂ နှစ် အကြား လှုပ်ရှားမှုများကို ဦးဆောင်သူများ သို့မဟုတ် ပါဝင်ဆောင်ရွက်သူများကို ဆိုလိုပါသည်။

၁ > Menager (၂၀၁၇) ကို ကြည့်ပါ။

၂ > Taylor(၂၀၀၉) ကို ကြည့်ပါ။

၃ > လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူငယ်များ၏ လုပ်ဆောင်မှုများ Maber (2014), Hedström (2015) နှင့် Svensson (2015) ကိုကြည့်ပါ။

၄ > မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် ပတ်သက်ကာ လူငယ်များ၏ လုပ်ဆောင်မှုများ ကို Grizelj (2017), Tickner et.al. (2018), Paung Sie Facility (2017), Grizelj (2016), Smith (2017), Smith နှင့် Hald (2018) ကိုကြည့်ပါ။



ဤစာတမ်းတွင် ဖော်ပြထားသည့် ယနေ့ခေတ် တက်ကြွလှုပ်ရှားသူ လူငယ်များသည် အနာဂတ်ကာလတွင် နိုင်ငံ့ ခေါင်းဆောင်များ ဖြစ်လာနိုင်ကြသည်။ ထို့ပြင် ထောက်ပံ့ကူညီပေးရန် ရည်ရွယ်ထားသော အလှူရှင် အေဂျင်စီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ အကူအညီပေးကြရန် ရည်ရွယ်သည်။

လူငယ်တက်ကြွလှုပ်ရှားသူတိုင်း၏ တက်ကြွလှုပ်ရှားမှုများ အားလုံးကို ဤစာတမ်းတွင် မဖော်ပြနိုင်ပါ။ ဤစာတမ်းသည် အခြေအနေ ဖြစ်စဉ် (၄) ခု အပေါ်တွင်သာ နက်ရှိုင်းစွာ လေ့လာထားပြီး မေးခွန်း (၅) ခုအပေါ် ပုံဖော်ထားသည့် စာတမ်းတစ်စောင်ဖြစ်သည်။ ဖြစ်စဉ်တစ်ခုသည် ရန်ကုန်အခြေစိုက် ကျောင်းသားများကို မီးမောင်းထိုးပြပြီး အခြားဖြစ်စဉ်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်များမှ တက်ကြွလှုပ်ရှားသူများအကြောင်း ဖြစ်သည်။ ၎င်းတို့၏ အခြေအနေများကို အရည်အသွေး အခြေပြုဖော်ညွှန်းရာ ပုံစံအဖြစ် အသုံးပြုခဲ့ပြီး မြန်မာပြည်တစ်ဝန်းလုံးတွင်လည်း စစ်တမ်းများကောက်ခံခဲ့သည်။

ဤစစ်တမ်းသည် လူငယ်များ၏ အမြင်နှင့် ယနေ့ခေတ် တက်ကြွလှုပ်ရှားမှုဆိုင်ရာ ကျင့်သုံးပုံများကို ဖော်ပြထားသည်။ တက်ကြွလှုပ်ရှားသူ လူငယ်များသည် ရပ်ရွာအကျိုးပြုရန် တာဝန်သိစိတ်ဖြင့် ပြုလုပ်သည်ကို နားလည်ထားကြသည်။ အများစုသည် နေ့စဉ်နှင့်အမျှ ကြုံဆုံနေရသော မတရားမှုများ အတွေ့အကြုံများမှ လှုံ့ဆော်မှုများ ဖြစ်လာကြသည်။ အများစု၏ ဖြေကြားချက်များအရ စိတ်လှုံ့ဆော်မှုများသည် လူငယ်လှုပ်ရှားမှုများနှင့် အခမ်းအနားများမှ ရရှိကြခြင်းဖြစ်သည်။

ဤစာတမ်းသည်လူငယ်များတက်ကြွလှုပ်ရှားသူများ၏ သက်ဆိုင်ရာ လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် သူတို့၏ ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိနိုင်စေရန် ဖော်ပြ ပေးမည် ဖြစ်သည်။

စီးပွားရေးအဟန့်အတားများသည် လူငယ်ပါဝင်မှုများအတွက် အဟန့်အတား ဖြစ်စေနိုင်ပြီး အတွေ့အကြုံ မပြည့်ဝသော လူငယ် အဖွဲ့အစည်းများသည် ရန်ပုံငွေ ရှာဖွေရန်လည်း ခက်ခဲကြသည်။ လူငယ်လှုပ်ရှားမှုများသည် မှန်ကန်သော ခေါင်းဆောင်မှုများဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စိန်ခေါ်မှုများလည်းရှိသည်။ ထိရှလွယ်သော နိုင်ငံရေးရာများတွင် ပါဝင်ကြသူ လူငယ်များသည်လည်း တရားစွဲဆိုမှုများကို ရင်ဆိုင်ကြရသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့သော်လည်း ဆက်လက် ပြုပြင်ပြောင်းလဲရမည့် အကြောင်းအရာများစွာ ကျန်ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ရာတွင် တရားမဝင် ဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင်တစ်ခုလည်း ရှိနေဆဲဖြစ်သည်။ ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် တက်ကြွလှုပ်ရှားသူများ လုပ်ဆောင်နေသော အစီအစဉ်များကို ရပ်နားခဲ့ရပြီး လူအချင်းချင်း တွေ့ဆုံခွင့် မရှိတော့ဘဲ အွန်လိုင်းမှသာ ချိတ်ဆက်နိုင်ကာ အခြေအနေများကို ပို၍ပင် ရှုပ်ထွေးလာစေသည်။

ဤစာတမ်း၏ ရှာဖွေတွေ့ရှိချက်များသည် လူငယ်တက်ကြွလှုပ်ရှားမှုများအကြောင်းကို စိတ်ပါဝင်စားကြသူများနှင့် အဖွဲ့အစည်းများကို အကြံပြုချက်များ ပေးနိုင်သည်။ လူငယ်အဖွဲ့အစည်းများအတွက် ရည်ရွယ်ပြီး နိုင်ငံတကာ အလှူရှင်များ၊ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံအစိုးရများက ဤအချက်အလက်များကို အသုံးပြုကာ မြန်မာနိုင်ငံရှိ လူငယ်တက်ကြွလှုပ်ရှားမှုများ ရှင်သန်လာစေရန် အားပေးနိုင်ရန်ဖြစ်သည်။ ဤအကြံပြုချက်များသည် ဖော်ပြပါ ဖြစ်စဉ်များနှင့် အစီရင်ခံစာများကို အကြံပေးဘုတ်အဖွဲ့နှင့် သက်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ လူငယ်များဖြင့် ပူးပေါင်းပြီး ပြန်လည်မွမ်းမံကာ ဖော်ပြထားခြင်းဖြစ်သည်။ [၅]

မင်းကိုနိုင် တစ်ခါက ပြောခဲ့ဖူးသည်မှာ ငယ်စဉ်က သူ၏ တက်ကြွလှုပ်ရှားမှုများသည် ယခုကဲ့သို့ ကြာရှည်ကာ ခက်ခဲလိမ့်မည်ဟု မတွေးထင်ခဲ့ပါဟု ဆိုခဲ့သည်။ [၆] နိုင်ငံရေးရာနှင့် လူမှုရေးရာများကို ပြောင်းလဲမှု ပြုလုပ်ခြင်းသည် အစဉ်အမြဲ ခက်ခဲလှပါသည်။ သို့သော်လည်း အန္တရာယ်များပြားရန် မလိုအပ်ပါ။ တက်ကြွလှုပ်ရှားသူများ၏ ရှုထောင့်များနှင့် နားလည်သဘောပေါက်မှုများကို သိထားခြင်းအားဖြင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ လိုအပ်လျက်ရှိသော ပိုမိုကောင်းမွန်ပြီး တရားမျှတမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ခုကို မြန်မာနိုင်ငံတွင် ဖန်တီးနိုင်မည်ဖြစ်သည်။

၅ > ကွဲပြားသော နောက်ခံများ၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများအပေါ် အခြေခံကာ လူငယ်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အကြံပေးအဖွဲ့

၆ > ပြိတိသျှကောင်စီ (၂၀၂၀) ကို ကြည့်ပါ။

# အခန်း - ၁
# မည်ကဲ့သို့ ဆန်းစစ်လေ့လာခဲ့သနည်း?

စစ်တမ်းမေးခွန်းများ သမာသမတ်ရှိစေရန် စစ်တမ်းကို အရည်အသွေးပိုင်း အခြေပြုမေးခွန်းမေးမြန်းခြင်း နည်းလမ်းသာမက အရေအတွက် အခြေပြုမေးခွန်း မေးမြန်းခြင်း နည်းလမ်းနှစ်ခုစလုံးကို ရောနှောအသုံး ပြုထားပါသည်။ အသေးစိတ်အချက်အလက်များနှင့် သဘောလက္ခဏာများကို ရှာဖွေနိုင်ရန် ဤစစ်တမ်း သည် ဖြစ်ရပ်မှန် ဖြစ်စဉ်များကို အခြေပြုထားသည်။ သုတေသီများသည် နိုင်ငံတစ်ဝန်းမှ တက်ကြွလှုပ်ရှား သူများထံ သွားရောက်ကာ ထိုသူများ၏ လှုပ်ရှားမှုများ ကိုပါ သေချာစွာစောင့်ကြည့် လေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် တက်ကြွလှုပ်ရှားသူများဖြင့် နီးစပ်သူများကို အဖွဲ့လိုက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

တက်ကြွလှုပ်ရှားသူများ လုပ်ဆောင်နေသော အကြောင်းအရာများ ၎င်းတို့ကို မည်ကဲ့သို့ ဆောင်ရွက်နေသည်၊ သူတို့၏ လှုပ်ရှားမှုအစီအစဉ် များတွင် မည်ကဲ့သို့ ငွေကြေးရှာဖွေသည်၊ မည်သည့် နေရာတွင် နေထိုင်သည်နှင့် မည်သူများဖြင့် တွဲဖက် လုပ်ဆောင်လျက်ရှိသည် စသောအကြောင်းအရာ များအပေါ်မူတည်ကာ ကွဲပြားခြားနားသော ဖြစ်ရပ်မှန် ဖြစ်စဉ် လေးခုကိုရွေးချယ်ခဲ့ပါသည်။ ပြီးခဲ့သော စစ်တမ်းများအရ လေ့လာမှုနည်းခဲ့သော အကြောင်း အရာများကို ပိုမိုလေ့လာခဲ့သည်။[၇] ဤဖြစ်ရပ်များ သည် တက်ကြွလှုပ်ရှားသူလူငယ်များ၏ ဖြစ်စဉ်တစ်ခု လုံးနှင့် အကျိုးသက်ရောက်မှုများကို မဖော်ပြနိုင်သော် လည်း ဤဖြစ်ရပ်မှန်ဖြစ်စဉ်များမှတစ်ဆင့် တက်ကြွ လှုပ်ရှားသူလူငယ်များနှင့် သက်ဆိုင်သည်များကို ဖွင့်ဟနိုင်မည့် လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြိုးပမ်းမှုများကို နက်နက်ရှိုင်းရှိုင်း စူးစမ်းနိုင်ရန်နှင့် လေ့လာဖော်ထုတ်နိုင်ရန် အထောက်အကူဖြစ်စေ ပါသည်။ အကြောင်းအရာ ဖြစ်ရပ်များကို မည်ကဲ့သို့ ရွေးချယ်ခဲ့သည်များကို ပိုမိုသိရှိစေရန် နောက်ဆက်တွဲ - ၁ တွင် ကြည့်ရှုနိုင်ပါသည်။

နိုင်ငံလုံးဆိုင်ရာစစ်တမ်းများကိုဖြစ်ရပ်မှန်လေ့လာမှု များမှတစ်ဆင့် ရှာဖွေလေ့လာခြင်းဖြင့် အခြေအနေ များကို တိကျစွာ သိမြင်နားလည်စေပြီး သက်ဆိုင်ရာ အကြောင်းအရာ အခြေအနေအရပ်ရပ်ကို သဘောထားအမြင်ကျယ်စွာဖြင့် နားလည်စေရန် ဖြစ်သည်။ ဤသုတေသနသည် ပဋိပက္ခများ ဖြစ်ပွားနေသောကြောင့် သွားလာရန် မလုံခြုံသော အချို့ဒေသများမှလွဲ၍ နိုင်ငံတစ်ဝန်းရှိ ကျန်ဒေသ များအားလုံးမှ လူငယ် ၁,၆၀၀ ကျော်ကို ကိုယ်စားပြု ဖော်ပြထားခြင်းဖြစ်သည်။[၈]

ပဋိပက္ခဖြစ်သည့် နေရာဒေသမှ လေ့လာစစ်တမ်း ကောက်ယူရန် လစ်ဟင်းနေသည့်အချက်ကို အစားထိုး ဖြည့်စည်းခဲ့သည်။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များသည် အတိတ်ဖြစ်ရပ်များ အပေါ် ထင်ဟပ်စေသည့် ဖြစ်ရပ်များကို ပိုမိုသိရှိ စေရန် ဖြစ်စဉ်များတွင် လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အထူးပြုကာ သဘောထားအမြင်ကျယ်စွာ နားလည်နိုင်စေရန် ဖြစ်သည်။

ဖြစ်စဉ် အထောက်အထား လေးခုကို အောက်တွင် ဖော်ပြထားသည်။

ဖြစ်စဉ် အထောက်အထား (၁)

## ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

ကမ္ဘာတစ်ဝန်းရှိ လူငယ်များကဲ့သို့ပင် မြန်မာနိုင်ငံမှ လူငယ်များသည်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကိစ္စများကို စိတ်ဝင်စားမှုများ မြင့်တက်လာ လျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသား များဖွဲ့စည်းထားသောပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့က သက်သေပြနေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် သက်ဆိုင်ရာများအတွက် အခမ်းအနားများ ကျင်းပ ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းများ ပိုမိုဆောင်ရွက်ရန် လှုပ်ရှားမှုအစီအစဉ်များ ပြုလုပ်ကြသည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ သည် ရန်ကုန်တက္ကသိုလ်တွင်သာမက မြန်မာနိုင်ငံ တွင်ပါ ကျောင်းသားလူငယ်များဖြင့် ဖွဲ့စည်းထားသော သဘာဝပတ်ဝန်းကျင်အရေး ဆောင်ရွက်သည့် ပထမ ဆုံးအဖွဲ့ဖြစ်သည်။ အခြားသော ကျောင်းသားရေးရာ အဖွဲ့များကဲ့သို့ပင် တက္ကသိုလ် တာဝန်ရှိသူများက တရားဝင်အသိအမှတ်ပြုထားသော အဖွဲ့အစည်း မဟုတ်သည့်အတွက် စည်းဝေးခန်းမ အသုံးပြုခွင့်များ နှင့် အခြားအကျိုးခံစားခွင့်များ မရရှိပေ။ သို့သော် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ထိုအဖွဲ့အစည်းတွင် မှတ်ပုံတင် စာရင်းသွင်းထားပြီးဖြစ်သော အဖွဲ့ဝင် ၆၀ ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် တိုးတက်ရေးဆိုင်ရာများအတွက် အဖွဲ့လိုက် ဆွေးနွေးပွဲများကျင်းပရန် တက္ကသိုလ်၏ ဒိုင်းမွန်းဂျူဗလီဟောခန်းမကို အသုံးပြုခွင့်ရရှိခဲ့သည်။ ၎င်းသည် ၂၀၁၇ ခုနှစ် အဖွဲ့အစည်းကို စတင်ဖွဲ့စည်း ချိန်မှစတင်ကာ အသိအမှတ်ပြုခံသည့် မှတ်တိုင် တစ်ခုဖြစ်သည်။

ထိုအဖွဲ့ဝင် အများစုသည် ရန်ကုန်တက္ကသိုလ်နှင့် ချိတ်ဆက်ဖွင့်လှစ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများကို တက်ရောက် ကြသူများလည်းဖြစ်သည်။ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ ဖြင့် ချိတ်ဆက်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာ အသိုက်အဝန်းတစ်ခု တည်ထောင်ရန် အဖွဲ့၏ မျှော်မှန်းချက်အဖြစ်ထားရှိပြီး ထိုပန်းတိုင် ရောက်ရှိစေရန် နည်းလမ်းများကို ခေါင်းဆောင် အဖွဲ့ဝင် ၁၅ ဦး အပတ်စဉ် တွေ့ဆုံဆွေးနွေးကြသည်။

တက္ကသိုလ်များအပေါ် မူတည်ပြီး အဖွဲ့၏ လှုပ်ရှား ဆောင်ရွက်မှုများကို အမျိုးအစားသုံးမျိုး ခွဲခြားထား သည်။

၁။ လူထုနှင့် ကျောင်းသားများကို အသိပညာပေးခြင်းများ။
၂။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသော ကျောင်းပရဝဏ် ဖြစ်စေရန်အတွက် ကျောင်းအာဏာပိုင်များဖြင့် ဆွေးနွေးခြင်းများ။
၃။ တက္ကသိုလ်များ အစိမ်းရောင် ကွန်ရက် (Universities Green Network) ကဲ့သို့သော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပြီး ကွန်ရက်တစ်ခု တည်ဆောက်ခြင်း။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ သည် ၂၀ ရာစု မြန်မာ့နိုင်ငံရေး၏ လိုအပ်ချက် အခရာဖြစ်သော တက္ကသိုလ်လှုပ်ရှားမှုများ၏ လက်ရှိ နမူနာတစ်ခုဖြစ်သည်။ အပြောင်းအလဲများ ဖြစ်ပေါ် နေပြီ ဖြစ်သော်လည်း မှတ်တမ်းတင်ထားပြီးဖြစ်သော ပြီးခဲ့သော မျိုးဆက်ဟောင်း ကျောင်းသားများ၏ ကျောင်းသားအရေး လှုပ်ရှားဆန္ဒပြခြင်းများကြောင့် ထိခိုက်မှုများ ရှိနေဆဲဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့အစည်းသည် ကန့်ကွက်ဆန့်ကျင်ခြင်းများကိုလျှော့ချပြီး ကွန်ရက် ချိတ်ဆက်ခြင်းများဖြင့် ပုံဖော်နေသော ကွဲပြားသည့် ပုံစံရှိသော တက္ကသိုလ်များမှ ခေတ်ပြိုင်ကျောင်းသား လှုပ်ရှားမှုများ၏ နမူနာတစ်ခုဖြစ်သည်။

ဖြစ်စဉ် အထောက်အထား (၂)

## ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ

ကွတ်ခိုင်ရှိ ကချင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ခန်းမရှေ့ဝင်ပေါက်တွင် မော်တော်ဆိုင်ကယ်များစွာ စီတန်း ရပ်နားထားသည်။ ထိုခန်းမသည် လူငယ်များ အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရာနေရာ ဖြစ်ပြီး ထိုအဆောက်အအုံဘေးတွင် ကချင်ရိုးရာ ယဉ်ကျေးမှုကို ဖော်ညွှန်းသော သင်္ကေတများနှင့် ယဉ်ကျေးမှုရိုးရာပစ္စည်းပုံများ ပါဝင်သော ကြီးမား သောဗီနိုင်းကြီးကို လွှင့်ထူထားသည်။

ထိုဗီနိုင်းကြီးတွင် "ရှမ်းပြည်နယ်လူငယ်ရေးရာ ကော်မတီ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးရေး သင်တန်း"ဟု အဓိပ္ပာယ်ရသော ခေါင်းစီးစာတန်းကို ရေးသားထားသည်။ ထိုခေါင်းစီးစာတန်းဘေးတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ကွန်ရက်၊ လူမှုဝန် ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ၏ အမှတ်တံဆိပ်များကို ဖော်ပြထားသည်။

ထိုပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်းလူငယ်ရေးရာ ကော်မတီမှ ဦးစီးကျင်းပခြင်းဖြစ်သည်။ ပလောင်၊ ကချင်၊ ရှမ်း လူမျိုးများ အပါအဝင် ရှမ်းပြည်နယ် မြောက်ပိုင်းမှ ကွဲပြားသော လူမျိုးစု အသီးသီးမှ တက်ရောက်သူ ၃၉ ဦးခန့် စုစည်းတွေ့ဆုံကြခြင်း ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ လူငယ်များအတွက် အရေးကြီး လျက်ရှိသော အလုပ်အကိုင်အခွင့်အလမ်း အကြောင်းကို ဆွေးနွေးနေကြခြင်းဖြစ်သည်။ လားရှိုးမြို့တွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးလှပြီး ကျေးလက်ရှိ ကျေးရွာများတွင် ပို၍ပင် အလုပ်အကိုင် ရှားပါးလှသည်။ အစိုးရ၏ တပ်မတော်နှင့် များပြားလှ သော လူမျိုးစု လက်နက်ကိုင် တပ်ဖွဲ့ငယ်များ အကြားတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများသည် ပြည်သူလူထု၏ လုံခြုံရေးကို ခြိမ်းခြောက်နေခြင်း ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများကိုပါ ပျက်စီးစေသည်။

ရှမ်းပြည်နယ် မြောက်ပိုင်း လူငယ်ရေးရာကော်မတီကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လူငယ် မူဝါဒအရ ဒေသအတွင်းရှိ လူမျိုးစု၊ မျိုးနွယ်များအရ မတူကွဲပြားသော လူငယ်များအတွက် လူငယ်ဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန် ထိုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[၉]

ထိုအဖွဲ့သည် နိုင်ငံတစ်ဝန်းရှိ လူငယ်ရေးရာ ကော်မတီများ ဖွဲ့စည်းနိုင်စေရန် လူငယ်များအတွက် အစိုးရ ဝန်ကြီးဌာနများဆိုင်ရာ မူဝါဒ၏ အစိတ်အပိုင်း တစ်ခုလည်းဖြစ်သည်။ မူဝါဒများ အကောင်အထည် ဖော်ဆောင်နိုင်စေရန် ထိုလူငယ်ရေးရာကော်မတီ များကိုလည်း တာဝန်ပေးအပ်ပြီး အစိုးရမှ ထောက်ပံ့ ငွေများလည်း ပေးအပ်သည်။ မြန်မာနိုင်ငံတွင် ဗဟိုအဆင့်မှ မြို့နယ်အဆင့်အထိ အုပ်ချုပ်ရေးဆိုင်ရာ အလွှာအသီးသီးတွင် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းထားရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီဝင် ခုနစ်ဦးလုံးကို ၂၀၁၈ခုနှစ်တွင်ရွေးကောက်တင် မြှောက်ခဲ့ပြီး ထိုသူများအားလုံးမှာ စေတနာ့ဝန်ထမ်း များဖြစ်သည်။ ထိုသူများသည် သက်ဆိုင်ရာလုပ်ငန်း တာဝန်အသီးသီးရှိကြပြီး ကော်မတီတွင်လည်း ရာထူးတာဝန်များကာ ဝန်ဆောင်မှုများပေးကြသည်။ ကော်မတီတွင် ရာထူးများအရ ကွဲပြားသောလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရသည်။ လားရှိုးမြို့နယ် တွင် အခြေစိုက်ကြပြီး လူငယ်ရေးရာကော်မတီ၏ လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ပေးရန် အစည်း အဝေးများကို နှစ်ပတ်တစ်ကြိမ် ကျင်းပကြသည်။ ရုံဖန်ရုံခါတွင် ထိုအစည်းအဝေးကို အွန်လိုင်းမှ ကျင်းပ သည်။ ရှမ်းပြည်နယ် မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ၏ လှုပ်ရှားမှု အစီအစဉ်များတွင် အလုပ်ရုံ ဆွေးနွေးပွဲများ၊ ကမ်ပိန်းများနှင့် လူငယ်များကို ဦးတည်သောအခမ်းအနား အမျိုးမျိုးပါဝင်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ သည် ဒေသတွင်းရှိ လူငယ်များနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့်လည်း လိုက်ဖက်ညီစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ထိုအဖွဲ့အစည်းများတွင် ဒေသခံလူငယ်များစွာ ပါဝင်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်း လူငယ်ကွန်ရက် အဖွဲ့အစည်းလည်း အပါအဝင်ဖြစ်သည်။ အဖွဲ့ဝင်များ အကြားတွင် တူညီသော ရည်မှန်းချက်များ ရှိကြသော် လည်း ရှမ်းပြည်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ သည် အစိုးရမှ ထောက်ပံ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ကွန်ရက်မှာ အမှီအခိုကင်းစွာ သီးခြားရပ်တည်နေသော အဖွဲ့အစည်း တစ်ခုဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ သည် လက်နက်ကိုင် ပဋိပက္ခများကြောင့် ဆိုးကျိုး သက်ရောက်မှုများပြားသော မြန်မာနိုင်ငံရှိ မတူညီသော ဒေသများမှ လူမျိုးစုများ၏ လူငယ် တက်ကြွလှုပ်ရှားခြင်းဆိုင်ရာ ဖြစ်စဉ်များအတွက် ဆောင်ရွက်သည်။ အကြမ်းဖက်ခြင်းများနှင့် ဖိအားပေး တပ်သားသစ် စုဆောင်းခြင်းများသည် ထိုဒေသရှိ တက်ကြွလှုပ်ရှားလူငယ်များအတွက် အန္တရာယ်များပြားပြီး တက်ကြွလှုပ်ရှားဆောင်ရွက်မှု များကို မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို လွှမ်းမိုးနိုင် သော စွန့်စားမှုများလည်းဖြစ်သည်။

ထို့ပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သော လူငယ် တက်ကြွလှုပ်ရှား ဆောင်ရွက်ခြင်းများ နမူနာတစ်ခု လည်းဖြစ်သည်။ အစိုးရမှ လူငယ်များ၏ ပူးပေါင်း ဆောင်ရွက်မှုများကို အားပေးရန်အတွက် ဖွဲ့စည်း ပေးခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များအတွက် ထောက်ပံ့ ငွေများလည်းပေးအပ်ကာ အာဏာရှိသူများနှင့် တွေ့ဆုံခွင့်များလည်း ရှိပါသည်။ လုပ်ပိုင်ခွင့်အာဏာ ရှိသူများဖြင့် ထိတွေ့နိုင်ခြင်းဖြင့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် ဝေဖန်ထောက်ပြနိုင် သည်။ ထို့ပြင် ကော်မတီအဖွဲ့ဝင်များအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိသူများကို ထောက်ခံသူများ သာမက ကန့်ကွက်ဝေဖန်သူများနှင့်ပါ ပူးတွဲ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန်လည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကော်မတီအဖွဲ့ဝင်တို့ သည် မည်သည့်အချက်အား ထောက်ခံပေးနိုင်ပြီး မည်သည့်အချက်မှာ သက်ဆိုင်ရာများနှင့် ညှိစွန်းနိုင်ကြောင်း ချင့်ချိန်ရနိုင်သည်။

၇ > ကျောင်းသားသမဂ္ဂသည် ယနေ့မြန်မာနိုင်ငံကို ပုံဖော်ရာတွင် လွန်စွာအရေးပါသော်လည်း ယခင်ပြုလုပ်ထားပြီးသော စစ်တမ်းများ ရှိသည့်အတွက် ဤစာတမ်းတွင် ကျောင်းသားသမဂ္ဂအကြောင်း ဦးစားပေး မဖော်ညွှန်းပါ။ Silverstein and Wohl as far back as 1964, and Clymer (2003) or Chan Koon-Hong (2014) ကို ကြည့်ပါ။

၈ > ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ခံရာတွင် အသုံးပြုခဲ့သော နမူနာကောက်ခံခြင်း နည်းလမ်းကို အသုံးပြုခဲ့သည်။ စစ်တမ်းလူဦးရေသည် မြန်မာနိုင်ငံရှိ အသက် ၁၈ မှ ၃၂ နှစ် အထိ လူငယ်များ ဖြစ်သည်။ နမူနာကောက်ယူရာတွင် အဆင့်ဆင့် ပြုလုပ်ခဲ့သည်။ တိုင်းနှင့် ပြည်နယ် အသီးသီးမှ ကိုယ်စားပြု အရေအတွက်ကို ပြည့်မီအောင် ကောက်ယူခဲ့ပြီး ရပ်ကွက်များ၊ ကျေးရွာများတွင် အုပ်စုလိုက် ကောက်ယူစေခဲ့သည်။ နေအိမ်များကို ရွေးချယ်ခဲ့ပြီး တစ်ဦးတစ်ယောက်ချင်းစီအတွက် Kish Grid ကို အသုံးပြုခဲ့သည်။ ၁၆၂၄ ဦးကို တွေ့ဆုံမေးမြန်းမှု ပြုခဲ့သည်။ စစ်တမ်းများအတွက် ခိုင်လုံသည့်အခြေအနေ ၉၅ ရာခိုင်နှုန်းကျော် ရှိပြီး မှားယွင်းခွင့်ပြုပေးထားသော ၃ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိခဲ့ပါ။ သိသာထင်ရှားစွာ မတူညီ သည့်အချက်အလက်များကိုသာစစ်တမ်းတွင် ဖော်ပြထားသည်။ စစ်တမ်းကောက်ယူနည်းအသေးစိတ်ကို အချပ်ပို ၁ တွင် အသေးစိတ် ကြည့်ရှုပါ။

၉ > မြန်မာအစိုးရ (၂၀၁၇) ကို ကြည့်ပါ။

ဖြစ်စဉ် အထောက်အထား (၃)

# ကချင်တစ်မျိုးသားလုံး ဆိုင်ရာလူငယ်များသမဂ္ဂ

မြစ်ကြီးနားမြို့လယ်ကောင်မှ မိနစ် (၂၀)ခန့် မော်တော်ဆိုင်ကယ်ဖြင့် ခရီးဆက်ပါက ကွင်းပြင်ကျယ်များအကြားတွင် ဝါးများဖြင့် တည်ဆောက်ထားသော ခန်းမတစ်ခုကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုအဆောက်အအုံမှာ ကချင်လူငယ်စင်တာပင်ဖြစ်သည်။ ထိုစင်တာ၏ အနောက်ဘက်အခြမ်းတွင် ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များ သမဂ္ဂ၏ ရုံးခန်း အခြေစိုက်တည်ရှိပြီး ရုံးခန်းတွင် စားပွဲတစ်လုံး၊ ပလတ်စတစ်ခုံများနှင့် မည်သည့်အချိန်တွင်မဆို အလုပ်လုပ်နေသော အဖွဲ့ဝင်တစ်ဦး သို့မဟုတ် နှစ်ဦးကို တွေ့မြင်ရမည်ဖြစ်သည်။ ကချင်ရိုးရာ အမှတ်သင်္ကေတများ၏ ဘေးရှိ ကျူထရံပေါ်တွင် နှစ်ပေါင်းများစွာ နေရောင်ခြည်တိုက်စားထားခြင်းကြောင့် အရောင်မှိန်နေသော ပြီးခဲ့သော ပြပွဲများ၏ မှတ်တမ်းဓာတ်ပုံများ ချိတ်ဆွဲအလှဆင်ထားသည်ကို ကြည့်ခြင်းအားဖြင့် အဖွဲ့၏ သက်တမ်းကြာမြင့်နေပြီဖြစ်ကြောင်း ရှင်းလင်းစွာတွေ့မြင်နိုင်သည်။

တွေ့ဆုံစည်းဝေးပွဲများပြုလုပ်ရန် နေရာနှင့် လခစားဝန်ထမ်းများကို ပိုင်ဆိုင်ထားခြင်းသည် အဖွဲ့၏ ထူးခြားသော အမှတ်သင်္ကေတများထဲမှ တစ်ခုဖြစ်သည်။ အဖွဲ့မှဦးစီးသော ဖက်ဒရယ်ဝါဒအကြောင်းမှ တရုတ်ဘာသာစကား သင်တန်းများအထိ အလုပ်ရုံဆွေးနွေးပွဲများစွာကို ကချင်လူငယ်စင်တာတွင် ကျင်းပသည်။

ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များ သမဂ္ဂအဖွဲ့သည် အကြောင်းအရာလေးခုကို ဖော်ဆောင်ဆောင်ရွက်လျက်ရှိသည်။ စစ်အာဏာရှင်များကို ဆန့်ကျင်သူများနှင့် ကျောင်းသားထောင်ချီမှ တိုင်းပြည်အနှံ့ ကန့်ကွက်ခဲ့သော ၁၉၈၈ ခုနှစ် ဆန္ဒပြပွဲများပြီးနောက် ကချင်လူငယ်များစွာမှာ အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ကြသော ကချင်လူငယ်များသည် နေရပ်စွန့်ခွာလာကြသူများအကြား ကွန်ရက်တစ်ခုတည်ဆောက်ရန် ကချင်ကျောင်းသားများနှင့် လူငယ်များသမဂ္ဂကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြသည်။ နောက်ပိုင်းတွင် အဖွဲ့အစည်းကို ထိုင်းနိုင်ငံချင်းမိုင်မြို့သို့ ပြောင်းရွှေ့ခဲ့ကြပြီး အစိုးရမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ချိန်တွင် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့သို့ပြောင်းရွှေ့အခြေစိုက်ခဲ့ကြသည်။ ကျောင်းသားအများစု ပါဝင်သော ရှစ်လေးလုံး အရေးတော်ပုံကြီးနှင့် သွယ်ဝိုက်သော ဆက်စပ်မှုများ မရှိစေရေးအတွက် ၂၀၁၄ ခုနှစ်တွင် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂဟု အဖွဲ့အမည် ပြောင်းလဲခဲ့သည်။ [10] ယခုအချိန်တွင် အဖွဲ့တွင် မှတ်ပုံတင် စာရင်းသွင်းထားသော အဖွဲ့ဝင် ၁၅၀ ကျော် ရှိနေပြီဖြစ်သည်။

ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ အဖွဲ့၏ မျှော်မှန်းချက်မှာ မတူကွဲပြားသော ကချင်လူမျိုးစုမျိုးနွယ်များနှင့် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကို ဖြေရှင်းရန် လူငယ်များကို အသိပညာပေးကာ ကချင်လူမျိုးများ၏ အမျိုးသား အမွေအနှစ်ကို ထိန်းသိမ်းရန်ဖြစ်သည်။ အဖွဲ့အစည်း၏ တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်များမှာ ကွဲပြားခြားနားပြီး ၎င်းတွင် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဝါဒအကြောင်း အခမ်းအနားများကျင်းပခြင်း၊ အဖွဲ့၏ ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ပညာသင်ဆုဆိုင်ရာ အခွင့်အလမ်းများအကြောင်း မျှဝေခြင်း၊ လူငယ်များအတွက် ဘာသာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းများ ပြုလုပ်သည်။

အာဏာပိုင်များ၏ အမြင်တွင် ကသိကအောက် ဖြစ်စေနိုင်သော ခိုင်မာသော နိုင်ငံရေးရှုထောင့်နှင့် ထုတ်ပြန်ချက်များကြောင့်လည်းကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂအဖွဲ့သည် ထင်ရှားသည်။ ၂၀၁၈ ခုနှစ်တွင် ထင်ရှားသော အဖွဲ့ဝင်များသည် တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာခဲ့သူများနှင့် တောခိုနေသူများကို အစိုးရမှ ကယ်ဆယ်ပေးရန် တောင်းဆိုခဲ့သော ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်ကျင်းပခဲ့ကာ လူထုသဘောထား ကောက်ခံခဲ့သည်။ [11]

ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂသည် ကချင်လူငယ်များ၏ တက်ကြွလှုပ်ရှားမှုများ၊ နိုင်ငံရေး ဦးဆောင်မှုများအတွက် အစပြုရာဖြစ်ကြောင်း သက်သေပြခဲ့သည်။ လူသိများသော တက်ကြွလှုပ်ရှားသူ ကချင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များသည် ကချင်ကျောင်းသားများနှင့် လူငယ်များ သမဂ္ဂ၏ အဖွဲ့ဝင်များဖြစ်ကြသည်။ ဥပမာအားဖြင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ လွမ်းဇော်းသည် ကချင်ကျောင်းသားများနှင့် လူငယ်များသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည်။ သူသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတွင် ကချင်ဒီမိုကရက်တစ်ပါတီ၏ အသက်အငယ်ဆုံး ရွေးကောက်ခံကိုယ်စားလှယ် တစ်ဦးဖြစ်လာခဲ့သည်။ မြန်မာ့တပ်မတော်နှင့် ကချင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့များအကြား ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး ပျက်ပြားပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်း ရှစ်နှစ်မြောက်နေ့တွင် မြစ်ကြီးနားမြို့၌ စစ်ရပ်စဲရေးနှင့် စစ်ရှောင်ဒုက္ခသည်များအရေး သရုပ်ဖော်တင်ဆက်ခဲ့သော အဖွဲ့၏ နောက်ထပ် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုင်းနူးပန်သည် ဖမ်းဆီး အကျဉ်းချခံခဲ့ရပြီးနောက်ပိုင်း ၂၀၁၉ ခုနှစ်တွင် PEN Myanmar ၏ လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောဆိုခွင့်အတွက် အသိအမှတ်ပြုဆုကို ရရှိခဲ့သည်။

လှုပ်ရှားမှု အစီအစဉ်များကို ၂၄ နှစ်တာကာလ အတွင်း လုပ်ဆောင်ခဲ့ပြီးနောက် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂသည် လူငယ်လှုပ်ရှားမှုများကို မျှတစွာရွေးချယ်လုပ်ကိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ထိရှလွယ်သော နိုင်ငံရေး လုပ်ဆောင်ချက်များကို လူငယ်အဖွဲ့အစည်းများက စနစ်ကျနစွာ ချိတ်ဆက်လုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံ မြောက်ပိုင်း အစွန်အဖျားသို့တိုင် ချဲ့ထွင်ပြီး ပြဿနာရပ်များ၏ အခြေခံများကို လေ့လာမှုများ ပြုလုပ်ခဲ့သည်။



၁၀ > ဩဂုတ်လ ၈ ရက်၊ ၈၈ ခုနှစ် (၈.၈.၈၈) တွင် စစ်အစိုးရကို ဆန့်ကျင်သော ဆန္ဒပြပွဲများ နိုင်ငံအနှံ့ဖြစ်ပွားခဲ့သည်။ ကျောင်းသားများမှ ဦးဆောင်ကာ သပိတ်မှောက်ကြခြင်း ဖြစ်သည်။ ထိုသပိတ်မှောက်ကျောင်းသားများ အဖွဲ့အမည်များသည် ဗမာ့ကျောင်းသားများ သို့မဟုတ် နီးစပ်သော အမည်များ ဖြစ်သည်။ ထို့ကြောင့် ကချင်ကျောင်းသားများနှင့် လူငယ်များ သမဂ္ဂသည် ရှစ်လေးလုံးအရေးတော်ပုံဖြင့် မတူညီစေရန် သူ၏ အမည်ကို ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

၁၁> Weng (2019) ကို ကြည့်ပါ။

ဖြစ်စဉ် အထောက်အထား (၄)

# ရိန်းဘိုးစတား LGBT အဖွဲ့အစည်း

ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ် ၁၉ ရောဂါ မြန်မာနိုင်ငံ၌ ဖြစ်ပွားချိန်တွင် ရိန်းဘိုးစတား LGBT အဖွဲ့အစည်းသည် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဒေသအတွက် လက်သန့်ဆေးရည်များကို ထုတ်ဝေဖြန့်ခဲ့သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ရပ်ရွာဒေသအတွင်း LGBTIQ+ များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ရှိလာစေရန် ပြုလုပ်ခြင်းဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အခြေအနေတိုးတက်မှုများ ရှိသော်လည်း မြန်မာနိုင်ငံရှိ LGBTIQ+ လိင်စိတ်ခံယူမှုကွဲပြားသူများကို လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခန်းကဏ္ဍများတွင် လူငယ်အချင်းချင်းပင် လျှင် ဖယ်ကြဉ်ထားလျက်သာရှိသည်။ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော မျိုးဆက်သစ်မြန်မာစစ်တမ်းတွင် LGBTIQ+ များ ခွဲခြားဆက်ဆံခံရခြင်းများအကြောင်း ဖော်ပြထားပြီးဖြစ်သည်။ ၎င်းတွင် ဖြေဆိုသူလူငယ် ၅၈ ရာခိုင်နှုန်းသည် LGBT များဖြင့် မိတ်ဆွေမဖွဲ့လို ဟု ဆိုကြသည်။ [12] ၂၀၁၉ ခုနှစ်တွင် လိင်စိတ်ခံယူမှု ကွဲပြားသူတစ်ဦးဖြစ်သော စာကြည့်တိုက်မှူး လူငယ် အမျိုးသားတစ်ဦးသည် လုပ်ဖော်ကိုင်ဖက်များ၏ အနိုင်ကျင့် ခွဲခြားဆက်ဆံမှုများကြောင့် မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်။ ၎င်းအဖြစ်အပျက်သည် LGBTIQ+ အသိုက်အဝန်း အတွင်း ဂယက်ရိုက်စေခဲ့သည်။ [13] မြန်မာနိုင်ငံ၏ ဓမ္မတာနှင့် ဆန့်ကျင်၍ ကာမ စပ်ယှက်မှုဥပဒေသည် ဤနေရာတွင် ကျန်ရှိနေဆဲဖြစ်သည်။

သဘောထားများ ပြောင်းလဲလာသည့်အတွက် LGBTIQ+ အသိုက်အဝန်းမှ တက်ကြွလှုပ်ရှားသူ လူငယ်များကို ကျေးဇူးတင်ရပါမည်။ မကြာသေးမီက ရန်ကုန်မြို့တွင် လိင်စိတ်ခံယူမှု ကွဲပြားသူများအတွက် ကျင်းပခဲ့သော Pride Event [14] အခမ်းအနားများကို စီစဉ်ဆောင်ရွက်သူ &Proud အဖွဲ့အပါအဝင် ကျန်အဖွဲ့အစည်းများသည် ရိုးရာယဉ်ကျေးမှုနှင့် အနုပညာဆန်သော လှုပ်ရှားမှုအစီအစဉ်များ ကျင်းပပြုလုပ်ခြင်းဖြင့် မိမိတို့အသိုင်းအဝိုင်းအတွင်း လိင်စိတ်ခံယူမှုကွဲပြားသူများ၏ အခွင့်အရေးများကို နားလည်စေခဲ့သည်။ ဤလှုပ်ရှားမှုများသည် ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ပြများတွင်သာပွင့်လင်းမြင်သာမှု ရှိကြသည်။ သို့သော် တက်ကြွလှုပ်ရှားသူများ သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြမည်ဖြစ်သည်။

LGBTIQ+ အဖွဲ့ဝင်ဖြစ်သော Rainbow Star LGBT-CO ကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် လိင်ပြောင်းထားသူများ စုစုပေါင်း ကိုးဦးဖြင့် ၂၀၁၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ လက်ရှိတွင်မူ အဖွဲ့ဝင် ၅၀ကျော် ရှိပြီဖြစ်သည်။

ဤအဖွဲ့သည် လိင်စိတ်ခံယူမှု ကွဲပြားသူများအတွက် စွမ်းရည်မြှင့်တင်ပေးရန်နှင့် အခွင့်အရေးများ ရရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ လူထုပညာပေး ကမ်ပိန်းများ၊နှင့် ဂီတာတီးသင်တန်းများ ကဲ့သို့သော လှုပ်ရှားမှု အစီအစဉ်များ ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ရိန်းဘိုးအဖွဲ့သည် လိင်တူဆက်ဆံသူများ မုန်းတီးရေးကို ဆန့်ကျင်သောနေ့ကို မွန်ပြည်နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ မွန်ပြည်နယ် Pride Event အခမ်းအနားများကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် ၁၉ ကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်လည်း ဤလှုပ်ရှားမှုများကို အွန်လိုင်းမှ တင်ဆက်ခဲ့ပြီး ကျန်းမာရေး ဗဟုသုတများ၊ အလှအပရေးရာ အကြံပေးမှုများ ပြုလုပ်ခဲ့ကာ လှုပ်ရှားမှု အစီအစဉ်များကို ဆိုရှယ်မီဒီယာပေါ်တွင် ဗီဒီယိုများဖြင့် တင်ဆက်ခဲ့သည်။ အဖွဲ့၏ လူမှုကွန်ရက် ဖေ့စ်ဘုတ်ပေါ်တွင် ကြည့်ရှုသူ ၃၅၀၀ ကျော်ရှိပြီး မျိုးပွားခြင်းဆိုင်ရာ ဆွေးနွေးမှုသည် တားမြစ်သည့် အကြောင်းအရာ ဖြစ်သည့်အတွက် အချို့မှာ နာမည်ဝှက်များဖြင့် ဆွေးနွေးတင်ဆက်မှုများ ပြုလုပ်ခဲ့ကြသည်။

လူငယ်ကွန်ရက်ချိတ်ဆက်မှုဖြစ်စဉ်နှင့် ပတ်သက်လျှင် ရိန်းဘိုးစတားအဖွဲ့သည် မြန်မာနိုင်ငံ မြို့ပြများဖြစ်သည့် ရန်ကုန်၊ မန္တလေးမြို့တို့မှ အတွေ့အကြုံ နမူနာများကို ရယူသည်။ ဤအဖွဲ့အစည်းသည် လှုပ်ရှားမှု အစီအစဉ်များကို အွန်လိုင်းပေါ်မှသာ လုပ်ဆောင်သောကြောင့် အခွင့်အလမ်းများသာမက အန္တရာယ်များလည်း ရှိနေနိုင်ပါသည်။

၁၂ > ဗြိတိသျှကောင်စီကို ကြည့်ပါ။

၁၃ > Deutsche Welle (2019) ကို ကြည့်ပါ။

၁၄ > AFP (2018) ကို ကြည့်ပါ။

## ကန့်သတ်ချက်များ

သုတေသနစစ်တမ်းများသည် ရွေးချယ်မှုများ ပြုလုပ်ရန်လိုအပ်ပြီး ဤစစ်တမ်းအပါအဝင် သုတေသနစစ်တမ်းများ အားလုံးတွင် ကန့်သတ်ချက်များ ရှိကြပါသည်။ ပါဝင်သူများကို သေချာစွာစောင့်ကြည့်လေ့လာခြင်းနှင့် အင်တာဗျူး မေးမြန်းခြင်းဖြင့် ဖြစ်စဉ်အထောက်အထား တစ်ခုချင်းစီကို အခြေပြုသော ချဉ်းကပ်နည်းကို ရွေးချယ်ထားပါသည်။ ထိုချဉ်းကပ်နည်းသည် ဤစစ်တမ်းတွင် ဖော်ပြထားသော ဖြစ်စဉ်များကို ကျွန်ုပ်တို့ ပိုမိုနက်ရှိုင်းစွာ သိရှိစေသည့်အပြင် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများကိုလည်း သိရှိစေကာ ပုဂ္ဂလိကဆိုင်ရာနှင့် လူမှုဗေဒကိုလည်း ပိုမိုနားလည်စေပါသည်။ ဤစစ်တမ်းတွင် နိုင်ငံတစ်ဝန်းရှိ လူငယ်တက်ကြွလှုပ်ရှားမှုများ အားလုံးကို တစ်ခုချင်းစီ ကိုယ်စားပြုမေးမြန်းထားခြင်း မဟုတ်ပါ။ သက်ဆိုင်သော ပြောင်းလဲမှုများတစ်လျှောက် အပြောင်းအလဲများကို အကောင်းဆုံး အသုံးချကာ ဤစစ်တမ်းတွင် ရွေးချယ်ခဲ့သော ဖြစ်စဉ်အထောက်အထားများသည် အတွေ့အကြုံများစွာကို ဖော်ညွှန်းနိုင်ရန် ရည်ရွယ်ထားသည်။ သို့သော် ဤစစ်တမ်းတွင် မဖော်ညွှန်းခဲ့သော လူငယ်တက်ကြွလှုပ်ရှားမှု အတွေ့အကြုံများလည်းရှိသည်။ ရွေးချယ်ခဲ့သော ဖြစ်စဉ်များအတွက် မျှော်လင့်ချက်သည် လူမှုရေးနှင့် ပုဂ္ဂလိကဆိုင်ရာများမှ အရေးအကြီးဆုံး အကြောင်းအရာအချို့ကို ပုံဖော်နိုင်ခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း ဖြစ်စဉ် အထောက်အထားများမှ ရှာဖွေတွေ့ရှိချက်များကို ဆန်းစစ်အကဲဖြတ်လျှင် ထိုသူများသည် များပြားသောလူဦးရေကို ကိုယ်စားပြုခြင်း ရှိသလားဆိုသည်ကို ကျွန်ုပ်တို့ တိုင်းတာနိုင်ပါသည်။ သို့သော် တက်ကြွလှုပ်ရှားသူ လူငယ်အဖွဲ့အစည်းငယ်အများစုကို ပိုမိုသုတေသနပြုလုပ်ခြင်းသည် ဥပမာအားဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများ သို့မဟုတ် အထူးသဖြင့်ဝေးလံခေါင်ဖျားသော ဒေသများအတွက်မှ အကျိုးကျေးဇူးများ ရှိနိုင်ပါသည်။

ဤစစ်တမ်းသည် မတူညီသော အဖွဲ့အစည်းများရှိ အထူးသဖြင့် လူငယ်များထံမှ သတင်းအချက်အလက်များကို ကောက်ယူဖော်ပြထားခြင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့ကို သူတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများကို ထိုသူများ မည်ကဲ့သို့ ကျော်လွှားနေကြောင်း သိရှိနားလည်စေရန်ဖြစ်သည်။ အမျိုးမျိုးသော အကြောင်းပြချက်များ၊ စိတ်ပါဝင်စားမှုမရှိခြင်းများ သို့မဟုတ် အပြောင်းအလဲများပြုလုပ်ရန် အခွင့်အလမ်းများကို မဖမ်းဆုပ်နိုင်သူများအတွက်မှ သတင်းအချက်အလက် အနည်းငယ်ကိုသာ ဖော်ပြနိုင်သည်။ ၎င်းသည် ဤစစ်တမ်း၏ အားနည်းချက်ဖြစ်သည်။

ရံဖန်ရံခါသော အခွင့်အလမ်းများ၊ တက်ကြွလှုပ်ရှားနိုင်စွမ်းရှိသော သို့မဟုတ် တက်ကြွလှုပ်ရှားမှုပြုရန် နှီးကြားအသိရှိသော်လည်း တက်ကြွလှုပ်ရှားမှု မရှိသော လူငယ်များကို နိုင်ငံအဆင့်စစ်တမ်းတွင် ကိုယ်စားပြုဖော်ပြထားသည်။ မည်သို့ပင်ဆိုစေ တက်ကြွလှုပ်ရှားမှုမရှိသော လူငယ်များအကြောင်း ထပ်မံလေ့လာမှုများသည် ကောင်းမွန်သော အကျိုးကျေးဇူးများရှိပါသည်။

သန်းခေါင်စာရင်းဆိုင်ရာ စစ်တမ်းလေ့လာခြင်းကဲ့သို့ လေ့လာသုတေသနပြုရန် လုံခြုံစိတ်ချရမှုမရှိသော အချို့သောနေရာများမှလွဲကာ တစ်နိုင်ငံလုံးကို ကိုယ်စားပြုထားပါသည်။ အချက်အလက်ကောက်ခံသူများနှင့်ဖြေဆိုပေးသူများ၏ လုံခြုံမှုအတွက် ချန်လှပ်ထားခဲ့သော အချို့သောဒေသများရှိပါသည်။ (အသေးစိတ် အချက်အလက်များအတွက် နောက်ဆက်တွဲ- ၁ ကို ကြည့်ပါ) ဤသည်လည်း စစ်တမ်း၏ အားနည်း ချက်ဖြစ်ပါသည်။ ပဋိပက္ခများကြောင့် ထိခိုက်နေသော ဒေသများမှ ဖြစ်စဉ်အထောက်အထားများ ပါဝင်ခြင်းဖြင့် ထပ်မံခြေရာခံရမည့် အမှောင်ချထားခြင်းခံရသောအချို့အကြောင်းကိစ္စများကို အမှတ်မထင် ရှာဖွေတွေ့ရှိရန် ရည်ရွယ်ပါသည်။

စစ်တမ်းတွင် ကျဉ်းမြောင်းလွန်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ထားသည်။ သို့သော်လည်း တက်ကြွလှုပ်ရှားသူ လူငယ်များသည် အမြင်ကျယ်စွာ ပြောဆိုသော ရှုထောင့်များကို ကျိုးကြောင်းဆီလျော်စွာ ယူထားပါသည်။ ရွေးချယ်ထားသော ဖြစ်စဉ်များသည် မူလရှိရင်းစွဲအခြေအနေများမှ အပြောင်းအလဲများ ပြုလုပ်ရန် ကြိုးစားနေကြသော လှုပ်ရှားမှုများဖြစ်ကြသည်။ အဖွဲ့အစည်းများစွာတွင် လူငယ်များသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြသည်။ ဥပမာအားဖြင့် စေတနာ့ဝန်ထမ်း ပြုလုပ်ခြင်းသည် ပညာရေး၊ ငွေကြေးရရှိရန်နှင့် အခြားသော ရည်ရွယ်ချက်များအတွက် လမ်းခင်းပေးရန်ဖြစ်သည်။ ဤတက်ကြွလှုပ်ရှားမှုများသည် အရေးကြီးပါသည်။ ဤ စစ်တမ်းတွင် ခြွင်းချက်အနေဖြင့် လူငယ်တက်ကြွလှုပ်ရှားမှုပုံစံများ အောက်တွင် မည်သည့်တက်ကြွလှုပ်ရှားမှုများက ရှုံးနိမ့်သည်ကို တစ်စိတ်တစ်ပိုင်း ဖော်ပြထားပါသည်။

ဤကန့်သတ်ချက်များရှိသော်လည်း အသေးစိတ်အတွင်းကျကျ နက်ရှိုင်းသော ဖော်ပြချက်များသည် လူငယ်တက်ကြွလှုပ်ရှားမှုများကို ထောက်ပံ့ရန်နှင့် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများကို အားပေးရန်အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးနိုင်ရန်ဖြစ်ပါသည်။

## အန္တရာယ်နှင့် ထိရှလွယ်မှုများ မှတ်စု

မကြာသေးမီနှစ်များတွင် နိုင်ငံရေးနှင့် လူမှုတက်ကြွလှုပ်ရှားမှုများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းများသည် ဂုဏ်သိက္ခာရေးရာတွင်ဖြစ်စေ၊ လုံခြုံရေးဆိုင်ရာများတွင်ဖြစ်စေ အန္တရာယ်များရှိပါသည်။ အချို့ဖြစ်စဉ်များတွင် ကောင်းကျိုးများလည်း ရှိတတ်ပါသည်။ သို့သော် သုတေသနများပြုခြင်းအတွက် အကြောင်းအရာများကို လုံးဝအထိခိုက်ခံမည် မဟုတ်ပါ။ ထို့အတွက်ကြောင့် ဤစစ်တမ်းတွင် ဖော်ပြထားသော အကြောင်းအရာများမှ ဖြေဆိုပေးသူများအားလုံးအတွက် ထိခိုက်မှုအန္တရာယ်မရှိစေရန် ဂရုတစိုက် ဆောင်ရွက်ထားပါသည်။ ပါဝင်ဖြေဆိုလိုသူများ အားလုံးသည် ပါဝင်ဖြေဆိုကြရန် သဘောတူခွင့်ပြုသူများဖြစ်ကြသည်။ ကြိုတင်ကာကွယ်မှုပေးရန် အထူးဆောင်ရွက်ချက်တစ်ခုအနေဖြင့် ဖြစ်စဉ်တစ်ခုချင်းစီမှ ပါဝင်သူများသည် စစ်တမ်းမှ အကြောင်းအရာများကို သေချာစေရန် စစ်ဆေးပေးပြီးဖြစ်ပါသည်။



# အခန်း - ၂

# တာဝန်ယူမှုမှ လုပ်ဆောင်မှုဆီသို့ - လူငယ်များ ဘာကြောင့် ပါဝင်သင့်သနည်း?

မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများကဲ့သို့ မဟုတ်ဘဲ နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လူငယ်ခေါင်းဆောင်များစွာလိုအပ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ပြည်တွင်းစစ်ပွဲများရှိနေသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီး အသီးသီးအကြားရှိ ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားများမှာလည်း မတူညီကြပေ။ ထို့ကြောင့် မြန်မာနိုင်ငံရှိ လူငယ်များသည် ပိုမိုပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။

အသက် ၂၃ နှစ်အရွယ် တက်ကြွလှုပ်ရှား လူငယ်အမျိုးသမီးတစ်ဦးဖြစ်သူ ဆိုင်းခေါ်န်မှ ထောက်ပြခဲ့သည်။[၁၅] မြစ်ကြီးနားတက္ကသိုလ်အနီးရှိ လူများသော ကော်ဖီဆိုင်တွင် ကော်ဖီသောက်ရင်း ကျောင်းသားတစ်ဦးအနေဖြင့် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်ခြင်းများအပေါ် သူမ၏အမြင်ကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် ဂျိန်းဖော့ဘာသာ သုံးမျိုးစလုံးရောနှောကာ စိတ်အားထက်သန်စွာ ရှင်းပြနေသည်။ သူမ၏ကျောင်းဆောင်တွင် အင်္ဂလိပ်စာလေ့လာရေးနှင့် သက်ဆိုင်သော အုပ်စုတစ်စုဖွဲ့စည်းဖြစ်သည်အထိ ၂၀၁၅ ခုနှစ်တွင် ပြုလုပ်သော လူငယ်ခေါင်းဆောင်မှုသင်တန်းတစ်ခုက သူမကို လှုံ့ဆော်ပေးခဲ့သည်။ ထိုအုပ်စုငယ်လေးသည် နောက်ပိုင်းတွင် တက္ကသိုလ်တစ်ခုလုံးဆိုင်ရာ အင်္ဂလိပ်စာလေ့လာရေးကလပ်တစ်ခုအဖြစ် ကြီးထွားလာခဲ့သည်။ မဟာတန်း တက်ရောက်နေသော ကျောင်းသူတစ်ဦးအနေဖြင့် သူမသည် ပြည်နယ်အတွင်းရှိ ကျောင်းသားခေါင်းဆောင်များ ချိတ်ဆက်မိစေရန် အားပေးသော အစီအစဉ်တစ်ခုဖြစ်သည့် ကချင်ပြည်နယ် တက္ကသိုလ်များ ကျောင်းသားဖလှယ်ရေး ပရိုဂရမ်ကို စတင်ခဲ့သည်။ သူမတာဝန်ယူ ဆောင်ရွက်လျက်ရှိသော တက်ကြွလှုပ်ရှားမှုများသည် ကာလကြာရှည်စွာ ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းရန် အထောက်အကူဖြစ်သည်ဟု ဆိုင်းခေါ်န်က အခိုင်အမာယုံကြည်ထားသည်။

ဆိုင်းခေါ်န်၏ သဘောထားများကို မြန်မာနိုင်ငံ တက်ကြွလှုပ်ရှားသူတို့ အကြားဝေမျှလေ့ရှိကြသည်။ တက်ကြွလှုပ်ရှားသူ လူငယ်အများစုသည် သူတို့၏ ဆောင်ရွက်မှုများသည် လုပ်ဆောင်ရန်လိုအပ်နေသော တာဝန်များကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။ အခြားနိုင်ငံများတွင် လူမှုရေးနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် သူတို့၏ အားလပ်ချိန်များတွင် ကျောင်းပြင်ပ လုပ်ဆောင်မှုများအဖြစ် လုပ်ဆောင်ကြဟန်ရှိသည်။ ဤစာတမ်းတွင် တက်ကြွလှုပ်ရှားသူလူငယ်များ၏ ရှုထောင့်အမြင်ကို ဆွေးနွေးခြင်းမဟုတ်ပါ။ ဖြစ်စဉ်အထောက်အထားများကို ထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံရှိ တက်ကြွလှုပ်ရှားသူ လူငယ်များသည် အစိုးရ၊ တက္ကသိုလ်များနှင့် အသင်းအဖွဲ့များက ဖြေရှင်းပေးရန် ကျန်ရစ်လျက်ရှိသော လူမှုရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းလိုကြသည်။

## ဆောင်ရွက်ရမည့် တာဝန်ယူမှုများ

"ကျွန်တော်တို့ ကချင်လူမျိုးတွေက မြန်မာနိုင်ငံက တခြားတခြား တိုင်းရင်းသားလူမျိုးစုတွေထက်များစွာ နောက်ကျကျန်နေကြတယ်။ ပိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်လူမျိုးတွေကို ကျွန်တော်ကူညီပေးချင်တယ်"ဟု ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂတွင် အခမဲ့ဖွင့်လှစ်သော တရုတ်ဘာသာစကား သင်တန်းများကို အခမဲ့သင်ကြားပေးနေသူ မြစ်ကြီးနားမြို့မှ ကျောင်းသားတစ်ဦးကပြောသည်။ "တရုတ်ဘာသာစကား ကျွမ်းကျင်ပြီးတော့ ကျွန်တော့်ရဲ့ကျွမ်းကျင်မှုကို ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတွင် ပြန်လည်ကူညီပေးလိုစိတ်တွေ အလိုလိုပေါ်ပေါက်လာခဲ့တယ်"ဟု သူကရှင်းပြသည်။ ထိုကဲ့သို့စိတ်ထားသည် တက်ကြွလှုပ်ရှားသူ လူငယ်များ၏ ပင်ကိုစရိုက်တစ်ခုဖြစ်သည်။ လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း ခွဲခြမ်း စိတ်ဖြာ သိရှိသည်နှင့် တစ်ပြိုင်နက် (ဤဖြစ်စဉ်တွင် ကချင်လူမျိုးမိတ်ဆွေများ၏ ပညာရေးတွင်) တက်ကြွလှုပ်ရှားသူများသည် သူတို့တတ်နိုင်သမျှ စွမ်းဆောင်ပေးလိုကြသည်။

မတူညီသော တက်ကြွလှုပ်ရှားသူများအကြားတွင် မတူညီသော နည်းလမ်းများဖြင့် ဤကဲ့သို့ တာဝန်ယူလိုစိတ်များ တိုးပွားလျက်ရှိသည်။ အထက်ပါဖြစ်ရပ်ကဲ့သို့သော[၁၆] အချို့ဖြစ်စဉ်များတွင် လူမျိုးစုတူသူများအတွက် အကူအညီပေးလိုခြင်းမှ အစပြုသည်။ ရိန်းဘိုးစတားအဖွဲ့ကဲ့သို့သော အချို့သော တက်ကြွလှုပ်ရှားသူများသည် ကျား၊ မ လိင်ကွဲပြားမှုအပေါ် မူတည်ကာ အကူအညီပေးလိုကြသည်။ အားလုံးကို ခြုံငုံသုံးသပ်ပါက တက်ကြွလှုပ်ရှားလူငယ်များသည် အထူးသဖြင့် အားဖြည့်ကူညီပေးရန် လိုအပ်သည်ဟု ထင်ရသောနေရာများတွင် တာဝန်ယူဆောင်ရွက်ပေးလိုကြခြင်းဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များသည် လက်နက်ကိုင် တိုက်ပွဲများကြောင့် ဆိုးကျိုးများ ခံစားနေရသော ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသရှိ လူငယ်များ၏ အရေးကိစ္စများကို ဖြေရှင်းပေးလိုကြသည်။ "တောင်ကြီးမြို့ကလွဲပြီး ရှမ်းပြည်မြောက်ပိုင်းက ဘယ်မြို့မှာမှ ဟောပြောပွဲတွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေဆိုတာ မရှိပါဘူး"ဟု လားရှိုးမှ တက်ကြွလှုပ်ရှားသူတစ်ဦးကဆိုသည်။ ထို့ကြောင့် သူနှင့် သူ၏ မိတ်ဆွေများက စေတနာ့ဝန်ထမ်းများအဖြစ် အဖွဲ့တစ်ဖွဲ့တည်ထောင်ကာ ထိုကဲ့သို့ အစီအစဉ်များကို ကိုယ်ထူကိုယ်ထ ကျင်းပရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ "ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်း ဒီလိုအခွင့်အလမ်းတွေကို ကျွန်တော်တို့ ဖန်တီးလိုပါတယ်"

တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နေစဉ်အတွင်း အချို့သော တက်ကြွလှုပ်ရှားသူလူငယ်များသည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကြိုးပမ်းမှုများကြောင့် သမိုင်းတွင်ခဲ့သော တက်ကြွလှုပ်ရှားသူ လူငယ်များဖြစ်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၊ ၈၈ ကျောင်းသားခေါင်းဆောင်များနှင့် အခြားသော လူမျိုးစုခေါင်းဆောင်များကို ဖော်ညွှန်းကာ မြန်မာ့အရေးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းစေရန် လူငယ်များအနေဖြင့် ပါဝင်သင့်ကြောင်းသဘောပိုက်ထားကြသည်။ ယနေ့ခေတ်တိုင် တက်ကြွလှုပ်ရှားလူငယ်များသည် မိမိတို့၏ အသိုင်းအဝိုင်းအတွင်း တာဝန်ယူဖြည့်ဆည်းပေးရမည်ဆိုသည့် အတွေးအမြင်များ ရှိနေကြောင်း သမိုင်းအထောက်အထား တစ်ရပ်အနေဖြင့်ရှုမြင်ရမည်ဖြစ်သည်။

ဤစာတမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အရေအတွက် အခြေပြုသုတေသနအရလည်း လူငယ်များသည် မိမိ၏ ပတ်ဝန်းကျင်အတွင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တာဝန်ရှိသည်ဟု မှတ်ယူထားကြကြောင်း တွေ့ရှိခဲ့ရသည်။ အဘယ်ကြောင့် တက်ကြွလှုပ်ရှားသူများ ဖြစ်လာကြသနည်းဟု မေးမြန်းသောအခါ ပြန်လည်ဖြေကြားချက်များတွင် မိမိကိုယ်တိုင် တိုးတက်ရန်ထက် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာများတွင် အခြားသူများ၏ လိုအပ်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်ဟူသာ ဆက်စပ်စဉ်းစားကြသည်။ ဖြေဆိုသူ ၆၁ ရာခိုင်နှုန်းသည် "မိမိတို့ လူမှုအသိုက်အဝန်းကို ကူညီထောက်ပံ့ရန်"အတွက် တက်ကြွလှုပ်ရှားသူများ

၁၅ > လူသိများသူ မဟုတ်သော တက်ကြွလှုပ်ရှားသူများ၏ နာမည်များကို ဤစစ်တမ်းတွင် ပြောင်းလဲဖော်ပြထားသည်။

၁၆ > ကချင်လူငယ် တက်ကြွလှုပ်ရှားမှုများနှင့် ဇာတိမျိုးရိုးများကြောင်းကို Oosterom et al. (2019) ကို ကြည့်ပါ။



ဖြစ်လာကြကြောင်း ဆိုကြပြီး ၆၃ ရာခိုင်နှုန်းမှာ "နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက် မှုများဖြစ်စေရန် ပါဝင်ပေးရန်" အတွက်ဟု ဖြေဆိုကြ သည်။ (ပုံ ၁ ကို ကြည့်ပါ) သက်မွေးဝမ်းကျောင်းမှုဆိုင်ရာများနှင့် အရည်အသွေး မြှင့်တင်ရေးဆိုင်ရာများကဲ့သို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်လှုံ့ဆော်ပေးခြင်းများကို ဒုတိယနေရာတွင်သာ ထားကြသော်လည်း အများကြီးကွာဟပါသည်။ မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် ဇာတိစွဲစိတ် ပိုမိုပြင်းထန်ကြသည်။ မိမိ၏ လူမှုအသိုက်အဝန်းကို အကူအညီပေးရန် တက်ကြွလှုပ်ရှားသူများဖြစ်လာကြသည်ဟု ကျေးလက်ဒေသများမှ ဖြေဆိုသူ ၆၄ ရာခိုင်နှုန်း ရှိသော်လည်း မြို့ပြကဖြေဆိုသူ ၅၅ ရာခိုင်နှုန်းသာ ရှိသည်။

စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းနှင့်ပြုပြင်ပြောင်းလဲရေးများအတွက် တက်ကြွလှုပ်ရှားသူ ပြုလုပ်ခြင်းသည် ကောင်းမွန်သည်ဟု ရိုးရှင်းစွာ ဆိုခြင်းထက် တာဝန်ယူမှုတစ်ခုဖြစ်သည်ဟု လူငယ်များက မှတ်ယူထားကြသည်။ လူမှုရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်းများတွင် လူငယ်များ ပိုမိုဆောင်ရွက် သင့်သည်ဟု စိတ်ခံယူချက်မျိုးရှိခြင်းလည်း ဖြစ်နိုင်သည်။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များအရ ဖြေဆိုသူ ၈၁ ရာခိုင်နှုန်းသည် ဂိမ်းကစားခြင်းများနှင့် မိတ်ဆွေသူငယ်ချင်းများဖြင့် အချိန်ကုန်ဆုံးခြင်းများထက် စေတနာ့ဝန်ထမ်းပြုလုပ်ရန် ပိုမိုနှစ်သက်ကြသည်။ (ပုံ - ၂ ကို ကြည့်ပါ)

စစ်တမ်း ဖြေဆိုသူများအနေဖြင့် အမှန်တရားထက် လူမှုအသိုင်းအဝိုင်းကလက်ခံသည်များကို ပိုမိုဖြေကြားကြခြင်းများဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဤသို့ ဖြေဆိုခြင်းများကို ထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံရှိ လူငယ်များသည် စေတနာ့ဝန်ထမ်း ပြုလုပ်ရန် ဂုဏ်ယူ တန်ဖိုးထား လုပ်ကိုင်ကြကြောင်း သိရှိနိုင်ပေသည်။ စစ်တမ်း လေ့လာတွေ့ရှိချက်များအရ လူငယ် ၉၈ ရာခိုင်နှုန်းက လခစားအလုပ်လုပ်ကိုင်ခြင်းထက် စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းက ပိုမိုမွန်မြတ်ကြောင်း အကြွင်းမဲ့ယုံကြည်ထားကြသည်။

စေတနာ့ဝန်ထမ်းပြုလုပ်လိုကြသော လူငယ်များကို စေတနာ့ဝန်ထမ်း မပြုလုပ်လိုကြသူ လူငယ်များဖြင့်

ပုံ ၁ - လူငယ်တက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းပေးလိုကြသည်




မေးခွန်း - အဘယ်ကြောင့် နိုင်ငံရေးရာနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်ဟု သင်ထင်မြင်ပါသနည်း။

ချိန်ထိုးနှိုင်းယှဉ်ကြည့်ပါစို့။ အချို့သောတက်ကြွလှုပ်ရှားသူလူငယ်များက သူတို့၏ မိတ်ဆွေသူငယ်ချင်းများသည် လူမှုကွန်ရက်များနှင့် အွန်လိုင်း ဂိမ်းများကစားရန်သာ ပိုမိုစိတ်ဝင်စားကြပြီး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တက်ကြွလှုပ်ရှားခြင်းများနှင့် စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်လိုခြင်းမရှိကြဟု ပြီးခဲ့သောစစ်တမ်းတွင် ဖော်ပြထားသည်။ [၁၇] သို့သော် ဤစစ်တမ်းတွင် ကောက်ခံချက်များအရ လူငယ်တက်ကြွလှုပ်ရှားမှုများကို လူငယ်တို့မည်ကဲ့သို့နားလည်လက်ခံသည်ထက်၎င်းတို့၏အပြုအမူများသည် အပြုသဘောမဆောင်သောပုံစံခွက်များနှင့်ပို၍ကိုက်ညီသည်ကို ဖော်ပြနေသည်။အထက်ဖော်ပြပါ စစ်တမ်းကောက်ခံချက်ရလဒ်များအရ မြန်မာနိုင်ငံရှိ လူငယ်များသည် စေတနာ့ဝန်ထမ်း ပြုလုပ်ကာ တက်ကြွလှုပ်ရှား အစီအစဉ်များတွင် ပိုမို ပါဝင်ကြရန် လွန်စွာလိုလားကြကြောင်း သိနိုင်သည်။

သို့သော် လူငယ်များအနေဖြင့် စေတနာ့ဝန်ထမ်း ပြုလုပ်လိုကြသော်လည်း လူတိုင်းပါဝင်ဆောင်ရွက်ခြင်းမှု မရှိကြပေ။ စေတနာ့ဝန်ထမ်း ပြုလုပ်သည့် အလုပ်ကို တန်ဖိုးထားဂုဏ်ယူကာ မွန်မြတ်သည်ဟု ခံယူကြသော်လည်း လက်တွေ့တွင်မူ လူငယ်တိုင်း စေတနာ့ဝန်ထမ်း ဆောင်ရွက်ခြင်းမရှိကြသည်ကို တွေ့ရှိရသည်။ သို့သော်ပြီးခဲ့သော တစ်နှစ်အတွင်း ငွေကြေးလှူဒါန်းကြသည့် လူငယ်များ ၆၇ ရာခိုင်နှုန်း ရှိပြီး ကိုယ်တိုင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည့် အရေအတွက်မှာ ၄၆ ရာခိုင်နှုန်း ရှိသည်။ (ပုံ ၈ တွင် ကြည့်ပါ) ထို့ပြင် စစ်တမ်းဖြေဆိုချိန်တွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သလားဟု မေးမြန်းရာတွင် ၂၈ ရာခိုင်နှုန်းကသာ လက်ရှိတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေကြောင်းဆိုကြသည်။ အကြမ်းဖျင်းအားဖြင့်ဆိုသော် လူငယ် (၁၀) ဦးတွင် ခုနစ်ဦးမှာ လက်ရှိအချိန်တွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းမရှိပေ။ (ပုံ ၃ တွင် ကြည့်ပါ) လူငယ်အနည်းငယ်သာလျှင် အခမ်းအနားများကို အမှန်တကယ် တက်ရောက်ကြပြီး ထိုထက်နည်းသော အရေအတွက်ကသာလျှင် အခမ်းအနားများကို ဦးဆောင်ကျင်းပလိုကြသည်။

တက်ကြွလှုပ်ရှားခြင်းများ ပြုလုပ်နေကြသော လူငယ်များနှင့် ထိုကဲ့သို့ ပါဝင်ဆောင်ရွက်ခြင်း မရှိသူများ အကြားကွဲပြားခြားနားချက်များကို မည်ကဲ့သို့ပုံဖော်ရှင်းပြနိုင်သနည်း။ တက်ကြွလှုပ်ရှား အစီအစဉ်များပြုလုပ်ရန် စိတ်ဝင်စားကြသော လူငယ် (၁၀)ဦးမှ သုံးဦးသည် အစီအစဉ်များပြုလုပ်ရန် မည်ကဲ့သို့ စိတ်လှုံ့ဆော်နေကြသနည်း။

ဤစစ်တမ်းသည် ပဟေဠိအချို့ကို ဖြေရှင်းပေးနိုင်ပါသည်။ တက်ကြွလှုပ်ရှားသူ အားလုံးကို မဆိုလို

ပုံ ၂ - လူငယ်များသည် သူငယ်ချင်းများဖြင့် အနားယူအပန်းဖြေခြင်း သို့မဟုတ် ဂိမ်းကစားခြင်းထက် စေတနာ့ဝန်ထမ်းပြုလုပ်သင့်သည်ဟု ယူဆကြသည်။




မေးခွန်း - အောက်ပါအချက်အလက်ကို ထောက်ခံ၊ ကန့်ကွက်ကြောင်း ဖော်ညွှန်းပါ။ "ကျွန်တော်၊ ကျွန်မသည် မိတ်ဆွေ သူငယ်ချင်းများဖြင့် အချိန်ကုန်ဆုံးခြင်း သို့မဟုတ် ဂိမ်းကစားခြင်းများထက် စေတနာ့ ဝန်ထမ်းပြုလုပ်ရန် ပိုမိုနှစ်သက်သည်။"

၁၇ > ဗြိတိသျှကောင်စီကို (2019), pp. 30–31. ကြည့်ပါ။



သော်လည်း အချို့သည် သူတို့၏ ဇာတိဒေသတွင်ဖြစ်စေ၊ နေ့စဉ်ဘဝတွင်ဖြစ်စေ တွေ့ကြုံရသည်များမှ စိတ်လှုံ့ဆော်မှုရရှိကြသည်။ ခွဲခြားဆက်ဆံခံရခြင်းများနှင့် တရားမမျှတခြင်းများကို နေ့စဉ်ဘဝတွင် ရင်ဆိုင်နေရသူများနှင့် ထိုကဲ့သို့သောသူများဖြင့် ထိတွေ့ဆက်ဆံနေရသူများအတွက် စိတ်လှုံ့ဆော်မှု ပိုမိုရရှိကြသည်။

ဤစာတမ်းတွင် ရှာဖွေတွေ့ရှိချက်များအရ နေ့စဉ်ဘဝတွင် ထိုကဲ့သို့ ရင်ဆိုင်နေရသော လူငယ်များသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ပိုမိုတက်ကြွလှုပ်ရှား ပါဝင်လာကြသည်ကိုတွေ့ရသည်။ အထူးသဖြင့် တက်ကြွလှုပ်ရှားမှုများ လုပ်ဆောင်နိုင်မည့် ကွန်ရက်များနှင့်ချိတ်ဆက်မိချိန်နှင့် တက်ကြွလှုပ်ရှားနေသောလူငယ်များမှ အခမ်းအနားများတွင် စိတ်ခွန်အားပေး တိုက်တွန်းချိန်များသည် တက်ကြွလှုပ်ရှားမှုများကို လူငယ်များ တန်ဖိုးထားသည့် အခြေအနေဖြစ်စေရန် တွန်းပို့နေပါသည်။

## စိတ်ခွန်အားပေးသူများ

လားရှိုးမြို့ရှိ ကိုလွင်၏ အပ်ချုပ်ဆိုင်တွင် သူ၏ တက်ကြွလှုပ်ရှားမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ချီးမြှင့်ခံခဲ့ရသော အမှတ်တရ မှတ်တမ်းများကို စင်တစ်ခုဖြင့် စီတန်းအလှပြထားသည်။ ထိုမှတ်တမ်းများသည် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် သူပါဝင်ဆောင်ရွက်ခဲ့သော ရှမ်းပြည်မြောက်ပိုင်း ကလပ်မှ ပေးအပ်သော အမှတ်တရအထောက်အထားလက်မှတ်များဖြစ်သည်။ ထိုစင်၏ အောက်ခြေတွင် သူရရှိခဲ့သော အောင်မြင်မှု ဆုလာဘ်များကို အလှဆင်ပြသထားကာ ထိုတက်ကြွလှုပ်ရှားသူ လူငယ်စေတနာ့ဝန်ထမ်းသည် ထိုကဲ့သို့ သူ၏ အသိုက်အဝန်းကို ပြန်လည်ကူညီပေးနိုင်ရန် မိခင်ဖြစ်သူ၏ တိုက်တွန်းအားပေးမှုများအကြောင်းကို သူ၏ ဆိုင်တွင်ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတွင် ရှင်းပြဖော်ညွှန်းခဲ့သည်။

ကျွန်တော့်အမေက စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်တဲ့ တက်ကြွလှုပ်ရှား လုပ်ငန်းတွေ အပါအဝင် ကျွန်တော်ဆောင်ရွက်တဲ့ အလုပ်တိုင်းကို အရမ်းကိုအားပေးတယ်။ သူမကိုယ်တိုင်လည်း အစ္စလာမ်အမျိုးသမီးအဖွဲ့အစည်းမှာ စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်ပေးတယ်။ အထူးသဖြင့် သူတို့အဖွဲ့အစည်းက ရန်ပုံငွေကောက်ခံပြီး လိုအပ်သည့် နာရေးကိစ္စတွေမှာ ကူညီဆောင်ရွက်ပေးတယ်။ သူမက မိခင်နဲ့ရင်သွေးတွေကို ထောက်ပံ့တဲ့အဖွဲ့အစည်းတစ်ခုမှာလည်း ပါဝင်အားဖြည့် ကူညီပေးသေးတယ်။ ကျွန်တော့်အဖေကလည်း စေတနာ့ဝန်ထမ်းအနေနဲ့ ကူညီပေးရတဲ့လုပ်ငန်းတွေမှာ အလွန်တက်ကြွစွာ ပါဝင်လေ့ရှိပါတယ်။ သူက မီးသတ်တပ်ဖွဲ့မှာ အလုပ်လုပ်ခဲ့ပြီးတော့လယ်ဝေး အရေးအခင်းမှာလည်း ကြားဝင်စေ့စပ်ပေးသူတစ်ဦး ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းအဖြစ် ကူညီလုပ်ကိုင်ပေးတတ်ခြင်းက မိသားစုရဲ့ဗီဇလို့ ပြောရမှာပေါ့ဗျာ။ နိုင်ငံရေးဆိုင်ရာတွေနဲ့ လူမှုရေးရာကိစ္စတွေကို စေတနာ့ဝန်ထမ်းအနေနဲ့ ကျွန်တော်လုပ်ကိုင်ပေးဖို့ အတွက် ကျွန်တော့်အမေက ကျွန်တော့်ကိုအတော် တိုက်တွန်းအားပေးခဲ့တယ်။ ကျွန်တော်ဘာတွေလုပ်နေလဲ သူမသိရင်တောင် ကျွန်တော်က မှန်ကန်တာကိုပဲ လုပ်ဆောင်လိမ့်မယ်လို့ သူမက အမြဲယုံကြည်ပေးတယ်။ ရဲဖန်ရဲခါဆိုသလို စေတနာ့ဝန်ထမ်းအနေနဲ့ လုပ်ဆောင်မယ့် လုပ်ငန်းအစီအစဉ်တွေကို ကျွန်တော်တို့မိသားစုတွေ ဆွေးနွေးတိုင်ပင်လေ့ ရှိကြတယ်။

ကိုလွင်၏မိခင်က ကိုလွင်၏ လုပ်အားပေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လွန်စွာဂုဏ်ယူတတ်သူဖြစ်သည်။ သူမကိုယ်တိုင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူ တစ်ဦးဖြစ်သည့်အတွက် သူမ၏ ရင်သွေးကို မည်ကဲ့သို့ ထောက်ပံ့အားပေးရမည်ကို ကောင်းစွာသိရှိသူဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီမှ ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အခမ်းအနားတစ်ခုကို ကိုလွင်၏ မိခင်က ပြန်လည်အမှတ်ရ ပြောပြရင်း "လူငယ်တွေ အများကြီး အခမ်းအနားတက်ရောက်ခဲ့ကြတဲ့အပြင် အဲဒီလိုအခမ်းအနားကြီးကို ဦးစီးကျင်းပတဲ့ လူငယ်တွေထဲမှာ ကျွန်မရဲ့သားလည်း ပါဝင်တာကို တွေ့ရတော့ ကျွန်မအရမ်းကို ပီတိဖြစ်ရတယ်။ ပြောမပြတတ်အောင် အတိုင်းအဆမဲ့ ဝမ်းသာရတာပါ"ဟု ဆိုသည်။

လူကြီးမိဘများ၏ အားပေးမှုကြောင့် လူငယ်များ လုပ်အားပေးလုပ်ဆောင်လိုကြသည်ကို ရည်ညွှန်းရန် ကိုလွင်နှင့် သူ၏မိခင်ကို သူတို့၏ မိတ်ဆွေများက နမူနာပြု ချီးကျူးလေ့ရှိကြသည်။ မိသားစုဝင်များနှင့် မိတ်ဆွေ အပေါင်းအသင်းများမှ တိုက်တွန်းအားပေးကာ စိတ်လှုံ့ဆော်မှုပေးခြင်းသည် လူငယ်များအတွက် တက်ကြွလှုပ်ရှားမှု အစီအစဉ်များ လုပ်ဆောင်နိုင်ရန် စိတ်ခွန်အားရစေနိုင်သည်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် လူကြီးသူမများမှ အားပေးကြရန် ဤစစ်တမ်းတွင် အကြံပြုထားသည်။

သို့သော် လူငယ်တိုင်း ကိုလွင်ကဲ့သို့ကံမကောင်းနိုင်ပါ။ အချို့သော မိဘများသည် မိမိတို့ကိုယ်တိုင် တက်ကြွလှုပ်ရှားသူများအဖြစ် ဆောင်ရွက်ခဲ့သူများ ရှိလျှင်ပင် သူတို့၏ သားသမီးများကို ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများတွင် ထိခိုက်မည်စိုးသဖြင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ခြင်း မပြုရန်

ပုံ ၃ - လူငယ် အများစုသည် လက်ရှိတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေခြင်း မရှိကြပေ။




မေးခွန်း - လက်ရှိတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါသလား?

ဟန့်တားကြသည်။ [၁၈] ထိုကဲ့သို့သော မိဘများရှိသော်လည်း အရပ်ဘက်ခေါင်းဆောင်များ၊ ဆရာများ၊ လူငယ်ခေါင်းဆောင်များမှ တက်ကြွလှုပ်ရှားမှုများ ပြုလုပ်ရန် နည်းပြဆွေးနွေးခြင်းများ ပြုလုပ်ပါက လူငယ်များသည် စိတ်လှုံ့ဆော်မှုဖြစ်ကြသည်။

ထို့ပြင် လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် လူငယ်များ အချင်းချင်းတိုက်တွန်းအားပေးကြသည်ကိုမူ နမူနာအနေဖြင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂအဖွဲ့မှသိနိုင်သည်။

၂၀၁၈ ခုနှစ်မှာ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂခေါင်းဆောင်များက တိုက်ပွဲများကြောင့် စစ်ဘေးရှောင်စခန်းများတွင် နေထိုင်နေရသူများကို အကူအညီပေးရန် အစိုးရကိုတောင်းဆိုသည့် ဆန္ဒထုတ်ဖော်ပွဲတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ထိုပွဲမှာ လူငယ်များဦးစီးကျင်းပ လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် လူသိများခဲ့သည်။ လူငယ်များကလည်း အပြောင်းအလဲများကို လုပ်ဆောင်နိုင်သည်ဆိုသည်ကို မီးမောင်းထိုးပြခဲ့သည့် အခမ်းအနားလှုပ်ရှားမှု တစ်ခုဖြစ်သည့်အတွက် ကျွန်တော့်တို့ဒေသမှာ အထင်ကရဖြစ်ခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း မိတ်ဆွေတစ်ဦးနဲ့အတူ အဆိုပါလှုပ်ရှားမှုကို သွားရောက်ခဲ့ပြီး ထိုနေရာတွင် လွမ်းဖောင်းနှင့်[၁၉] စတင်တွေ့ဆုံခဲ့သည်။ သူက ကျွန်တော့်ကို ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂအဖွဲ့နှင့် ချိတ်ဆက်ရန်စိတ်ခွန်အားပေးခဲ့ပါသည်။

## ကွန်ရက် တည်ဆောက်ခြင်း

လူငယ်အချင်းချင်း ချိတ်ဆက်လုပ်ဆောင်ခြင်းများတွင် လူအချင်းချင်း တွေ့ဆုံဆက်သွယ်ခြင်း နည်းလမ်းသည် အလွန်အရေးပါသည်။ အချင်းချင်းတွေ့ဆုံဆက်သွယ်ခြင်းသည် ချိတ်ဆက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက်သာမက ချိတ်ဆက်မှုများ ပိုမိုခိုင်မြဲစေရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီနှင့် ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဖြစ်စဉ်များသည်အဖွဲ့ဝင်အချင်းချင်း သူငယ်ချင်းဟုသာသတ်မှတ်ကြောင်းသက်သေပြနေပါသည်။ ထို့ပြင် အဖွဲ့ဝင်များက တက်ကြွလှုပ်ရှားလုပ်အားပေး အစီအစဉ် များကို မိတ်ဆွေသူငယ်ချင်းများနှင့် လုပ်ဆောင်ကာ အားလပ်ချိန်များကိုလည်း အတူတကွ ကုန်ဆုံးကြရ သည်ကို နှစ်သက်ကြကြောင်း စစ်တမ်းတွင် ဖြေဆိုခဲ့ ကြသည်။ ရန်ကုန်တက္ကသိုလ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ အဖွဲ့ဝင်အများစုသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဌာနမှ လေ့လာနေသူများဖြစ်ကြပြီး သင်တန်းတွင်းနှင့် သင်တန်းပြင်ပများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုကာ လုပ်အားပေးလိုသူများသာဖြစ်ကြသည်။ ဥပမာအားဖြင့် ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့မှ အဖွဲ့ဝင်များသည် ဘတ်စကတ်ဘောကစား ပွဲများ အတူကစားကြပြီး အဖွဲ့အကြောင်းကို ပြောဆို ကာ ရင်းနှီးမှုတည်ဆောက်ကြသည်။ "သင်တန်းအပြီးမှာ ကျွန်တော်တို့က မုန့်တွေအတူ သွားစားကြပြီး ခရီးတွေလည်း အတူထွက်ကြပါတယ်။ (...) ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့က အဖွဲ့ဝင်တွေအကြား ခင်မင်ရင်းနှီးမှု ခိုင်မာစေဖို့ သေချာတည်ဆောက်ထားပါတယ်"

ခင်မင်ရင်းနှီးမှု ခိုင်မြဲရန် တည်ဆောက်ခြင်းကို လူငယ်အဖွဲ့အစည်း အများစုက လက်ခံထားကြသည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့နှင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂတွင် အဖွဲ့ဝင်များအကြားရင်းနှီးမှုတည်ဆောက်သည့် ကစားနည်းများ ပြုလုပ်ပေးသည့် နည်းဗျူဟာကို အသုံးပြုကြပြီး ထိုကစားပွဲများအတွက် ငွေကြေးသုံးစွဲ ငှားရမ်းကြသည်။ "လူငယ်ရေးရာ ကော်မတီရဲ့ အခမ်းအနားတွေက အသစ်အသစ်သော အရာတွေကို လေ့လာဖို့အခွင့်အလမ်းရှိပြီး ကျေးလက်တောရွာမှာ နေထိုင်ကြတဲ့ လူငယ်တွေအတွက် မိတ်ဆွေအပေါင်းအသင်းအသစ်တွေ တိုးပွားစေတဲ့ ရှားပါးအခွင့်အရေးလည်း ရှိပါတယ်"ဟု ရှမ်းပြည်မြောက်ပိုင်းမှ လူငယ်တစ်ဦးက ဖြေကြားခဲ့သည်။ ၎င်းသည် လူငယ်စေတနာ့ဝန်ထမ်းများ၏ ၆၃ ရာခိုင်နှုန်းသည် သူငယ်ချင်း မိတ်ဆွေများမှ စတင်မိတ်ဆက်ပေးခြင်းဖြစ်သည်ဟု လူငယ် စေတနာ့ဝန်ထမ်း လုပ်အားပေးများနှင့် ပတ်သက်သော ပြီးခဲ့သည့်စစ်တမ်းမှ လေ့လာတွေ့ရှိချက်များကို ထပ်မံထောက်ခံလိုက်ခြင်းဖြစ်သည်။ [၂၀]

သို့သော် မိတ်ဆွေဖွဲ့ခြင်း၏ အနောက်တွင် ကွန်ရက်ချိတ်ဆက်ခြင်း၏ အရေးပါသောတန်ဖိုးကို တက်ကြွလှုပ်ရှားသူများနှင့် အဖွဲ့အစည်းများက သဘောပေါက်နားလည်ကြသည်။ "အဆောင်နေကျောင်းသားလည်း မဟုတ်ဘူး၊ ဒီလိုအဖွဲ့တွေမှာလည်း ပါဝင်လေ့မရှိဘူးဆိုရင် သူငယ်ချင်းမိတ်ဆွေ တော်တော်လေးရှားပါးလိမ့်မယ်။ ယင်းခြားနားချက်ကို သင်အလုပ်လျှောက်သည့်အခါမျိုးတွင် လက်တွေ့ခံစားရနိုင်သည်။ ရင်းနှီးဖော်ရွေစွာ နေတတ်တဲ့တက္ကသိုလ် ကျောင်းသားတွေကပဲ ကွန်ရက်ချိတ်ဆက်မှု အားကောင်းပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရနိုင်မယ်၊ သက်မွေးဝမ်းကျောင်းမှုအတွက် အခွင့်အလမ်းတွေ ပိုရှိမယ်" ဟု ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားတစ်ဦးက ဆိုသည်။

၁၈ > ဗြိတိသျှကောင်စီကို (2019), p. 18. ကြည့်ပါ။

၁၉ > လွမ်းဖောင်းန် သည် ရှေ့နေနှင့် ထင်ရှားသော ကချင်လူငယ် တက်ကြွလှုပ်ရှားသူ ဖြစ်သည်။

၂၀> ဖြေဆိုသူများက သူတို့ကို တက်ကြွလှုပ်ရှားသူများ ပြုလုပ်ရန် အစပျိုးပေးသည်မှာ မိတ်ဆွေ သူငယ်ချင်းများ (၆၃%) လမ်းညွှန်ပြသသူများ (၁၈% ) ဘာသာရေးခေါင်းဆောင်များ (၁၁% ) ဖြစ်သည်ဟု ဆိုသည်။ စေတနာ့ဝန်ထမ်း ပြုလုပ်ရန် အခမ်းအနားများတွင် သမာရိုးကျ နည်းလမ်းတကျ ပြောကြသည်မဟုတ်ဘဲ ရင်းနှီးဖော်ရွေစွာ လွတ်လွတ်လပ်လပ် ရိုးရိုးတန်းတန်း ပြောကြခြင်းဖြစ်သည်။ CUSO International (2015) ကို ကြည့်ပါ။



ပုံ ၄ - လူငယ်များအတွက် မူးယစ်ဆေး၊ ကျန်းမာရေးနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှာ အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်သည်။




မေးခွန်း - သင်နေထိုင်ရာ နေရာမှ အခြေအနေများကို မြင်ယောင်ကြည့်ပါ။ သင်နေထိုင်ရာ ပတ်ဝန်းကျင်တွင် ဖြေရှင်းလိုသော အကြီးမားဆုံး အခက်အခဲသည် မည်သည် ဖြစ်မည်နည်း။

## ကိုယ်တွေ့အတွေ့အကြုံများ

မိသားစုများ၊ ဆရာများမှ မိမိ စံပြုထားသူများ၊ မိတ်ဆွေများထံသို့ အချင်းချင်း အပြန်အလှန် ဆက်သွယ်မှုမှာ ဒေသတွင်းရှိ တက်ကြွလှုပ်ရှားသူ လူငယ်များကို စိတ်ခွန်အားပေးနိုင်ကြောင်း သိသာထင်ရှားသည့် ဥပမာတစ်ခုဖြစ်သည်။ စိတ်ခွန်အားပေးနိုင်သည့် အခြားအချက်များမှာ အာရုံစူးစိုက်ကာ ဇောက်ချလုပ်ဆောင်တတ်ခြင်းနှင့် တရားမျှတခြင်းမရှိသော အဖြစ်အပျက် အတွေ့အကြုံများအား စိတ်စွဲမှတ်သားထားခြင်းဖြစ်သည်။ ဤစစ်တမ်းတွင် ကျွန်တော်တို့ လေ့လာခဲ့ကြသော ဖြစ်စဉ်အထောက်အထားများမှ တက်ကြွလှုပ်ရှားသူလူငယ်များအား လူမှုရေးအရ တက်ကြွလှုပ်ရှားရသည့် အကြောင်းရင်းများကို ဆွေးနွေးသောအခါ တစ်ဦးချင်းစီတွင် တွေ့ကြုံခဲ့ရသော ခွဲခြားဆက်ဆံခံရခြင်းများကို ရည်ညွှန်းဖြေကြားခဲ့ကြသည်။

တိုင်းရင်းသား မျိုးနွယ်စုများအရ မတူညီခြင်းများကို လူငယ်များက ညွှန်းဆိုခဲ့ကြပြီး တိုင်းရင်းသား လူနည်းစုများကို [၂၁] ခွဲခြားဆက်ဆံခဲ့ရသော အတွေ့အကြုံများသည် ထိုမျိုးနွယ်စုများမှ လူငယ်များကို ထိုကဲ့သို့ ယူဆခံစားတတ်စေရန် တွန်းပို့နေသည်။ ရှမ်းပြည်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ အဖွဲ့ဝင်တစ်ဦးက ဤသို့ပြောခဲ့သည်။

"ပလောင်(တအောင်း) တိုင်းရင်းသား မျိုးနွယ်ဝင်အဖြစ်နေထိုင်ခြင်းက ကျွန်တော့်အတွက် လွန်စွာအရေးကြီးပါတယ်။ (...)ပလောင် ခေါ် တအောင်း လူမျိုးများ၏ ရိုးရာဓလေ့က တောင်တန်းများအပေါ်တွင် နေထိုင်လေ့ရှိကြသည်။ ပလောင်လူမျိုးများ နှိမ့်ချဆက်ဆံခံရခြင်းများကို ကျွန်တော် ငယ်ရွယ်စဉ်ကလေးဘဝကတည်းက တွေ့မြင်ခဲ့ဖူးပါသည်။ ဥပမာ'ပလောင်လူမျိုးတွေက ရေမချိုးကြဘူး'ကဲ့သို့သော ကျွန်တော်တို့လူမျိုးစုများဖြင့် ပတ်သက်ပြီး တစ်ဖက်သတ်အယူအဆများကို ပြောဆိုကြသူ အများအပြားရှိပါသည်။ တအောင်းလူမျိုးစုတွင်ပင် မျိုးနွယ်ကွဲများ ထပ်ရှိပါသေးသည်။ ရှမ်းစော်ဘွားများ မျိုးဆက်မှ ဆင်းသက်လာသော ရွှေတအောင်းမျိုးနွယ်ဝင်များနှင့် အခြားမျိုးနွယ်ကွဲများလည်း ရှိပါသည်။ ကျွန်တော် ငယ်ရွယ်စဉ်က မိမိကိုယ်ကို ပလောင်လူမျိုးဟု မပြောလိုခဲ့သော်လည်း ယခုအချိန်တွင် ပလောင်လူမျိုးဖြစ်သည့်အတွက် ဂုဏ်ယူမိပါသည်။

လူငယ်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ မိမိကိုယ်ကို ယုံကြည်မှုရှိစေရန် တည်ဆောက်နိုင်ခဲ့ပြီးနောက် သူသည် တအောင်းလူငယ်များအတွက် ရှမ်းပြည်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များဖြင့် မိတ်ဆက်ပေးနိုင်ခဲ့သည်။ လက်ရှိတွင် တအောင်းလူငယ်များနှင့် လူငယ်ရေးရာကော်မတီ အကြားတွင် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံရှိ အရပ်ဘက် စစ်ပွဲများအကြားတွင် မွေးဖွားခဲ့ကြသော လူငယ်များသည် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရန် ခြိမ်းခြောက်ခံကြရပြီး လူမျိုးရေးအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ၏ သားကောင်များ ဖြစ်ခဲ့ကြသည်။ ထိုကဲ့သို့ ဆက်ဆံခံခဲ့ရခြင်းများသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေရန်အတွက်

၂၁ > ဖြိုးတိသျှကောင်စီကို (2019), p. 26. See also Oosterom et al. (2019) ကြည့်ပါ။



အစွမ်းထက်သော တွန်းအားတစ်ခုဖြစ်ခဲ့ကြောင်း ဤအဖြစ်အပျက်များက သက်သေပြနေပါသည်။ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ အဖွဲ့ဝင်တစ်ဦးသည် စစ်ဘေးရှောင်စခန်းတွင် သူမနေထိုင်ခဲ့ရသော အတွေ့အကြုံများကို မီးမောင်းထိုးပြသခဲ့ပြီး နောက်ပိုင်းတွင် အခြားလူငယ်များနှင့် အတူ ကချင်စစ်ဘေးရှောင် လူငယ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်က မနောပန်းခြံတွင် ကျင်းပသော ပွဲတော်သို့ ကျွန်မသွားရောက်ရသည့် ရည်ရွယ်ချက်မှာ နေရပ်စွန့်ခွာခဲ့ရသော ကချင်လူမျိုးများ၏ ကံကြမ္မာကို ဖော်ညွှန်းပြသလို၍ဖြစ်ပါသည်။ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်နေရသော လူငယ်များ အကြောင်းကို ကျွန်မဝေမျှပေးချင်သည်။ (...) အခြားသူများက ကျွန်မတို့အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးသည်အထိ စောင့်ဆိုင်းရန်မသင့်ပါ။ ကျွန်မအတွက် အပြောင်းအလဲများကို ချက်ချင်းဖော်ဆောင်နိုင်သူမှာ ကျွန်မသာဖြစ်သည်။

ထို့ပြင် ခွဲခြားဆက်ဆံခံရသော အချို့အခြေအနေများသည်လည်း စိတ်လှုံ့ဆော်မှုပေးနိုင်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနေပြီး မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်မားလျက်ရှိသည့် မွန်ပြည်နယ်မှ လိင်စိတ်ခံယူမှုကွဲပြားသူများ အသိုက်အဝန်းကို ထောက်ပံ့ပေးနိုင်ရန် ရိန်းဘိုးအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လိင်စိတ်ခံယူမှု ကွဲပြားသူများအပေါ် မနှစ်မြို့ခြင်းများသည် လူငယ်များအကြားတွင် ရှိနေဆဲဖြစ်သည်။ လူမှုဖွံ့ဖြိုးတိုးတက်ရေးရာများနှင့် နိုင်ငံရေးရာများတွင် လိင်စိတ်ခံယူမှုကွဲပြားသူများ ပိုမိုပါဝင်သင့်ပါသလားဟု စစ်တမ်းကောက်ခံချိန် မေးမြန်းရာတွင် ဖြေဆိုသူတစ်ဝက်ကျော် (၅၉ ရာခိုင်နှုန်း)က မပါဝင်သင့်ကြောင်းဖြေဆိုကြသည်။

မသန်စွမ်းသူများသည်လည်း ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်နေရပြီး ထိုကဲ့သို့ ခွဲခြားဆက်ဆံခံရခြင်းများကြောင့် တက်ကြွလှုပ်ရှားသူများ ဖြစ်လာစေရန် တွန်းအားတစ်ခု ဖြစ်စေသည်။"လုပ်ငန်းလည်ပတ်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ မသန်စွမ်းသူတွေ အလုပ်ရဖို့ မဖြစ်နိုင်ပါဘူး။ (...) အလုပ်ခေါ်စာတွေမှာ ဘွဲ့ရတွေကိုပဲ အလုပ်ခေါ်ကြပြီး မသန်စွမ်းသူတွေက သူတို့ပညာရေးကို ဆုံးခန်းတိုင် သင်ကြားနိုင်ဖို့က အခွင့်အရေးနည်းပါးလှတယ်လေ"ဟု ခွဲခြားဆက်ဆံခံရခြင်းများကိုရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အတွက် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်လာသူ လားရှိုးမြို့တွင် နေထိုင်သော မသန်စွမ်းသူများ အခွင့်အရေးလှုပ်ရှားသူတစ်ဦးကပြောသည်။ လူငယ်များသည် မသန်စွမ်းသူများအပေါ်တွင် ခွဲခြားဆက်ဆံမှုများရှိနေသည်။ စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများက ပိုမိုပါဝင်သင့်သလားဟု မေးမြန်းချိန်တွင်လည်း ဖြေဆိုသူများ၏ ၈၅ ရာခိုင်နှုန်း နှင့် ၆၂ ရာခိုင်နှုန်းက မပါဝင်သင့်ကြောင်းသာ ငြင်းပယ်ကြသည်။

ထိုကဲ့သို့ ခွဲခြားဆက်ဆံခံရခြင်း အတွေ့အကြုံများသည် တက်ကြွလှုပ်ရှားသူများ ဖြစ်လာစေရန် လွန်စွာတွန်းအားပေးသည်။ အထက်ဖော်ပြပါ နမူနာများကို ထောက်ရှုပါက မြန်မာနိုင်ငံရှိ အမျိုးသမီး တက်ကြွလှုပ်ရှားသူများဖြစ်သော အဂ္ဂတ္တမ၊ ပိုးအိဖြူနှင့် ကက်သရီနာ နပ်မန်း (၂၀၁၈) တို့ကဲ့သို့ ဆင်တူလျက်ရှိသည်။ ပါဝင်သူ တစ်ဦးချင်းစီတိုင်းသည် ၎င်းတို့ကြုံတွေ့ခံစားခဲ့ကြရသော အခက်အခဲ၊ စိန်ခေါ်မှုများကို ဖြေရှင်းပြီးဖြစ်သွားလျှင်ပင် ထိုအခက်အခဲများကြောင့် တက်ကြွလှုပ်ရှားသူများ ဖြစ်လာရသည့် အကြောင်းအရင်းကို ကောင်းစွာသိရှိနားလည်လာကြသည်။ [၂၂] ပုဂ္ဂိုလ်ရေး ရင်းနှီး ခင်မင်ကြသူများတွင် ချိတ်ဆက် ဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်စေရန် နေ့စဉ်တွေ့ဆုံရခြင်းများသည်လည်း နီးစပ်သော ဥပမာတစ်ခုဖြစ်သည်။

ဤဥပမာများကို ထောက်ရှုပါက တက်ကြွလှုပ်ရှားသူများသည် ဒေသစွဲနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာများကြောင့် ဖြစ်ပေါ်လာကြသည်ဟု ဆိုနိုင်သည်။

## လူငယ်အခမ်းအနားများ - ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရန် အထောက်အပံ့များ

လူမှုရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်းများသည် လူများကို တက်ကြွလှုပ်ရှားစေရန် မည်ကဲ့သို့ အရေးပါကာ အထောက်အကူပြုကြောင်း ဤစစ်တမ်းတွင်ဖော်ပြပါမည်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဖြင့်ချိတ်ဆက်ကာ စစ်တမ်းအတွက် တက်ကြွလှုပ်ရှားသူများကို တွေ့ဆုံမေးမြန်းရာတွင် ထိုသူများသည် သူတို့၏ တက်ကြွလှုပ်ရှားမှု အစီအစဉ်များကို အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် သင်တန်းများကိုသာ ညွှန်းဆိုပြောကြားကြသည်။ ထိုအခမ်းအနားများသည် လူငယ်များကို ချိတ်ဆက်လုပ်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်စေရန် အစပြုဖော်ဆောင်ပေးနိုင်ပြီး တွေ့ကြုံခဲ့သော မတရားမှုများကို ဘုံမျှော်မှန်းချက်အဖြစ်ထားရှိကာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေရန် အခွင့်အလမ်းနှင့် စိတ်ထက်သန်မှုများကို ဖန်တီးပေးသည်။

တက်ကြွလှုပ်ရှားသူလူငယ်များစွာ၏ ဖြေဆိုချက်များအရ သင်တန်းများသည် ၎င်းတို့၏ ပူးပေါင်းပါဝင်နိုင်မှုကို မြှင့်တင်ပေးသည့်အပြင် ၎င်းတို့၏တွေ့ကြုံဖြစ်ပျက်ခဲ့ရသည်များကို ဝေမျှခွင့်ရသဖြင့် ပြောင်းလဲမှုများစွာဖြစ်စေကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ထိုအခမ်းအနားများသည် လူငယ်များကို အတွေ့အကြုံများ ဝေမျှနိုင်ရန်၊ ပြုပြင်ပြောင်းလဲမှုများဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုကို ဖန်တီးရန်၊ စိတ်တူကိုယ်တူ မိတ်ဆွေများဖြင့် တွေ့ဆုံရန်၊ မတရားမှုများကို ဖြေရှင်းရန်အတွက် အသိပညာများ ရရှိရန် အထောက်အကူဖြစ်စေနိုင်သည်။ [၂၃] သို့သော် အထူးသဖြင့် မြို့ပေါ်မှမဟုတ်သော လူငယ်များအတွက် လူဦးရေအနည်းငယ်သာလျှင် ထိုကဲ့သို့သော အခမ်းအနားများကို တက်ရောက်နိုင်ကြပြီး ထိုအခမ်းအနားများသည် ကာလကြာရှည်စွာအထိ စိတ်လှုံ့ဆော်ပေးနိုင်သည်။ [၂၄]

"မသန်စွမ်း အမျိုးသမီးတစ်ဦးအနေနဲ့ ခွဲခြားဆက်ဆံခံရတာတွေကို ရင်ဆိုင်ရတာများလွန်းလို့ ကျွန်မစိတ်ဒဏ်ရာတောင် ရနေပါပြီ။ အမြဲချန်လှပ်ထားခံရပြီး အခွင့်အရေးနည်းပါးလွန်းလို့ အမြဲခံစားခဲ့ရတယ်" ဟု မသန်စွမ်းသူများ အကျိုးဆောင်အဖွဲ့အစည်းတစ်ခု၏ ဥက္ကဋ္ဌဖြစ်သူ ပိုင်ဆိုင်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စစ်တမ်းသုတေသီများဖြင့် တွေ့ဆုံစဉ် မသန်စွမ်းအမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

ကျွန်မက ကံကောင်းစွာနဲ့ ၂၀၁၆ ခုနှစ်က ရန်ကုန်မှာ ကျင်းပတဲ့ သုံးလတာသင်တန်းတစ်ခုကို တက်ရောက်ခွင့်ရခဲ့ပါတယ်။ သင်တန်းမတိုင်ခင်က ကျွန်မအနေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ပိုမိုပြုလုပ်ချင်ခဲ့ပေမဲ့ ဘယ်လိုချိတ်ဆက်ရမယ်ဆိုတာကို မသိခဲ့ပါဘူး။ တခြားသူတွေကိုလည်း သူတို့ဘယ်လို စွမ်းဆောင်နိုင်တယ်ဆိုတာ ကျွန်မသိစေချင်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ လူငယ်ဖိုရမ်မှာ ကျွန်မ ပြိုင်ပွဲဝင်ပြိုင်တာကို လူတိုင်းက ထောက်ခံကြပါတယ်။ မသန်ပေမဲ့ စွမ်းကြပါတယ်ဆိုတာကို ပြပွဲမှာကျွန်မက ထင်ရှားစေချင်တာပါ။

အချို့သော လူငယ်အခမ်းအနားများသည် နေရာအသစ်များတွင် အဖွဲ့အစည်းအသစ်များ ဖွဲ့စည်းရန် တက်ကြွလှုပ်ရှားသူများကို တွန်းအားပေးသည်။ "ရန်ကုန်မြို့အခြေစိုက် လိင်စိတ်ခံယူမှု

၂၂ > စာရေးသူသည် ဥပမာများစွာကို ဖော်ညွှန်းလိုသည်။ ဝင့်ဝါသူသည် သူမတို့မိသားစု၏ မြေအသိမ်းခံရပြီး ဖခင်နှင့် အစ်မ ဖမ်းဆီးခံရချိန်မှ စတင်ကာ မြေယာအရေးလှုပ်ရှားသူတစ်ဦး ဖြစ်လာသည်။ အိအိမင်သည် ကရမ်းအမျိုးသမီး ဖြစ်သည့်အတွက် အဖွဲ့ခေါင်းဆောင်အဖြစ်မှ ထုတ်ပယ်ခံရချိန်တွင် စိတ်လှုံ့ဆော်မှု ပိုမိုရရှိခဲ့သည်။ (Ma et al., 2018) ကို ကြည့်ပါ။

၂၃ > လူငယ်တက်ကြွလှုပ်ရှားသူများအတွက် ချိတ်ဆက်မှုများ ပြုလုပ်နိုင်မည့် အခမ်းအနားများဖြစ်သော သင်တန်းများကို ခွဲခြမ်းစိတ်ဖြာထားသော မြန်မာလူငယ် တက်ကြွလှုပ်ရှားသူများကို လေ့လာခဲ့သည်။ Nielsen and Standhart (2015) ကို ကြည့်ပါ။

၂၄ > မြို့ပြကိုသာ ဦးစားပေးပြုလုပ်သော သက်ဆိုင်ရာ အခမ်းအနားများနှင့် လူငယ်လှုပ်ရှားမှုများတွင် လူငယ်များအကြား ချိတ်ဆက်မှုများကို အချို့စစ်တမ်းများတွင် ရှာဖွေတွေ့နိုင်သည်။ ဤစာတမ်းတွင် ဖော်ပြထားသော ဖြစ်စဉ်များက ကျေးလက်ဒေသမှ လူငယ်များသည် ချိတ်ဆက်လုပ်ဆောင်မှုများ ပြုလုပ်ရန်ပင် အခွင့်အလမ်းများ နည်းပါးလျက်ရှိကြောင်း ဆိုသည်။ (အခန်း ၄ ကို ကြည့်ပါ။ ) Grizelj (2018), pp. 3–4 and CUSO International (2015), p. 24 ကို ကြည့်ပါ။

ပုံ ၅ - လူငယ်များက အနာဂတ်သည် လက်ရှိပစ္စုပ္ပန်ထက် ပိုမိုကောင်းမည်ဟု ယူဆကြသည်




မေးခွန်း - အနာဂတ်ကို ဘယ်လိုထင်ပါသလဲ။ နောင် ၅နှစ်အကြာတွင် မြန်မာနိုင်ငံရှိ လူငယ်များနှင့် သင့်အနာဂတ်သည် လက်ရှိထက် ပိုမိုကောင်းမွန်မည်ဟု ယူဆပါသလား။

ကွဲပြားသူများအတွက် ထောက်ပံ့ရေးအဖွဲ့အစည်း တစ်ခုဖြစ်တဲ့ ကာလာရိန်းဘိုးအဖွဲ့က ကျင်းပတဲ့ သင်တန်းများနဲ့ လမ်းညွှန်အကြံပေး အစီအစဉ်များကို တက်ရောက်ခဲ့ပါတယ်။ ထိုအစီအစဉ်ကို တက်ရောက်နေချိန်မှာ မော်လမြိုင်အခြေစိုက် လိင်စိတ်ခံယူမှု ကွဲပြားသူတွေအတွက် အဖွဲ့တစ်ခုဖွဲ့စည်းဖို့ စိတ်ကူး ရခဲ့ပါတယ်"ဟု မော်လမြိုင်အခြေစိုက် ရိန်းဘိုးအဖွဲ့ တည်ထောင်သူများထဲမှ တစ်ဦးကပြောသည်။

၂၀၁၅ ခုနှစ်တွင် လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ပတ်သက်သော နိုင်ငံတော်အဆင့် စကားရည်လု ပြိုင်ပွဲတစ်ခုတွင် ပါဝင်ခဲ့ပြီးနောက် ကဏ္ဍအသီးသီး တွင် လိင်စိတ်ခံယူမှုကွဲပြားသူများ ပိုမိုပါဝင်နိုင်စေရန် နှင့် အခွင့်အရေးများ ပိုမိုရရှိနိုင်စေရန် ပိုမိုဆောင်ရွက် ခဲ့သည့်အပြင် ၂၀၁၆ ခုနှစ်တွင် Rainbow Star အဖွဲ့အစည်းကို တည်ထောင်ခဲ့ကြောင်းပြောသည်။

ချိတ်ဆက်လုပ်ကိုင်ခြင်းများ ပြုလုပ်ခြင်းသည် ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးအတွက် ထိရောက်စွာ လှုံ့ဆော်မှုပေးနိုင်သည်ဟု မြန်မာနိုင်ငံ ရှိလူငယ်များ မှတ်ယူကြကြောင်း စစ်တမ်းရလဒ်များ အရသိရသည်။ လူငယ်များအနေဖြင့် နိုင်ငံရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မည်သည့် အတွက် တက်ကြွစွာလုပ်ဆောင်ကြသနည်းဟု မေးမြန်းရာတွင် ခွဲခြားခံရမှုများနှင့် တရားမမျှတမှုများ အတွက်ဟူသော အဖြေထက် "သူတို့ကိုယ်သူတို့ တိုးတက်စေရန်"၊ "သက်မွေးဝမ်းကျောင်းလုပ်ငန်း များအတွက် မျှော်မှန်းထားသော ပန်းတိုင်ရောက်ရှိ စေရန်"၊ "အနာဂတ်မှာ လိုအပ်မယ့် အရည်အသွေး တွေ ရရှိစေရန်" စသဖြင့်သာ ဖြေဆိုကြသည်။ (ပုံ ၁ ကို ကြည့်ပါ) ဤစိတ်လှုံ့ဆော်မှုများသည် အဘယ်ကြောင့် လူငယ်များအခမ်းအနားများတွင် ပါဝင်နေရသည်ဆိုသည့်အကြောင်းရင်းများဖြစ်သည်။ "ပြီးခဲ့သောနှစ်များတွင် လူငယ်များသည် ဘွဲ့ရပြီးပြီး ချင်း လခစားအလုပ်များကို လုပ်ကိုင်ကြပြီး လူမှုရေး လုပ်ငန်းများ ဆောင်ရွက်လေ့မရှိကြပေ"ဟု ရန်ကုန်မှ တက်ကြွလှုပ်ရှားကျောင်းသူတစ်ဦးကပြောသည်။ "ထိုအရည်အသွေးများကို လူငယ်တွေ ဦးဆောင်တဲ့ အခမ်းအနားတွေမှာ ပါဝင်ပြီးတော့သင်ရရှိနိုင်ပါတယ်"

လူငယ်အများစုသည် ကိုယ်ရည်ကိုယ်သွေး တိုးတက် ရန် အခမ်းအနားများ တက်ရောက်လိုကြပြီး အတွေ့အကြုံသစ်များရရှိရန် ထိုကဲ့သို့သော အခမ်း အနားများတွင် ပူးပေါင်းပါဝင်လိုကြသည်။ လူငယ် အခမ်းအနားများသည် စိတ်ကူးအပိုင်း အစများမှ ကတိကဝတ်များအထိ၊ ထိုမှတစ်ဆင့် ချိတ်ဆက် လုပ်ဆောင်မှုများအထိ ထောက်ပံ့ကူညီပေးနိုင်သည်။



၂၀၁၈ ခုနှစ်မှာ အာဆီယံလူငယ်လေ့ကျင့်ရေးစခန်းမှ ပြုလုပ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခမ်းအနားတစ်ခုကို ထိုင်းနိုင်ငံမှာ တက်ရောက်ခဲ့ တယ်။ ထိုနေရာမှာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တာတွေကို များစွာလေ့လာခဲ့ရတယ်။ နိုင်ငံ ၁၁ နိုင်ငံမှ လူငယ်ကိုယ်စားလှယ်များက သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရန် နည်းလမ်းများကို ဆွေးနွေးအဖြေရှာခဲ့ကြတယ်။ မြန်မာနိုင်ငံအနေနဲ့ လည်း ကိုယ်ပိုင်ဖြေရှင်းနည်းများဖြင့် ရင်ဆိုင်ရန် ပိုမိုလိုအပ်တယ်လို့ ကျွန်တော်ခံစားရတယ်။ ဒါကြောင့် ကျွန်တော် မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိချိန်မှာ ထိုအကြောင်းအရာအကြောင်းကို ချိတ်ဆက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ရန်ကုန် တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှာ ပါဝင်ခဲ့တယ်။ လူငယ်စခန်းကို မတက်ရောက်မီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာတွေကို ယခုလောက် ကျွန်တော် စိတ်မဝင်စားခဲ့ပေမဲ့ တက်ရောက်ပြီးချိန်မှာတော့ ပတ်ဝန်းကျင် ထိန်းသိမ်းဖို့ ဘယ်လိုဖြေရှင်းရမယ် ဆိုတာတွေအတွက် အဖြေရှာဖို့ ကျွန်တော်တွေးနေမိ တော့တာပဲ။ အတန်းတင်စာမေးပွဲပြီးတော့ ကျွန်တော့်အင်္ဂလိပ် ဘာသာစကားတိုးတက်ဖို့ အမေရိကန်စင်တာက iNature အစီအစဉ်ကို တက်ရောက်ခဲ့ပြီး ထိုအစီအ စဉ်က ကျွန်တော့်ကိုသဘာဝပတ်ဝန်းကျင်ဆိုင်ရာ တွေကို စိတ်ဝင်စားစေခဲ့ပါတယ်။

တစ်စုံတစ်ခု ဆောင်ရွက်ရန် စိတ်အားထက်သန်ခြင်း သည် ပုဂ္ဂိုလ်ရေးအောင်မြင်ကျော်ကြားစေရန် တွန်းအားတစ်ခုဖြစ်သည်ဟု လူငယ်များက ဆက်စပ် ယူဆကြသည်။ တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးက "ကျွန်တော် ဘာလို့ တက်ကြွလှုပ်ရှားသူ ဖြစ်ရသလဲ ဆို ကျွန်တော်လူတွေကို ကူညီချင်လို့ပါ။ ပထမ

ပုံ ၆ - တက်ကြွလှုပ်ရှားသူတစ်ဦးသည် လူအများရှေ့စကားပြောဆိုနိုင်မှု၊ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စပြဿနာများ အကြောင်း ဗဟုသုတရှိမှုနှင့် မြန်မာဘာသာစကား ပြောဆိုနိုင်မှု စွမ်းရည်အရည်အသွေးများ ရှိရမည်ဟု လူငယ်များ ထင်မြင်ကြသည်။




မေးခွန်း - မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် လူမှုရေးရာ ပြောင်းလဲမှုများ ပြုလုပ်လိုသူ လူငယ်များအတွက် မည်သည့်အရည်အသွေးသည် အရေးအပါဆုံး၊ အလိုအပ်ဆုံးဖြစ်သနည်း။ အထက်ဖော်ပြပါများမှ သင်နှစ်သက်ရာကို ရွေးချယ်ဖော်ပြနိုင်ပါသည်။

အချက်က ကျွန်တော်က ထောက်ပံ့ ကူညီပေးချင်လို့ပါ။ နောက်တစ်ချက်ကတော့ နိုင်ငံခြားပညာသင်ဆုရချင်လို့ပါ"။ အချို့လူငယ်ဆိုင်ရာ အစီအစဉ်များသည် ထိုဆက်စပ်မှုကို နားလည်ကြသည်။ စွမ်းဆောင်ရည်ပြည့်ဝန်ထမ်းဖြစ်စေရန် အရည်အသွေးမြှင့် သင်တန်းများတွင် သင်တန်းနှင့် လူငယ်များအကြား ဆက်သွယ်မှုတစ်ခုကို တည်ဆောက်ထားကြပြီး ထိုဆက်သွယ် နားလည်မှုဖြင့် သင်တန်းကို ပြန်လာစေရန် ထိန်းသိမ်းထားနိုင်သည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ၏ အရည်အသွေးမြှင့် သင်တန်းများတွင် လူငယ်များကို လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားမူဝါဒမှ အကြောင်းအရာများကို လှုပ်ရှားမှုများအဖြစ် ရည်ရွယ်ချက်ရှိရှိ ထည့်သွင်း မိတ်ဆက်ပေးသည်။

ထို့အတူ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ၏ လူငယ်စင်တာတွင် ဖွင့်လှစ်သင်ကြားပေးသော အင်္ဂလိပ်စာနှင့် တရုတ်ဘာသာစကား သင်တန်းများအပါအဝင် ပညာသင်ဆုလျှောက်ထားခြင်းနှင့် အရည်အသွေးမြှင့် သင်တန်းများကိုလာရောက်တက်ရောက်သူများသည်လည်း ထိုသင်တန်းများကို လာရောက်သင်ကြားရာမှ ကချင်လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုအစီအစဉ်များတွင် ပိုမိုပါဝင်လာရန် နိုးကြားတက်ကြွလာကြသည်။

ပုံ ၇ - လူငယ်များကို တက်ကြွလှုပ်ရှားသူများ ဖြစ်စေရန် လိုအပ်သော အရည်အသွေးများ ရရှိရန် မိဘများ၊ တက္ကသိုလ်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ကူညီပေးနိုင်သည်ဟု ယုံကြည်ကြသည်။




မေးခွန်း - ဖော်ပြပါ ထိုအရည်အသွေးများကို လူငယ်များရရှိရန် မည်သူကူညီ နိုင်မည်ဟု သင်ထင်ပါသနည်း။



## လူငယ်လှုပ်ရှားမှုကို အားပေးခြင်း

လူငယ်များသည် ဇာတိစွဲနှင့် (ကိုယ်တိုင် သို့မဟုတ် မိမိနှင့် တွေ့ဆုံခဲ့ဖူးသူများတွေ့ကြုံခဲ့ရသော မတရားမှုများကဲ့သို့) နေ့စဉ်ဘဝတွင် တွေ့ကြုံနေရသည်များအတွက် လှုပ်ရှားမှုများပြုလုပ်ရန် စိတ်အားထက်သန်ကြပြီး လူငယ်အခမ်းအနားများသည် ထိုစိတ်လှုံ့ဆော်မှုများကို စဉ်ဆက်မပြတ် ချိတ်ဆက်လှုပ်ရှားမှုများဖြစ်စေရန် ပြောင်းလဲပေးနိုင်သည်။ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လိုစိတ်ကို မည်သည့်နေရာမှမဆို လူငယ်များ ရရှိနိုင်သော်လည်း ချိတ်ဆက်လုပ်ဆောင်မှုများကိုဆက်လက်လုပ်ဆောင်နိုင်စေရန် လူငယ်အခမ်းအနားများလိုအပ်သည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ စည်းဝေးဟောပြောပွဲများနှင့် သင်တန်းများနှင့်ဆက်စပ်ခြင်းမရှိပါက အစပြုဖြစ်တည်နေသော ပြုပြင်ပြောင်းလဲလိုစိတ်များသည် ရေရှည်ခိုင်မြဲသော ချိတ်ဆက်လှုပ်ရှားမှုများအဖြစ်သို့ ရောက်ရှိရန် မလွယ်ကူပါ။ ဖြစ်စဉ်များတွင် ပါဝင်လှုပ်ရှားခဲ့သူ လူငယ်များနှင့် မပါဝင်ဖူးသူ လူငယ်များသည် အခွင့်အလမ်းများ ရရှိမှုတွင်မူ ခြားနားမှုများ ရှိနေနိုင်သည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် အလုပ်လက်မဲ့ လူငယ်များနှင့် ကျေးလက်ဒေသမှ လူငယ်များသည် [၂၅] အလုပ်ရုံဆွေးနွေးပွဲများ၊ စည်းဝေးဟောပြောပွဲများနှင့် သင်တန်းများကို ပိုမိုတက်ရောက်နိုင်ပါလျှင် ၎င်းလူငယ်များသည် ရွေးချယ်ရန် အခွင့်အလမ်းများ ပိုမိုရရှိနိုင်သည်။

မြန်မာနိုင်ငံရှိ လူငယ်ချိတ်ဆက်လုပ်ဆောင်မှုများကို အားပေးလိုသော အဖွဲ့အစည်းများအနေဖြင့် အခမ်းအနားများကျင်းပရာတွင် မြို့ပြမဟုတ်သော နေရာများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော ကျေးလက်ဒေသများ၌ တိုးချဲ့ဆောင်ရွက်နိုင်သည်။ ထိုအခမ်းအနားများတွင် နိုင်ငံရေး သို့မဟုတ် လူမှုပြဿနာများအတွက် ဖြေရှင်းရမည့်နည်းလမ်းများကို လူငယ်အချင်းချင်း နိစ္စဓူဝ ဖြတ်သန်းနေသော ဒေသတွင်း အတွေ့အကြုံများဖြင့် ဆက်စပ်ဆွေးနွေးသည့် လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ ထိုအခမ်းအနားများကို လူငယ်များ ပိုမိုစိတ်ဝင်စားကြစေရန် အလုပ်အကိုင် အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများလည်း ထည့်သွင်းကြသည်။ စဉ်ဆက်မပြတ် ချိတ်ဆက်လုပ်ဆောင်မှုများကို နှစ်ပေါင်းများစွာတိုင်စေရန် နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများသည် ဤနည်းလမ်းဖြင့် လူငယ်များကို စေတနာ့ဝန်ထမ်း၊ ပရဟိတပြုလုပ်လိုစိတ်များ ပိုမိုရရှိစေရန် ကူညီလုပ်ဆောင်နိုင်သည်။ (အခန်း ၅ တွင် ကြည့်ပါ)

[၂၅] > ကျေးလက်ဒေသမှ လူငယ်များသည် အလုပ်အကိုင်ရှားပါးပြီး စားဝတ်နေရေးကိစ္စများကြောင့် နိုင်ငံရေးရာနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးရာများကို စိတ်ဝင်စားမှု မရှိကြပေ အခန်း ၄ (Htet Lynn Oo & Myo Myo Kyaw, 2019: p. 8) ကို ကြည့်ပါ။

# အခန်း - ၃
# လူငယ်ချိတ်ဆက်လုပ်ဆောင်ခြင်း၏ အဓိပ္ပါယ် - ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ဟန်ချက်ညီမျှစေခြင်း

၂၀၁၉ခုနှစ် အောက်တိုဘာလနောင်းပိုင်းတွင် ရန်ကုန်တက္ကသိုလ်ကို ပြုပြင်မွမ်းမံမည်ဟု စီစဉ်ခဲ့ကြသည်။ ကျောင်းဝင်းတစ်လျှောက် ပတ်လမ်းဖောက်လုပ်မည်ဖြစ်သည်။ လမ်းဖောက်လုပ်မည့်သူများသည် ပတ်လမ်းအတွက် လမ်းရှင်း၍ ခုတ်လှဲရမည့်အပင်များကို အမှတ်အသားများ စတင်ပြုလုပ်နေကြသည်။ တက္ကသိုလ်စီမံအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဆရာ၊ ဆရာမ အဖွဲ့အစည်းနှင့် ကျောင်းသားသမဂ္ဂကို အကြောင်းကြားခဲ့သည်။ [၂၆] ထိုကြေညာချက်မှာ ဖေ့စ်ဘုတ်လူမှုကွန်ရက်တွင် လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။

ထိုကြေညာချက်ကို ကျောင်းသားများ အမျက်ထွက်ခဲ့ကြပြီး နိုဝင်ဘာလဆန်းတွင် ထိုစီမံကိန်းဆောင်ရွက်မည့်နေရာတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးဆောင်ဆန္ဒပြခဲ့သည်။ [၂၇] ထို့ပြင် သစ်ပင်များအပေါ်တွင် "မခုတ်လှဲပါနှင့်"ဟု စာတန်းများ ချိတ်ဆွဲခဲ့ကြသည်။ သတင်းစာများတွင် အော်လန်များဖြင့် သပိတ်မှောက်ဆန္ဒပြသူ ကျောင်းသားလူငယ်များ၏ ဓာတ်ပုံများကိုဖော်ပြခဲ့သည်။ [၂၈]

အခြားအဖွဲ့အစည်းတစ်ခုဖြစ်သော ရန်ကုန်တက္ကသိုလ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် ထိုအငြင်းပွားမှုကို မျှဝေယူကာ မတူညီသောပုံစံဖြင့် ဖြေရှင်းခဲ့သည်။ ထိုကလပ်၏ ဥက္ကဌက အာဏာပိုင်များကို တိုက်ရိုက်ဆက်သွယ်ခဲ့သည်။ ထိုစီမံကိန်း၏ ခွင့်ပြုမိန့်နှင့် ပတ်သက်ပြီး သစ်တောရေးရာဝန်ကြီးဌာနကို ဆက်သွယ်ခဲ့ပြီး ထိုအခြေအနေများနှင့် ပတ်သက်ပြီး သတင်းပေးရန် ပညာရေးဝန်ကြီးဌာနကိုလည်း သီးခြားဆက်သွယ်ခဲ့သည်။ နောက်တစ်နေ့တွင် ထိုဝန်ကြီးဌာန၏ ဥက္ကဌ ပြန်လည်ဆက်သွယ်ခဲ့ပြီး ကျောင်းသားများနှင့် တွေ့ဆုံရန်ဖိတ်ကြားစေခဲ့သည်။

ထိုတစ်ပတ်အတွင်းတွင်ပင် အစည်းအဝေးကျင်းပခဲ့ပြီး ကျောင်းသားသမဂ္ဂ၊ ဆရာများအသင်း၊ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် အစိုးရနှင့် တက္ကသိုလ်တာဝန်ရှိသူများကို ရည်ရွယ်သော မေးခွန်းများကို သူတို့၏လူမှုကွန်ရက်တွင် လူထုသဘောထားကောက်ခံခဲ့ပြီး ထိုမေးခွန်းများကို အစည်းအဝေးသို့ ယူဆောင်လာခဲ့ကြသည်။ ကျောင်းသားသမဂ္ဂသည် ထိုစီမံကိန်းသုံးစွဲငွေနှင့် ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုအခြေအနေတင်းမာသော အစည်းအဝေးပြီးနောက် ပါဝင်သူများအားလုံးအတွက် သဘောတူညီမှုတစ်ခု ရရှိခဲ့ကြသည်။ ၎င်းမှာ သစ်ပင်ခုတ်ခြင်းကို လက်ရှိရပ်နားထားပြီး သစ်ပင်များကို ဆရာနှင့် ကျောင်းသားများ၏ သဘောတူညီမှုဖြင့်သာ ခုတ်လှဲရန် ဘုံသဘောတူညီမှုဖြစ်သည်။ တက္ကသိုလ်တာဝန်ရှိသူများက ဒုတိယအကြိမ် အစည်းအဝေးသို့ ကျောင်းသားများကို ထပ်မံဖိတ်ကြားခဲ့ကြသည်။

ဤအငြင်းပွားမှုဖြစ်စဉ်မှာ လက်ရှိအချိန်ထိ ပြီးပြတ်ခြင်းမရှိသေးပေ၊ သစ်ပင်များကို ပြန်လည်စိုက်ပျိုးပေးမည်လောဆိုသည်မှာ မရှင်းလင်းသေးပေ။ သို့သော် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ခြင်းဖြင့် စီမံကိန်းကို ရပ်နားလိုက်ခြင်းမှာ ထင်ရှားသော အောင်မြင်မှုပင်ဖြစ်သည်။ လူငယ်များက သူတို့၏ အတွေးအမြင်များကို သိသာအောင် ဖော်ပြခဲ့ကြပြီး အာဏာပိုင်များက တုံ့ပြန်ပေးခဲ့ကြသည်။

ဤပြုပြင်ပြောင်းလဲမှုများ မည်ကဲ့သို့ ဖြစ်ပေါ်လာသနည်း။ ဤကဲ့သို့သော အသိအမှတ်ပြုမှုများသည် မည်သူများဖြင့် ထိုက်တန်ပါသနည်း။ မည်ကဲ့သို့ ချဉ်းကပ်နည်းများသည် ပိုမိုထိရောက်ပါသနည်း။

## ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရန် အခွင့်အလမ်းများ

ယနေ့ခေတ် လူငယ်များသည် မိမိတို့၏ အတွေးအမြင်များကို ထုတ်ဖော်ရန် အခွင့်အလမ်းများ ပိုမိုရရှိကြသည်။ မြန်မာနိုင်ငံတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပိုမိုနေရာရရှိလာကြပြီး လူငယ်များအတွက် မိမိစိတ်ဝင်စားသော အကြောင်းအရာ၊ အရေးကိစ္စများတွင်ပါဝင်ရန် နည်းလမ်းအသစ်များ ပေါ်ပေါက်လာနေသည်။ [၂၉] ပြီးခဲ့သော ကျောင်းသားမျိုးဆက်များကဲ့သို့ လူထုဆန္ဒပြပွဲများ ပြုလုပ်ရန်အတွက် ဟန့်တားခံရခြင်းမျိုး မရှိတော့ပေ။ နိုင်ငံရေးနှင့် လူမှုရေးချိတ်ဆက်ဆောင်ရွက်မှု ဆိုင်ရာများကိုပင် ဆန္ဒပြနိုင်ကြပြီဖြစ်သည်။

ဤစစ်တမ်းတွင် လူငယ် ၈၈ ရာခိုင်နှုန်းသည် ပြီးခဲ့သောတစ်နှစ်အတွင်း မိမိ၏ စိတ်ဆန္ဒသဘောအလျောက် ပရဟိတပြုလုပ်ခဲ့ကြသည်ဟု ဆိုကြသည်။ ၆၇ ရာခိုင်နှုန်းမှာ မိမိတို့၏ ဆန္ဒအလျောက် လှူဒါန်းမှုပြုခဲ့ကြပြီး ၄၆ ရာခိုင်နှုန်းမှာ စေတနာ့ဝန်ထမ်းအဖြစ် ပရဟိတပြုလုပ်ခဲ့ကြသည်။ ၁၄ ရာခိုင်နှုန်းမှာ အွန်လိုင်းမှတစ်ဆင့် အကြံပေးရွေးချယ်ပေးခဲ့ကာ ၁၁ ရာခိုင်နှုန်းမှာ အွန်လိုင်းကမ်ပိန်းများတွင် ပါဝင်ခဲ့ကြသည်။ လေးရာခိုင်နှုန်းသော လူငယ်များသာ အာဏာပိုင်များဖြင့် ဆက်သွယ်ပြောဆိုမှုများ ရှိကြသည်။ နှစ်ရာခိုင်နှုန်းသာ ဆန္ဒပြပွဲများတွင် ပါဝင်ကြပြီး တစ်ရာခိုင်နှုန်းထက် နည်းသူများသာ သပိတ်မှောက်ခြင်းကို ပြုလုပ်ကြသည်။

ဒေသပိုင်အာဏာပိုင်များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းထက် ငွေကြေးလှူဒါန်းခြင်းကဲ့သို့သော အချို့သော ချိတ်ဆက် ဆက်သွယ်မှုနည်းလမ်းများကို လူငယ်များအနေဖြင့် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်လျက်ရှိကြောင်း စစ်တမ်းရလဒ်များက ဖော်ပြနေသည်။

သို့သော် သူတို့သည့် လူငယ်တစ်ဦး စဉ်းစားတွေးခေါ်နိုင်သော ထိရောက်မှုအရှိဆုံး ချိတ်ဆက်လုပ်ဆောင်ခြင်းများကိုမူ တုံ့ပြန်ဖြေဆိုနိုင်ကြသည်။ စစ်တမ်းရလဒ်များအရ လူငယ်အများစုသည် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများကသာ ပိုမိုထိရောက်မှုရှိသည်ဟု စဉ်းစားတွေးခေါ်ကြသည်။ အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း၊ ဒေသအာဏာပိုင်များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် ဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းများသည် အချို့သော ဖြစ်ရပ်များတွင် ကန့်ကွက်ခြင်း၊ သပိတ်မှောက်ခြင်း၊ အကြမ်းဖက်ခံကာ ဆန္ဒပြခြင်းများထက် ပိုမိုထိရောက်မှုရှိပါသည်။

လူငယ်အဖွဲ့အစည်းများတွင် အပြောင်းအလဲမည်မျှပြုလုပ်နိုင်မည်ဟူသော မေးခွန်းသည် တက်ကြွလှုပ်ရှားသူများ နေ့စဉ်နှင့်အမျှပြုလုပ်နေသော ဆွေးနွေးပွဲများအတွက် လွန်စွာအရေးပါသည်။ မတူညီသော အဖွဲ့အစည်းများ သူတို့ကိုယ်သူတို့ မည်ကဲ့သို့ ရှုမြင်သည်နှင့်လည်းသက်ဆိုင်သည်။ ဤစစ်တမ်းတွင် ရည်ညွှန်းဖော်ပြသော အဖွဲ့အစည်းများတွင် တက်ကြွလှုပ်ရှားသူများသည် မတူညီသော လှုပ်ရှားမှုအစီအစဉ်များ၏ အားသာချက်နှင့် အားနည်းချက်များကို စဉ်ဆက်မပြတ် ချိန်ဆလျက်ရှိသည်။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းမှ ပူးပေါင်းဆောင်ရွက်ခြင်းများ အဆင့်ဆင့်တွင် (လေးထောင့်ကွက် ၃ ကို ကြည့်ပါ။) အဖွဲ့ဝင်များ၏ ရည်ရွယ်ချက် ပန်းတိုင်၊ တန်ဖိုးထားမှုများ၊ ရင်းမြစ်များသာမက ရင်ဆိုင်နိုင်ရသော အန္တရာယ်များ စသောအချက်အလက်များအပေါ် မူတည်ကာ ဆုံးဖြတ်ရမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှ ပတ်လမ်းဖောက်မည့် စီမံကိန်းဖြစ်စဉ်သည် ထင်ရှားသော နမူနာတစ်ခုဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် အာဏာပိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းနည်းလမ်းကို အသုံးပြုခဲ့ပြီး ကျောင်းသားသမဂ္ဂသည် ကန့်ကွက်ခြင်းနှင့် ဆန္ဒပြခြင်းနည်းလမ်းကို အသုံးပြုခဲ့သည်။

ပုံ ၈ - လူငယ်အများစုသည် ပြီးခဲ့သောတစ်နှစ်အတွင်း စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည် သို့မဟုတ် ငွေကြေးလှူဒါန်းခဲ့သည်။




မေးခွန်း - လွန်ခဲ့သော တစ်နှစ်အတွင်း ဖော်ပြပါမှ မည်သည့်များကို သင်ဆောင်ရွက်ခဲ့သနည်း?

၂၆ > Zaw Zaw Htwe (2019) ကို ကြည့်ပါ။

၂၇ > သုတေသန ပြုလုပ်စဉ်တွင် ကျောင်းသားသမဂ္ဂကို တွေ့ဆုံမေးမြန်းမှုပြုရန် ဆောင်ရွက်ခဲ့သော်လည်း ထိုအဖွဲ့ဝင်များသည် ပါဝင်ရန် ဆန္ဒမရှိခဲ့ကြပေ။

၂၈ > Myat Moe Aung (2019) ကို ကြည့်ပါ။

၂၉ > အာဏာပိုင်များဖြင့် ပထမဆုံးအကြိမ် အောင်မြင်စွာ ချိတ်ဆက်လုပ်ဆောင်နိုင်ပြီး နောက်ပိုင်းတွင် ပိုမိုချိတ်ဆက်လာနိုင်ကြမည်ဟု အခြားစစ်တမ်းများတွင် ဖော်ပြထားသည်. (Htet Lynn Oo & Myo Myo Kyaw, 2019: p. 5) ကို ကြည့်ပါ။

## ပူးပေါင်းဆောင်ရွက်ခြင်း၏ အားသာချက်နှင့် အားနည်းချက်များ

"ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့က ငြိမ်းချမ်းစွာ ဖြေရှင်းတဲ့နည်းလမ်းတွေကိုသာ နှစ်သက်ပါတယ်။ ဆန္ဒပြပွဲတွေ မလုပ်ပါဘူး"ဟု ထိုအသင်း၏ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ "ဆန္ဒပြခြင်းတွေက စေ့စပ်ညှိနှိုင်းဖို့ နည်းလမ်း အများတစ်ခု ဖြစ်သွားနိုင်ပါတယ်" ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ ခေါင်းဆောင်မှု ရှုထောင့်တွင် ဆန္ဒပြခြင်းများသည် ဖြစ်လိုသော ရလဒ်များ၏ ဆန့်ကျင်ဘက်ရလဒ်များကို ဖြစ်သွား စေနိုင်သည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ အဖွဲ့ဝင်များနှင့် ခေါင်းဆောင်များသည် မိမိတို့ အဖွဲ့ အနေဖြင့် အာဏာပိုင်များနှင့် ချိတ်ဆက်ဆွေးနွေးမှု များ ပြုလုပ်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်မှ သစ်ပင် ခုတ်လှဲခြင်းများကို တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ အခြေအနေတင်းမာသော စည်းဝေးတွေ့ဆုံပွဲများ ရှိခဲ့လျှင်ပင် အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းသည် အကြမ်းဖက်မှုကင်းစွာဖြင့် အရေးကိစ္စများကို ရှင်းထုတ်ဖော်ထုတ်ပြောဆိုနိုင် သည်။ "လူငယ်တွေအနေနဲ့ ဆန္ဒပြပွဲတွေမှာပဲ မပါဝင်သင့်ဘူး၊ ဆန္ဒပြတာတစ်ခုတည်းက အဖြေ မဟုတ်ဘူး။ ဒါက စိတ်မကျေလည်မှုတွေ၊ ဒေါသတွေကိုပဲ တိုးပွားစေနိုင်မှာ"ဟု ရန်ကုန် တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးကပြောသည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့သည် ထိုလမ်းဖောက်ခြင်း စီမံကိန်းနှင့် ပတ်သက်၍ အာဏာပိုင်များဖြင့် ချိတ်ဆက်ဆွေးနွေး မှုများကို ဆက်လက်ပြုလုပ်နိုင်ရန် အစီအစဉ်ချမှတ် ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများကို လမ်းညွှန်မှုပေးနိုင်ရေးအတွက် အကြံဉာဏ်ပေးအပ် မည့် အဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် ရည်မှန်းထားပြီး ထိုကဲ့သို့သော နည်းလမ်းဖြင့် ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းသွားမည်ဖြစ်သည်။



အများအားဖြင့် အခြားသူများကိုသာ အပြစ်တင်ရန် တရားသေ စွဲကိုင်ထားသူ တက်ကြွလှုပ်ရှားသူများစွာ ရန်ကုန်တက္ကသိုလ်တွင်ရှိသည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော အရေးကိစ္စများကို ထိုကဲ့သို့မဟုတ်ဘဲ မတူညီသော နည်းလမ်းများဖြင့် ဖြေရှင်းလိုသည်။ ဤအဖွဲ့အစည်းကို ကျွန်တော် ဆောင်ရွက်စေလိုသည်က ဖြစ်စဉ်အချက်အလက် များကို အခြေပြုပြီး လမ်းညွှန်ပေးရန်သာဖြစ်သည်။ ပြဿနာများကို လက်ညှိုးထိုးဝေဖန်မနေဘဲ ဆွေးနွေး အဖြေရှာ ဖြေရှင်းပေးစေလိုသည်။ သင့်အနေဖြင့် ဆန္ဒပြမည်ဆို သင်ကပြဿနာကို သင်ကိုယ်တိုင် ဖြေရှင်းသည်မဟုတ်ဘဲ အခြားသူများကို ဖြေရှင်းပေး ရန်သာ တောင်းဆိုခြင်းဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းဝင်းအတွင်း သစ်ပင်ခုတ်လှဲခြင်း ဖြစ်စဉ်မျိုးကဲ့သို့ပင် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီသည်လည်း တူညီသော ချဉ်းကပ်ဖြေရှင်းနည်းတစ်ခုကို ကျင့်သုံးခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ၏ အဖွဲ့ဝင်များသည်လည်း အချို့ကိစ္စများတွင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးသက်ရောက်မှုရှိသည်ဟု မှတ်ယူကြသည်။ အစိုးရကို လွှမ်းမိုးနိုင်သော လူငယ်များရှိရာနေရာ ဖြစ်သော လူငယ်ရေးရာကော်မတီတွင် နေရာတစ်ခု ရယူခဲ့ကြသည်။ "လူငယ်ရေးရာကော်မတီမှာဆို အစိုးရက သင့်ကိုသိနေတဲ့အတွက် အနည်းဆုံးတော့ အစိုးရကို ဆက်သွယ်ဖော်ပြဖို့ အခွင့်အလမ်း ရှိတယ်" ဟု ကော်မတီ၏ အတွင်းရေးမှူးက ဆိုသည်။

"ကျွန်တော်တို့ လူငယ်ရေးရာကော်မတီ အသင်းဝင် များဖြစ်ကတည်းက အစိုးရက ကျွန်တော်တို့ အသံ တွေ၊ တင်ပြပြောဆိုမှုတွေကို ကောင်းစွာနားထောင် ပေးပါတယ်။ သူတို့အရေးကိစ္စတွေကို လူငယ်ရေးရာ ကော်မတီဝင်တွေက တိုက်တွန်းနိုင်ပါတယ်" ဟု လူငယ်ရေးရာကော်မတီ၏ နောက်ထပ်အဖွဲ့ဝင် တစ်ဦးကပြောသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီကို ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများအတွက် ရည်ရွယ်ချက်ရှိစွာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး အစိုးရမှ ထောက်ပံ့ပေးသည့် ကော်မတီတစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီအနေဖြင့် ထိလွယ်ရှလွယ် ဖြစ်သော အခြေအနေများကို လုပ်ဆောင်နိုင်ရန် အချို့သော အခြေအနေများတွင် မတူညီသော

ပုံ ၉ - လူငယ်များသည် မဲပေးရွေးချယ်ခြင်းနှင့် လူထုကို အသိပညာပေးရန် လှုပ်ရှားမှုများသည် ထိရောက်မှု အရှိဆုံးဟု ထင်မြင်ကြသည်။




မေးခွန်း - မည်သည့်လုပ်ရပ်သည် အပြောင်းအလဲများ ဖော်ဆောင်ရန် အထိရောက်ဆုံး ဖြစ်သနည်း။ ဆိုလိုသည်မှာ ထိရောက်မှုရှိစွာ အပြောင်းအလဲများ ဖန်တီးဖော်ဆောင်ရန် ဖြစ်သည်။



ချဉ်းကပ်နည်းများလိုအပ်ကြောင်း အဖွဲ့ဝင်များက အသိအမှတ်ပြုညွှန်းဆိုကြသည်။ ပူးပေါင်းဆောင်ရွက် ခြင်း၏ အကျိုးကျေးဇူးများကို ကော်မတီအဖွဲ့ဝင်များ အကြား အသိအမှတ်ပြုကာ ချဉ်းကပ်ခြင်းများ၏ တန်ဖိုးကို ဖော်ညွှန်းကြသည်။

အချို့သောနည်းလမ်းများတွင် အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းသည် လူငယ်များအတွက် လူမှုရေး နှင့် နိုင်ငံရေး ချိတ်ဆက်ဆောင်ရွက်မှုများတွင် ပိုမို အကျိုးဖြစ်ထွန်းစေသည်။ စင်စစ်အားဖြင့် အချို့ လှုပ်ရှားမှုများတွင် အခမ်းအနားအဖြစ် သို့မဟုတ် လှုပ်ရှားမှုတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ရန် ဒေသ အာဏာပိုင်များထံမှ ခွင့်ပြုမိန့်ရရှိရန်ပင် စိန်ခေါ်မှုများ ရှိသည်။ ဥပမာအားဖြင့် လူငယ်ရေးရာ ကော်မတီ သည် ထိုကဲ့သို့သော ခွင့်ပြုမိန့်များကို လွယ်ကူစွာ ရရှိနိုင်သည်သာမက အခြားသော အဖွဲ့အစည်းများ ချိတ်ဆက်ဆက်သွယ်ခွင့်မရနိုင်သော အစိုးရထံမှပင် ငွေကြေးဆိုင်ရာ ထောက်ပံ့ခွင့်များရရှိနိုင်သည်။

## ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းမှာ အမြဲတမ်းအတွက် မဖြစ်နိုင်ပါ

ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်များကို အဖွဲ့အစည်းများအားလုံး တူညီစွာ အလွယ်တကူ မရရှိနိုင်ကြပါ။ မတူညီသော လူငယ်လှုပ်ရှားမှုများတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခွင့် ရရှိလိုကြသော် လည်း ချိတ်ဆက်ခွင့်ရရှိလျှင်ပင် အောင်မြင်မှုရရှိရန် မသေချာနိုင်ပေ။ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများနှင့် ထိတွေ့ ခွင့်ကိုလည်း အဖွဲ့အစည်းတိုင်း မရရှိနိုင်ကြပေ။ ထိုချိတ်ဆက်မှုများ ရရှိခြင်းသည် တင်းမာသည့် အခြေအနေရင်းမြစ်များကြောင့်လည်း ဖြစ်နိုင်သည်။ "၂၀၁၉ ခုနှစ်တွင် အစိုးရက မြို့နယ်အဆင့် လူငယ်ရေးရာကော်မတီဝင်များအဖြစ် အသိုက်အဝန်း မှ လူငယ်များကို ရွေးချယ်ခဲ့ကြသည်။ ၎င်းသည် လူငယ်များအကြား မကျေလည်မှုများ ဖန်တီးပေးခဲ့ပြီး ထိုအဖြစ်အပျက်ပြီးနောက် လူငယ်ရေးရာကော်မတီ ကို အစိုးရနှင့်တစ်ဖွဲ့တည်းဟုသာ ခံစားရတော့သည်။ ကျွန်တော်တို့က လူငယ်ရေးရာများ ပြုလုပ်မည့်အဖွဲ့ ကို မျှော်လင့်ခဲ့ကြသော်လည်း ထိုကဲ့သို့ဖြစ်စေရန် ကျွန်တော်တို့ မည်ကဲ့သို့ မျှော်လင့်နိုင်ပါတော့မည် နည်း။"[၃၀]

ယင်းကဲ့သို့ အာဏာပိုင်များဖြင့် ပူးပေါင်းဆောင်ရွက် နိုင်သူများပင်လျှင် ပြုပြင်ပြောင်းလဲရေးများအတွက် လူငယ်တက်ကြွလှုပ်ရှားမှု အစီအစဉ်များကို ကန့်သတ်ခံရမှုများ ရှိနိုင်ပြီး အခြားသူများထံမှ ယုံကြည်မှုများရရှိ၍ ထိခိုက်နိုင်သည်။ အမျိုးသား လူငယ်မူဝါဒအပေါ် လူငယ်ကော်မတီများ၏ လုပ်ငန်း များသည် ဤဆိုးကျိုးများကို သရုပ်ဖော်ပြနိုင်သည်။

## ၃. ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အားသာချက်နှင့် အားနည်းချက်များ

ပြုပြင်ပြောင်းလဲမှုများအတွက် တက်ကြွလှုပ်ရှားသူများအကြားတွင် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများတွင် မည်သည်က ပိုမိုထိရောက်မှုရှိနိုင်သည်ကို မကြာခဏ စကားစစ်ထိုး ပြောဆိုလေ့ရှိကြသည်။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်း၏ အစွန်းတစ်ဖက်တွင် အာဏာပိုင် များကို ထိပ်တိုက်ရင်ဆိုင်ခြင်း၊ ဖိအားပေးခြင်း၊ အခက်အခဲတွေ့စေနည်း၊ လွှမ်းမိုးခြင်း နည်းလမ်းများ ဖြင့် ဖြစ်စဉ်အပေါ် လူထု၏ စိတ်အာရုံရရှိစေရန် ပြုလုပ်ခြင်းဖြစ်သည်။ ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ် သော ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည်မှာ တက်ကြွလှုပ်ရှားသူများသည် ရည်မှန်းချက်သို့ ရောက်ရှိ စေရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများဖြင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အခြေအနေနှင့် ရင်းမြစ်များအပေါ် အခြေခံပြီး အဖွဲ့အစည်းများသည် ထိုနည်းလမ်းနှစ်ခုလုံးကို ရောနှောအသုံးပြုကြသည်။ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများသည် တက်ကြွလှုပ်ရှားသူများဖြင့် စည်းဝေးပွဲများ တွင် ချိတ်ဆက်လုပ်ဆောင်ရန် ဆန္ဒမရှိသော အခြေအနေ၊ အချိန်အခါများတွင် ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းသောနည်းဖြင့် တွေ့ဆုံဖြေရှင်းရန်လိုအပ်သည်။ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်းဖြင့် ထိုအကြောင်းအရာအပေါ် ပိုမိုသတိပြုစေနိုင်သည်။ သို့သော် ဂရုမမူဘဲ ဆောင်ရွက်ပါက ထောက်ခံသူ ဖြစ်နိုင်သူများကိုပါ စိတ်ဝင်စားမှု ပျက်ပြားသွားစေနိုင်သည်။ သို့သော် အခက်အခဲအန္တရာယ်အနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်များအတွက် ကာကွယ်မှုကင်းမဲ့နိုင်ခြေ ရှိသည်။

ပူးပေါင်းဆောင်ရွက်ခြင်းတွင်လည်း အပြောင်းအလဲပြုလုပ်ရန် တက်ကြွလှုပ်ရှားသူများနှင့် ဆုံးဖြတ်ပိုင် ခွင့်ရှိသူများအကြား သဘောတူညီမှုရရှိစေသော ဆွေးနွေးပွဲများရှိသော်လည်း ထိုကဲ့သို့ သဘောတူညီ မှုမရရှိနိုင်သော အခြေအနေများလည်းရှိနိုင်သည်။ သဘောတူညီမှုဆီ ဦးတည်သော ညှိနှိုင်းဆွေးနွေး ခြင်းများဖြစ်စေသည့် အခွင့်အရေးများသည် ပိုမိုလွှမ်းမိုးနိုင်သူများ၏ ဆန္ဒသဘောထားများအပေါ်တွင် မူတည်သည်။

ပုံ ၁၀ - လူငယ်လှုပ်ရှားမှုများအတွက် အစပျိုးနိုင်သည့် နည်းဗျူဟာများ




၃၀ > ငွေကြေးထောက်ပံ့ကာ ပါဝင်ခြင်းများသည် လူငယ်များအကြား ဖိအားများဖြစ်စေသည်ဟု အခြားသောစစ်တမ်းများတွင် ဖော်ပြထားသည်။ Oosterom et al. (2019) နိုင်ငံတကာ အကူအညီ ယူထားပါက အစိုးရဖြင့် ချိတ်ဆက်လုပ်ဆောင်ရန် ရှုပ်ထွေးနိုင်သည်။ (ibid.: p. 21) ကို ကြည့်ပါ။

ပုံ ၁၁ - အပြောင်းအလဲများကို တစ်ဦးတည်းဖော်ဆောင်ရန် ပိုမိုလွယ်ကူသည်ဟု လူငယ် သုံးပုံနှစ်ပုံက လက်မခံခဲ့ပါ။




မေးခွန်း - အောက်ဖော်ပြပါ အချက်အလက်ကို ထောက်ခံပါသလား "ပြောင်းလဲမှုကို တစ်ဦးတည်း ဖော်ဆောင်ရန် ပိုမိုလွယ်ကူသည်။"

## အချို့သောသူများအတွက် ယုံကြည်ကိုးစားမှုဆိုင်ရာ မေးခွန်းတစ်ခု

ကော်မတီမှ တက်ကြွလှုပ်ရှားသူများ၊ အဖွဲ့ဝင်များသည် အစိုးရသတ်မှတ်ထားသော ဘောင်အတွင်းမှပင် လုပ်ဆောင်ကြရသည် ဖြစ်ကြောင်းအဖွဲ့ဝင်များက ဆိုသည်။ လုပ်ငန်းအစီအစဉ်များ ပြုလုပ်ရန် ပြင်ပမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာကော်မတီ၏ ၄၀ ရာခိုင်နှုန်းဖြစ်သော ကော်မတီအဖွဲ့ဝင်ဟောင်းများ၏ ခွင့်ပြုချက် မဖြစ်မနေလိုအပ်သည်။ "လုပ်ငန်းအစီအစဉ်တွေက မလွတ်လပ်ပါဘူး။ အစိုးရက လုပ်ဆောင်မှု အစီအစဉ်အားလုံးကို ခွင့်မပြုပါဘူး။ ဥပမာ 'လူငယ်နဲ့ နိုင်ငံရေး'လို့ ခေါင်းစဉ်တပ်တာမျိုးကို လုံးဝ လက်မခံပါဘူး" ဟု လူငယ်ရေးရာကော်မတီ၏ အဖွဲ့ဝင်တစ်ဦးကပြောသည်။

လူငယ်ရေးရာကော်မတီအကြောင်း မေးမြန်းစဉ်တွင် ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတစ်ဝန်းမှ တက်ကြွလှုပ်ရှားသူများစွာသည် အစိုးရအပေါ် မူတည်နေရသည်ကို သတိပြုမိကြသည်။ ကချင်ပြည်နယ်မှ တက်ကြွလှုပ်ရှားသူတစ်ဦးသည် ဤကဲ့သို့ ပွင့်လင်းစွာ ပြောပြခဲ့သည်။

"လူငယ်ရေးရာကော်မတီများအနေဖြင့် သူတို့ ဆောင်ရွက်လိုသည်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်း မရှိကြပေ။ အကြောင်းမှုအဖွဲ့တွင် ၄၀ ရာခိုင်နှုန်း လူကြီးပါဝင်ရန် သတ်မှတ်ချက်ကြောင့်ဖြစ်သည်။"အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသော လူငယ် လှုပ်ရှားမှုတိုင်း ထိုအဖွဲ့ဝင်များ၏ ခွင့်ပြုချက်ကို ရရှိနိုင်သည်မဟုတ်ပေ။ ထို ၄၀ ရာခိုင်နှုန်း၏ ရပ်တည်ချက်မှာ တစ်မျိုးတစ်ဘာသာဖြစ်ပြီး လက်တွေ့တွင် သိသိသာသာ ကွဲလွဲနေသည်။ မည်သို့ပင်ဖြစ်စေ ဤသည်မှာ လူငယ်လှုပ်ရှားမှုများ၏ လွတ်လပ်ခွင့်ကို အားလျော့သွားစေသော ပူးပေါင်းဆောင်ရွက်ခြင်းများ၏ အဓိပ္ပာယ်ကို ဖော်ညွှန်းသော ဥပမာတစ်ခု ဖြစ်သည်။ လူငယ်ရေးရာကော်မတီများ အပြည့်အဝ လွတ်လပ်ခွင့်မရှိခြင်းကို လူငယ်များက ထင်ရှားပေါ်လွင်စွာ ပဲ့တင်ထပ်သည့် သဘောထားဖြစ်သည်။ စစ်တမ်းဖြေဆိုသူ လူငယ်များ၏ ထက်ဝက်ကျော်သည် လူငယ်ရေးရာကော်မတီများအနေဖြင့် အစိုးရဖြင့် ထိတွေ့ဆက်သွယ်မှုရှိသည်ကို ဖော်ညွှန်းကာ ထိုကော်မတီများကို ယုံကြည်ကြသည်။

အထူးသဖြင့် ပညာတတ်များထက် အရည်အချင်းနိမ့်ပါးသော ဖြေဆိုသူများသည် လူငယ်ရေးရာကော်မတီများ၏ လွတ်လပ်မှုနှင့်ပတ်သက်ပြီး ဝေဖန်မှုများ ပိုမိုပြုလုပ်ခဲ့ကြသည်။

အချို့ဖြေဆိုသူများက ထိုသို့မှီခိုရသည့် အဓိက အကြောင်းရင်းမြစ် ပြဿနာမှာ ရန်ပုံငွေကြောင့်ဟု ဆိုကြသည်။ ကော်မတီမှ မဟုတ်သော ပြင်ပလူငယ် တစ်ဦးက ဤသို့ မှတ်ချက်ပြုပြောသည်။

"သူတို့က အစိုးရဆီကနေ ပိုက်ဆံကို ရရှိကြပြီး လူငယ်တွေက အစိုးရကျေနပ်အောင် ပြန်လုပ်ပေးရမှာ။ လူငယ်တွေအတွက် သူတို့ဖြစ်လိုရာကို ပုံဖော်နိုင်ဖို့နေရာနဲ့ အခွင့်အလမ်းကိုပေးမည့်အစား အစိုးရကထိုင်ခုံပေးပြီး ရှိပြီးသား အကွက်ချထားတဲ့ နိုင်ငံရေးထဲမှာ သူတို့ကိုရောထည့်လိုက်တာပါ"

လူငယ်ရေးရာကော်မတီမှ တက်ကြွလှုပ်ရှားသူများ အနေဖြင့် "သူတို့၏ ကိုယ်ပိုင်အစီအစဉ်များဖြင့် ရန်ပုံငွေရရှိရန်" သိရှိလုပ်ဆောင်သင့်သည်။



ပုံ ၁၂ - လူငယ်တစ်ဝက်ခန့်သည် နိုင်ငံခြားအလှူရှင်နှင့် အကူအညီပေးရေး အဖွဲ့အစည်းများသည် မမြင်နိုင်သော အခြားအစီအစဉ်များ ပြုလုပ်ကြမည်ကို သံသယရှိသည်။




မေးခွန်း - မြန်မာနိုင်ငံပြင်ပမှ ထောက်ပံ့မှုများတွင် အခြားသော မမြင်နိုင်သည့် အစီအစဉ်များ ပါဝင်နိုင်သည်ကို မည်မျှ ထောက်ခံ သို့မဟုတ် ကန့်ကွက်ပါသနည်း။

## အစိုးရနှင့် မှီခိုမှုကင်းစွာ နေခြင်းသာလျှင် မဟုတ်

ပြင်ပမှလွှမ်းမိုးမှုအရေးသည် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကန့်သတ်ထား၍ မရပေ။ အချို့သော တက်ကြွလှုပ်ရှားသူများသည် တားမြစ်မှုများနှင့် တာဝန်များ ဖြစ်ပေါ်လာမည်ကို ကြောက်ရွံ့စိုးရိမ်သောကြောင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တုံ့ဆိုင်းကြသည်။

အချို့တက်ကြွလှုပ်ရှားသူများသည် နိုင်ငံတကာ အလှူရှင်များနှင့် ပတ်သက်၍ ထိုသို့ စိုးရိမ်ပူပန်ကြသည်။ "ပြည်ပမှ အလှူရှင်များနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ပါဘူး။ ကျွန်တော်တို့ကို လွှမ်းမိုးမှုပြုလုပ်မှာကို စိုးရိမ်လို့ပါ"ဟု စစ်တမ်းအတွက် တွေ့ဆုံမေးမြန်းရာတွင် တက်ကြွလှုပ်ရှားသူတစ်ဦးကပြောသည်။ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများသည် လူငယ်များအကြား ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ရန် ကူညီပေးပြီး အချို့သော လှုပ်ရှားမှုများနှင့် ကမ်ပိန်းများပြုလုပ်ရန် ရန်ပုံငွေ ထောက်ပံ့ပေးသည်ဟု လူငယ်အများစုက အသိအမှတ်ပြုပြောကြသည်။ အချို့သူများက အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများသည် အခြားအဖွဲ့များထက် ကြားဝင်နှောင့်ယှက်ခြင်း လျော့နည်းသည်ဟု ထင်မြင်ယူဆကြသည်။ လူငယ်ကလပ်တစ်ခု၏ တည်ထောင်သူတစ်ဦးက အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ မပြုလုပ်လိုကြောင်း ပြောကြားသည်။ "လွှမ်းမိုးခံရမှာကို ကျွန်တော်စိုးရိမ်တယ်၊ ဒါ့ပြင် အလှူရှင်က တောင်းဆိုတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ဆောင်ရွက်မပေးနိုင်မှာကိုလည်း စိုးရိမ်ပါတယ်"ဟု ဝန်ခံသည်။

အုပ်ချုပ်ခွင့်အာဏာ ယှဉ်ပြိုင်နေရသော မြန်မာနိုင်ငံ၏ အချို့နေရာများတွင် လွတ်လပ်စွာသီးခြားရပ်တည်ခြင်းသည် အခက်အခဲဖြစ်ချိန်များတွင် မတူညီသော အဖွဲ့အစည်းပါတီများဖြင့် ဖြေရှင်းမည့်နည်းလမ်းများ ရှာဖွေနိုင်ရန်ဖြစ်သည်။ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အစိုးရတပ်မတော်အကြား နယ်မြေလုနေသော နေရာများတွင် တက်ကြွလှုပ်ရှားသူများသည် အခြေအနေအချိန်အခါပေါ်မူတည်ပြီး အဖွဲ့အစည်းတစ်ခုတည်းနှင့် ပူးပေါင်းခြင်းကို ရှောင်ကြဉ်သင့်သည်။ ဥပမာဆိုရသော် ပဋိပက္ခဖြစ်ပွားရာ ဒေသတစ်ခုမှ အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များသည် အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးရန်အတွက် အမည်တစ်ခုကို အသုံးပြုပြီး လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းတစ်ခုနှင့် ညှိနှိုင်းရန်အတွက် မတူညီသောအမည်တစ်ခုကို အသုံးပြုသည်။ အချို့အချိန်များတွင် အဖွဲ့ဝင်များသည် တစ်ရွာမှတစ်ရွာသို့ သူတို့၏ ချဉ်းကပ်နည်းလမ်းများဖြင့် ချိန်ညှိဆောင်ရွက်သည်။ "(ဒီမှာက) ရွာတိုင်းမှာ အုပ်ချုပ်သူတွေနဲ့ ကိုယ်ပိုင် စည်းမျဉ်းဥပဒေတွေ ရှိကြတယ်။ နေရာတိုင်းမှာ မတူညီတဲ့ ဥပဒေတွေပဲ ရှိတယ်။ အမည်တခုခုကို သုံးဖို့ဆိုတာ အခြေအနေ အချိန်အခါပေါ်မှာပဲ မူတည်တယ်"[၃၁] ပူးပေါင်းဆောင်ရွက်ခြင်းသည် အချို့သော အခြေအနေများတွင် အကျိုးရှိနိုင်သော်လည်း အချို့နေရာများတွင် ထိခိုက်မှုများရှိနိုင်သည်။

ထို့ပြင် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းသည် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းထက် မြင်သာထင်ရှားမှု နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အသံထုတ်ဆူညံစေသော နည်းဗျူဟာအစား အစည်းအဝေးများ၊ အာဏာပိုင်များနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းများအပေါ် မူတည်နေခြင်းကြောင့်ဖြစ်သည်။ လူငယ်များသည် ပူးပေါင်းဆောင်ရွက်ရုံမျှဖြင့် အဖွဲ့အစည်း၏ ရှေ့ဆက်လုပ်ငန်းစဉ်များကို မသိရှိနိုင်ပေ။ ဥပမာအားဖြင့် လူငယ်ရေးရာကော်မတီများသည် လူငယ်များနှင့် အစိုးရအကြား ပူးပေါင်းဆောင်ရွက်ခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြသော်လည်း အချင်းချင်း မသိနိုင်သော အကြောင်းအရာများစွာ ကျန်ရှိနေနိုင်သည်။ နိုင်ငံတော်အဆင့် ဖွဲ့စည်းထားသော်လည်း လူထုအကြား မြင်သာထင်ရှားသော လှုပ်ရှားမှုများ လုပ်ဆောင်မှုနည်းပါးသည့်အတွက် လူငယ်ရေးရာကော်မတီများကို စစ်တမ်းတွင် ဖြေဆိုသူလူငယ် ၆၇ ရာခိုင်နှုန်းသည် သိရှိခြင်းမရှိကြပေ။ ကော်မတီအကြောင်းသိရှိသူ လူငယ်သုံးပုံတစ်ပုံသည် လူထုသိရှိစေရန် တိုးတက်မှုဖြစ်စဉ်ကို သိမြင်ကြသော်လည်း လုပ်ဆောင်ရန်လုပ်ငန်းများ ကျန်ရှိနေသေးသည်။ ထိုအတွက် သက်ဆိုင်ရာ ရင်းမြစ်များစွာ

၃၁ > ပရိယာ ကွင်းဆက်အကြောင်းကို Babcock-Abrahams and employed by Nielsen and Standhart (2015) တွင် ကြည့်ပါ။ Nielsen and Standhart (2015), p. 48–49 ကို ကြည့်ပါ။

လိုအပ်လျက်ရှိသည်။ (အခန်း ၅ ကို ကြည့်ပါ။)

တက်ကြွလှုပ်ရှားသူ လူငယ်များသည် အာဏာပိုင်များကို တိုက်ရိုက်လွှမ်းမိုးနိုင်စေရန် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းကို ပိုမိုရွေးချယ်နိုင်သည်။ ထိုနည်းဗျူဟာသည် အမြဲတမ်းအတွက်တော့ မဟုတ်ချေ။ အထက်ဖော်ပြပါ ဖြစ်စဉ်များအရ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းသည် အပြုသဘောမဆောင်သော အခြေအနေတွင် မည်သို့ တီထွင်ဖန်တီးလုပ်ဆောင်၍ အဖြေရှာသည်ဆိုသည့် အပေါ် မူတည်နေသည်။ အချို့ဖြစ်စဉ်များတွင် လှုပ်ရှားမှုတွင်မပါသူများ၏ နားမလည်မှုများနှင့် လျစ်လျူရှုမှုများအား နားလည်လက်ခံ၍ ဖွဲ့လုံ့လရှိစွာဖြင့် အဖြေရှာရန်လိုအပ်သည်။ အားနည်းချက်များ ရှိသော်လည်း ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်း ချဉ်းကပ်နည်းများသည် နှောင့်နှေးကြန့်ကြာပြီး အလုပ်မတွင်စေနိုင်ဟု ယုံကြည်ကြသော တက်ကြွလှုပ်ရှားသူများအတွက် လက်တွေ့အကျိုးဖြစ်စေသော နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အခွင့်အလမ်းများသည် ထိုက်တန်ကြောင်း သက်သေပြနိုင်သည်။

## ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်း ဆိုသည်မှာ

ဆန္ဒပြပွဲများ၊ ကန့်ကွက်ပွဲများ၊ ကမ်ပိန်းများ၊ အွန်လိုင်းမှ ထုတ်ပြန်ချက်များနှင့် လူထုမှမြင်သာစေသော အခြားသော ချိတ်ဆက်ဆွေးနွေးမှုများသည် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများကို ဖိအားပေးစေနိုင်ပြီး ထိုအကြောင်းအရာအပေါ် လူထု၏ အာရုံဖမ်းစားမှု ပိုမိုမြင့်မားစေနိုင်ပါက တက်ကြွလှုပ်ရှားသူများသည် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းကို ရွေးချယ်နိုင်သည်။ ဥပမာအားဖြင့် သစ်ပင်များ ခုတ်လှဲမည့်ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ကျောင်းတစ်ကျောင်းလုံး အတိုင်းအတာဖြင့် ကန့်ကွက်ဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့သည့်အတွက် ထိုအကြောင်းကို မီဒီယာများတွင် ကျယ်ပြန့်စွာ ဖော်ပြခဲ့ကြပြီး လူထု၏ အာရုံစိုက်မှုကို ပိုမိုရရှိခဲ့ကာ အာဏာပိုင်များကို ဖိအားဖြစ်စေခဲ့သည်။ ကျောင်းသားသမဂ္ဂမှ ထိုဖြစ်စဉ်အပေါ် မီးမောင်းထိုးပြသည့် ဆန္ဒပြပွဲမရှိခဲ့ပါမူ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နှင့် ကျောင်းမှ တာဝန်ရှိသူများ၊ အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံခြင်းများ ဖြစ်ပေါ်လာမည်မဟုတ်ပေ။

ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များ သမဂ္ဂအတွက်မူ ဆန္ဒပြခြင်းသည် ပိုမိုကောင်းမွန်သော နည်းဗျူဟာတစ်ခုဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် ကချင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများအကြောင်းကို သတိပြုကြစေရန် ပြည်တွင်းစစ်ဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်ပွဲများကို ရံဖန်ရံခါ ကျင်းပကြသည်။ ၂၀၁၈ ခုနှစ် မေလတွင် မြို့တော်မြစ်ကြီးနားမြို့၏ နာမည်ကျော် မနောပန်းခြံတွင် စစ်ပွဲကို ဆန့်ကျင်မှုများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးနေသူများအတွက် ဆန္ဒထုတ်ဖော်ပွဲ ကျင်းပရန် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂမှ ဦးစီးကျင်းပပေးခဲ့သည်။ ထိုဆန္ဒပြပွဲများသည် လူထောင်ပေါင်းများစွာကို သတိပြုမိစေခဲ့ကြောင်း ဒေသတွင်းတွင်း ထုတ်ပြန်ချက်များကဆိုကြသည်။ "ဒီဆန္ဒထုတ်ဖော်ပွဲတွေကို လူငယ်တွေ ဦးဆောင်ကြတယ်လို့ လူသိများပြီး ဒီအချက်ကပဲ ကျွန်တော့်ကို မှတ်မှတ်ထင်ထင် ဖြစ်စေခဲ့တယ်"ဟု ၂၀၁၈ ခုနှစ် ဆန္ဒပြပွဲအပြီး ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်သမဂ္ဂသို့ ဝင်ရောက်လာသူတစ်ဦးကဆိုသည်။ "ဒါက လူငယ်တွေက အပြောင်းအလဲတွေ ပြုလုပ်နိုင်စွမ်းရှိတယ်ဆိုတာကို ပြလိုက်တာပါပဲ"

ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နောက်ပိုင်းတွင် နေရပ်စွန့်ခွာသူ ကချင်လူငယ်ကော်မတီကို ပူးတွဲတည်ထောင်ခဲ့သူ တစ်ဦးဖြစ်သူက ဆန္ဒထုတ်ဖော်ပွဲများသည် ပူးပေါင်းပါဝင်သူများအတွက် မတရားမှုအတွေ့အကြုံများနှင့် ခံစားခဲ့ရသော အမှန်တရားများကို ဖော်ထုတ်ခွင့်ရရှိကြကြောင်း ရှင်းပြသည်။ "နေရပ်စွန့်ခွာ ထွက်ပြေးသူတစ်ဦးရဲ့ ကံကြမ္မာအကြောင်းကို မျှဝေပေးချင်ပါတယ်"ဟု ဆိုသည်။ ဆန္ဒထုတ်ဖော်ပွဲများဖြင့် လူငယ်များကို စိတ်ခွန်အားပေးနိုင်သည့်အပြင် ပူးပေါင်းပါဝင်ကြရန်လည်း သိသာထင်ရှားစွာ ကမ်းလှမ်းခြင်းဖြစ်သည်။ စိတ်ပါဝင်စားမှုများကိုလည်း ဖန်တီးရယူနိုင်သည်။ အကြမ်းဖက်ခံရသော မတရားမှုများကို သိသာစေနိုင်သည့်အတွက် မီဒီယာများတွင် ဖော်ပြခံရခြင်းများသည်လည်း ဆန္ဒပြပွဲများ၏ အရေးပါသော ရလဒ်တစ်ခုဖြစ်သည်။

သို့သော် ဆန္ဒပြပွဲများသည် တက်ကြွပါဝင်သူများကို ထင်ရှားစွာသိနိုင်သည့်အတွက် အန္တရာယ်များသည်။ ထိုသူများကို ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နိုင်ခြေကို မြင့်မားစေနိုင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်နှင့် စုဝေးခွင့်များသည် မြန်မာနိုင်ငံတွင် ကန့်သတ်မှုများ ရှိနေဆဲဖြစ်ပြီး သရော်ခြင်းများသည်ပင်လျှင် ရာဇဝတ်မှုမြောက်နိုင်သည်။ ဥပမာအားဖြင့် အင်တာနက်လိုင်း ရရှိစေရန် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့က ဆန္ဒပြပွဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကရင်ပြည်နယ်မှ ဆန္ဒပြပွဲများဖြစ်သည်။ ထိုဆန္ဒပြပွဲများသည် နစ်နာမှုနှင့် မကျေနပ်မှုများကို လူထုအတွင်းဖော်ပြရာတွင် တက်ကြွလှုပ်ရှားသူများ ရင်ဆိုင်ရသော အန္တရာယ်ကို ဖော်ပြနိုင်သည်။ [၃၂]

ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂသည် ထိုကဲ့သို့သော အန္တရာယ်များကို ရင်ဆိုင်ရသည်။ အဖွဲ့အစည်းသည် လူစုလူဝေးဖြစ်စေရန်နှင့် အာရုံစူးစိုက်မှုရရှိစေရန် စွမ်းဆောင်နိုင်စဉ်တွင် အဖွဲ့ဝင်များသည် 'စောင့်ကြည့်ခံရသည်'ဟု ခံစားရကြောင်းဆိုသည်။ နိုင်ငံရေးဆိုင်ရာ တက်ကြွလှုပ်ရှားမှုများသည် ထိလွယ်ရှလွယ် ဖြစ်သည့်အတွက် လုံခြုံရေးကိုလည်း သေချာစွာ ဂရုစိုက်ရန်လိုအပ်သည်။

ဆန္ဒထုတ်ဖော်ပွဲများသည် ကမ္ဘာတစ်ဝန်းတွင် မထူးဆန်းကြသော်လည်း မြန်မာနိုင်ငံတွင် စွန့်စားပြုလုပ်ရခြင်းဖြစ်ကြောင်း ရန်ကုန်မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူတစ်ဦးကပြောသည်။

Greta Thunberg ၏ လုပ်ဆောင်မှုများသည် အထင်ကြီးစရာကောင်းပြီး သိသာထင်ရှားစွာကို နိုးကြားတက်ကြွစေပါသည်။ သို့သော် ထိုအသိပေးမှုသည် အနောက်နိုင်ငံများအတွက်ပင်ဖြစ်ပြီး မြန်မာနိုင်ငံတွင်ဟု စိတ်ကူးမျှော်မှန်းကြည့်၍ မရသေးပါ။ ဒီမှာအပတ်စဉ် သောကြာနေ့တိုင်း ဆန္ဒပြဖို့ မလွယ်ကူပါဘူး။ ဆန္ဒပြတာတွေက အဖမ်းခံရချင်လည်း ခံရနိုင်ပါတယ်။

ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်း နည်းလမ်းသည် အချို့သော တက်ကြွလှုပ်ရှားသူများအတွက် နိုပ်စက်ညှဉ်းပန်းခံရနိုင်ခြေကို ဟန့်တားနိုင်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင် ထိုကဲ့သို့ ဖြစ်ပွားနိုင်သည်။ ထိုဒေသများတွင် တက်ကြွလှုပ်ရှားသူလူငယ်များအနေဖြင့် အစိုးရကိုသာမက လက်နက်ကိုင်တပ်ဖွဲ့များကိုပါ စိုးရိမ်ဂရုစိုက်ရန်လိုအပ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူငယ်တစ်ဦးက "လုံခြုံရေးအတွက် အန္တရာယ်ရှိလို့ လားရှိုးမှာ ဆန္ဒထုတ်ဖော်ပွဲတွေနဲ့ ဆန္ဒပြပွဲတွေလုပ်ဖို့ မဖြစ်နိုင်ပါဘူး"ဟု ဆိုသည်။ ထို့ပြင်တက္ကသိုလ်များနှင့် ပတ်သက်ပြီး ဆန္ဒပြသူတစ်ဦးကို ဒေသဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးခဲ့သော အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းပြီး "ဒီလို ဆန္ဒပြတာတွေကို ရှောင်ကြဉ်သင့်တယ်လို့ ယူဆပါတယ်"ဟု ပြောသည်။





ပုံ ၁၃ - လူငယ်များ အားလုံးနီးပါးသည် အကြမ်းဖက်ခြင်းကို ကန့်ကွက်သူများ ဖြစ်ကြသည်




မေးခွန်း - "အကြမ်းဖက်မှုများကို ဘယ်တော့မဆို လက်မခံနိုင်ပါ" ဟူသောဖော်ပြချက်ကို သင်မည်မျှ ထောက်ခံ သို့မဟုတ် ကန့်ကွက်ပါသနည်း။

ဆန္ဒပြပွဲများသည် အာဏာပိုင်များကို အခက်တွေ့စေသည့်အတူ ဆန္ဒထုတ်ဖော်သူများအတွက်လည်း ဖမ်းဆီးခံရနိုင်ခြေနှင့် အနှောင့်အယှက်ပြုခံရနိုင်ခြေများပြားသောကြောင့် ဒီမိုကရေစီရေစီးကြောင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ရွေးချယ်စရာနည်းလမ်းတစ်ခုဖြစ်သည်။ လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုသည့် လမ်းကြောင်းများကို ရွေးချယ်ကြကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီနှင့် ရှမ်းပြည်မြောက်ပိုင်း လူငယ်ကွန်ရက်မှ တက်ကြွလှုပ်ရှားသူများကပြောသည်။ တက်ကြွလှုပ်ရှားသူများ အားလုံးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းသည်လည်းမဖြစ်နိုင်ချေ။ ဒေသဆိုင်ရာ အခြေအနေများအပေါ်မူတည်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းနှင့် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနည်းကို ရွေးချယ်နိုင်သည်။ အချို့သောသူများအတွက် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းသည်အန္တရာယ်ပိုမိုများပြားသည်။

ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနည်းလမ်းများသည် ဖမ်းဆီးခံရနိုင်ခြင်းနှင့် ခြိမ်းခြောက်ခံရခြင်းများကို ချက်ချင်းဖြစ်ပေါ်စေနိုင်သည်သာမက နောက်ပိုင်းတွင် ဂုဏ်သိက္ခာထိခိုက်ခြင်းများကိုပင် ဖြစ်စေနိုင်ကြောင်း ဤစစ်တမ်းတွင် ပါဝင်ခဲ့သော လူငယ်များကပြောသည်။ "ဆန္ဒထုတ်ဖော်ပွဲတွေမှာ ပါဝင်ဖို့ ကျွန်တော့်မှာ သတ္တိမရှိဘူး"ဟု လားရှိုးတက္ကသိုလ်မှ ကျောင်းသားတစ်ဦးက ဝန်ခံပြောကြားခဲ့သည်။ ကျောင်းသားသမဂ္ဂနှင့် ပူးပေါင်းကာ ဆန္ဒပြပွဲတစ်ခုတွင် ပါဝင်ခဲ့သည့်အတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းမှ တာဝန်ရှိသူများ၏ ခွဲခြားဆက်ဆံမှုကို ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။ "ဒီလိုဆန္ဒပြခဲ့ဖူးတာကြောင့် နောက်ပိုင်း အလုပ်ရှာဖွေချိန်မှာ အခက်တွေ့မှာကို ကျွန်တော် စိုးရိမ်ပါတယ်"

## အကောင်းဆုံးနည်းလမ်းရွေးချယ်ခြင်း

အပြောင်းအလဲများကိုဖော်ဆောင်ရန် မတူညီသော နည်းဗျူဟာများချမှတ်လုပ်ဆောင်ရာတွင် အားသာချက်နှင့် အားနည်းချက်များကို ချိန်ညှိ၍ တက်ကြွလှုပ်ရှားမည့် နည်းဗျူဟာကို ရွေးချယ်ရန် လိုအပ်သည်။ အသုံးပြုမည့် နည်းဗျူဟာ ရွေးချယ်ခြင်းသည် တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်ရရှိစေရန် ဖော်ဆောင်နိုင်မှုအပေါ်တွင်သာမူတည်သည်။

အချို့လှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းကို ပိုမိုဦးစားပေး သုံးစွဲကြပြီး အချို့တွင် ဆန္ဒပြပွဲများ၊ ဆန္ဒထုတ်ဖော်ပွဲများနှင့် အခြားသော ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းနည်းများကို အသုံးပြုကြသည်။ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းနည်းကို ရွေးချယ်သော တက်ကြွလှုပ်ရှားသူများသည် လူသိများကျော်ကြားခြင်းနှင့် လွတ်လပ်ခြင်းကို ပိုမိုတန်ဖိုးထား ဖော်ပြခြင်းဖြစ်သည်။

စစ်တမ်းကောက်ခံချက်များအရ လူငယ်များသည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းကို ပိုမိုနှစ်သက်ကြသည်။ (ပုံ ၉ နှင့် ၁၁ တွင် ကြည့်ပါ။) ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမို အကျိုးသက်ရောက်မှုများသည်ဟု လူငယ်များက ယူဆခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်းနည်းလမ်းသည် ခြိမ်းခြောက်ခံရခြင်းနှင့် ဂုဏ်သိက္ခာ ထိခိုက်စေခြင်းတို့မှ အစ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းများအထိ ဖြစ်ပေါ်နိုင်သောကြောင့် တက်ကြွလှုပ်ရှားသူ လူငယ်များအတွက် သိသာထင်ရှားသော စွန့်စားနည်းတစ်ခုလည်းဖြစ်သည်။

## ၄. လူငယ်နှင့် လူမှုကွန်ရက်

လားရှိုးမြို့မှ လူငယ်များသည် တစ်ရက်လျှင် အနည်းဆုံး သုံးနာရီခန့် အွန်လိုင်းပေါ်တွင်အချိန်ကုန်ဆုံး လေ့ရှိကြသည်။ လူငယ်ရေးရာကော်မတီက လူများများထံသို့ ရောက်ရှိစေလိုလျှင် ဖေ့ဘုတ် လူမှုကွန်ရက်ကို ထိရောက်စွာအသုံးပြုနိုင်သည်။ ဟု လားရှိုးမြို့ခံ လူငယ်ခေါင်းဆောင်တစ်ဦးက ပြောသည်။

လူမှုကွန်ရက်များ အထူးသဖြင့် ဖေ့ဘုတ်နှင့် မက်ဆင်ဂျာအပလီကေးရှင်းများသည် မြန်မာနိုင်ငံရှိ လူငယ်များအတွက်အရေးပါပြီး လူငယ်ဘဝကိုပြည့်စုံသည်ဟု ခံစားစေနိုင်ကြောင်း လူငယ်တက်ကြွ လှုပ်ရှားသူများစွာက ထောက်ခံကြသည်။ ထိုလူမှုကွန်ရက်များသည် လူငယ်တက်ကြွလှုပ်ရှားသူများ အတွက် သတင်းအချက်အလက်များရရှိရန်၊ ဖြန့်ဝေရန်အပြင် လုပ်ငန်းလုပ်ဆောင်မှု အစီအစဉ်များကို လည်း ကြေညာနိုင်သည်။

ဥပမာအားဖြင့် ရိန်းဘိုးအဖွဲ့သည် LGBTIQ+ အကြောင်း သတင်းအချက်အလက်များ၊ လူထု သဘောထားများနှင့် အခြားသက်ဆိုင်သည့် အကြောင်းအရာများကို သူ၏လူမှုကွန်ရက်မှ ပုံမှန် တင်ဆက်ပေးသည်။ ကချင်လူငယ်များသမဂ္ဂအဖွဲ့ဝင်များသည် ဆန္ဒပြပွဲများတွင် ပါဝင်ကြရန် လူထုကို လူမှုကွန်ရက်မှတစ်ဆင့် လှုံ့ဆော်ကြသည်။

လူမှုကွန်ရက်များက အရေးပါသည့်အတွက် လူငယ်လှုပ်ရှားမှုအစီအစဉ်များတွင် လူမှုကွန်ရက် စာမျက်နှာကိုစီမံရန် သီးသန့်ဝန်ထမ်းများ ခန့်အပ်ထားကြသည်။ ရိန်းဘိုးအဖွဲ့သည် "နည်းပညာအဖွဲ့" ခန့်အပ်ထားပြီး ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် လူမှုကွန်ရက် အကောင့်များကို စီမံခန့်ခွဲရန် လူထုဆက်ဆံရေး တာဝန်ခံတစ်ဦးကို ခန့်အပ်ထားသည်။

လူမှုကွန်ရက်များကို လူငယ်တက်ကြွလှုပ်ရှားသူများက လက်နက်တစ်ခု အသုံးပြုကြသော်လည်း စစ်တမ်းဖြေဆိုသူ ၂၃ ရာခိုင်နှုန်းသာလျှင် အွန်လိုင်းကမ်ပိန်းများတွင်ပါဝင်ခြင်းသည် အပြောင်းအလဲ များကို ဖော်ဆောင်နိုင်သည်ဟု ယုံကြည်ကြပြီး ၁၁ ရာခိုင်နှုန်းသာလျှင် ပြီးခဲ့သော တစ်နှစ်အတွင်း အွန်လိုင်းကမ်ပိန်းများတွင် ပါဝင်ခဲ့ကြသည်။

ကိုဗစ် ၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါသည် ထိုအရာများအားလုံးကို ပြောင်းလဲစေနိုင်ပြီး တက်ကြွ လှုပ်ရှားသူများက လူမှုကွန်ရက်များကို ယခင်ကထက် ပိုမိုအားထားလာကြပြီး အွန်လိုင်းသည် အပြောင်းအလဲများအတွက် အဓိကဖော်ဆောင်နိုင်သည့်နေရာလည်း ဖြစ်လာနိုင်သည်။ (လေးထောင့်ကွက် ၁၁ ကို ကြည့်ပါ။) သို့သော် လက်ရှိအချိန်အထိ လူငယ်တက်ကြွလှုပ်ရှားမှုများကို လူမှုကွန်ရက်များက ပိုမိုအားထားရာ ဖြစ်လာသော်လည်း အပြည့်အဝ အစားမထိုးနိုင်သေးပေ။

ပုံ ၁၄ - လှုံ့ဆော်စည်းရုံးသူများသည် လူမှုကွန်ရက်များကို အသုံးပြုခြင်းဖြင့် လှုံ့ဆော်မှုများပြုလုပ်ရန် ပိုမိုလွယ်ကူစေသည်ဟု လူငယ်များက ယုံကြည်ကြသည်။




မေးခွန်း - လှုံ့ဆော်စည်းရုံးသူများသည် လူမှုကွန်ရက်များကို အသုံးပြုခြင်းဖြင့် လှုံ့ဆော်မှုများ ပြုလုပ်ရန် ပိုမိုလွယ်ကူစေသည်ဟူသော ဖော်ပြချက်ကို ထောက်ခံပါသလား၊ ကန့်ကွက်ပါသလား။

ဤစာတမ်းတွင် မည်သည့်ချဉ်းကပ်နည်းလမ်းသည် မှန်သည်၊ မှားသည်ဟု ဆွေးနွေးလိုခြင်း မဟုတ်ပါ။ လက်ရှိ ရင်ဆိုင်နေရသော အခြေအနေ၊ အချိန်အခါ များအပေါ် မူတည်ကာ တက်ကြွလှုပ်ရှားသူများ ရွေးချယ်ရခြင်းဖြစ်သည်။ ထိုနည်းလမ်း နှစ်မျိုးစလုံးကို ရောနှောအသုံးပြုရန် ရွေးချယ်ရခြင်းလည်း ဖြစ်နိုင်သည်။ အချို့ဖြစ်စဉ်များတွင် ချဉ်းကပ်နည်း နှစ်မျိုးစလုံးရောနှော အသုံးပြုခြင်းသည် ပိုမို ကောင်းမွန်သည်များလည်းရှိသည်။ အခြေအနေ၊ ရင်းမြစ်များနှင့် ကွာဟခြားနားချက်များပေါ် မူတည်ကာ ကောင်းမွန်သည့်နည်းလမ်းကို တက်ကြွလှုပ်ရှားသူလူငယ်များက ရွေးချယ်ရမည် ဖြစ်သည်။

"ရန်ကုန်တက္ကသိုလ်က သစ်ပင်ခုတ်ခြင်းကိစ္စတွင် ဆန္ဒထုတ်ဖော်ခြင်းနည်းလမ်းသည် ပိုမိုကောင်းမွန် သော နည်းလမ်းတစ်ခုဖြစ်သည်"ဟု တက်ကြွ လှုပ်ရှားသူတစ်ဦးဖြစ်သူ ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးက ပြောသည်။ "နောက်ဆုံးတော့ ဒီလှုပ်ရှားမှုမှာ နည်းလမ်း နှစ်မျိုးလုံး အတူတကွ အသုံးပြုနိုင်သွားတာက ကောင်းမွန်တဲ့နည်းလမ်း တစ်ခုပါ"



# အခန်း - ၄
# လူငယ်လှုပ်ရှားမှုအစီအစဉ်များအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

ယနေ့ခေတ် တက်ကြွလှုပ်ရှားသူလူငယ်များသည် အပြောင်းအလဲများပြုလုပ်ရန် နည်းလမ်းများ ပိုမိုများပြားလာကြသည်။ သို့သော်ငြားသည် တက်ကြွလှုပ်ရှားမှုများပြုလုပ်ရန် လွယ်ကူခြင်းမဟုတ်ပေ။ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံရေးအကြောင်းအရာများကို ထောက်ခံအားပေးခြင်းသည် မြန်မာနိုင်ငံတွင် ခက်ခဲနေဆဲဖြစ်ပြီး တက်ကြွလှုပ်ရှားသူများအတွက် ပိုမိုကြိုးစားကြရမည့် စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်သည်။

ဤအပိုင်းတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ဖော်ပြသွားမည်ဖြစ်သည်။ ထိုစိန်ခေါ်မှုများတွင် လူငယ်များအား ပူးပေါင်းပါဝင်ရန် ပိတ်ပင်ထားခြင်းကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများမှ ဖြစ်ပွားနေသော ပဋိပက္ခများ၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် အဖွဲ့အစည်းကို စီမံခန့်ခွဲရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများအထိပါဝင်မည်ဖြစ်သည်။ စိန်ခေါ်မှုများကို ကျော်လွှားရန် သို့မဟုတ် လျော့ပါးသက်သာစေရန် အကြံဉာဏ်များကို ပေးနိုင်စေရန်ဖြစ်သည်။ အချို့သည် နယ်ပယ်အဝန်းအဝိုင်းအတွင်း စီမံခန့်ခွဲနိုင်သည်များဖြစ်ပြီး အချို့သည် ပိုမိုနည်းစနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်လိုအပ်သည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများသည် သာတူညီမျှမှု ပိုမိုရှိပြီး နိုင်ငံရေးသည်လည်း ဒီမိုကရေစီ ပိုမိုဆန်လာသည့် အချိန်မတိုင်ခင်အထိ အချို့သောပုံစံများသည် ဤအတိုင်းပင် ရှိနေမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အများပိုင်လုပ်ငန်းများသာမက ပုဂ္ဂလိကလုပ်ငန်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများသည် တက်ကြွလှုပ်ရှားသူ လူငယ်များကို များစွာထောက်ပံ့ပေးနိုင်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖြစ်ပေါ်စေနိုင်သည်။

## အချိန်နှင့်ငွေကြေး မလုံလောက်ခြင်း

တိုင်းပြည်တစ်ဝန်းရှိ လူငယ်များသည် စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းကို အလေ့အထကောင်းအဖြစ် မှတ်ယူကြသည်။ သို့သော် အချို့သော အရေအတွက်သည်သာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြသည်။ (အခန်း ၂ တွင် ကြည့်ပါ။) ကျွန်ုပ်တို့၏ စစ်တမ်းမှ ရှာဖွေတွေ့ရှိသော ထိုသို့ဖြစ်ရခြင်း၏ အဓိက အကြောင်းပြချက်နှစ်ခုမှာ အချိန်နှင့်ငွေကြေးဖြစ်သည်။

"လူတိုင်း ရပ်တည်ကြဖို့ အလုပ်လုပ်နေကြရတာပဲဗျာ။ အဖွဲ့အတွက် အချိန်ပေးဖို့ဆိုတာ သူတို့အတွက် ခက်ခဲမှာပေါ့"ဟု ရှမ်းပြည်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီ အဖွဲ့ဝင်တစ်ဦးကပြောသည်။

အိမ်ထောင်မရှိသူ လူငယ်များပင်လျှင် မိသားစုဆိုင်ရာ တာဝန်များရှိကြပြီး အချို့သူများသည် မိသားစုတစ်စုလုံးကို ရှာဖွေကျွေးမွေးရသူများဖြစ်ကြသည်။ လူငယ်များ စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းသည် သူတို့ကိုယ်တိုင်သာ ပေးဆပ်ရခြင်းသာမဟုတ်၊ သူတို့၏ မိဘများ၊ မောင်နှမများ၊ အိမ်ထောင်ဖက်နှင့် သားသမီးများကပါ ပေးဆပ်ရခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် တက်ကြွလှုပ်ရှားမှုများစွာ စေတနာ့ ဝန်ထမ်းပြုလုပ်သည့်နေရာတွင် လခစားအလုပ်များလုပ်ကိုင်နိုင်သည်။ "လူငယ်တွေဆိုတာ သူတို့မိသားစုတွေရဲ့ ဘဝတွေအတွက် ရှန်းကန်ပေးဖို့အတွက် ကြိုးစားပေးသင့်တယ်"ဟု မြစ်ကြီးနားမြို့မှ လူငယ်တက်ကြွလှုပ်ရှားသူတစ်ဦးကပြောသည်။ လူငယ်များသည် မိသားစုအတွက် မကြိုးစားပေးပါက တာဝန်မဲ့သူများနှင့် ဆင်ခြင်တုံတရားမဲ့သူများ ဖြစ်သည်ဟု ထင်မြင်နိုင်သည်။

ထို့ကြောင့် များစွာသော တက်ကြွလှုပ်ရှားသူ လူငယ်များ၏ မိတ်ဆွေများနှင့် မိသားစုဝင်များက အခကြေးငွေ မရရှိသော လုပ်ဆောင်မှုများကို လက်မခံသူများဖြစ်ကြသည်။ " 'ဘာကြောင့် ပိုက်ဆံမရတဲ့ အလုပ်တွေကို လုပ်နေရတာလဲ' လို့ သူငယ်ချင်းတွေက မေးတိုင်း နိုင်ငံရေးကို စိတ်ဝင်စားလို့ လုပ်ဆောင်နေတာလို့ သူတို့ကို ပြန်ရှင်းပြရတယ်"ဟု လူငယ်ရေးရာ ကော်မတီဝင်တစ်ဦးက တွေ့ဆုံမေးမြန်းနေစဉ် ပြောကြားခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးသူများအဖြစ် ယာယီစခန်းတွင် နေထိုင်သော ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ၏ လူငယ်အမျိုးသမီး အဖွဲ့ဝင်တစ်ဦးက စေတနာ့ဝန်ထမ်းအဖြစ် ပရဟိတလုပ်သည့်အတွက် မိဘများက ဖိအားပေးခဲ့ကြောင်းပြောသည်။

"မင်း လုပ်တဲ့အလုပ်တွေက အချိန်ကို ဖြုန်းနေတာတွေပဲ။ ပိုက်ဆံဘယ်တုန်းက ရဖူးလို့လဲ"ဟု ပြောစူကြောင်းပြောသည်။ ကျွန်မယခု လုပ်ဆောင်နေသော အလုပ်များသည် ကျွန်မအတွက်သာမက ကျွန်မတို့ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအတွက် အကျိုးရှိသည်များသာ ဖြစ်ကြောင်း တတ်နိုင်သလောက် အကောင်းဆုံး ပြန်လည် ရှင်းပြလေ့ရှိပါသည်။ (...) နောက်ဆုံးတော့ မိဘများက ကျွန်မပျော်သလောက် ဤလုပ်ဆောင်မှုများကို ဆောင်ရွက်ခွင့်ပြုခဲ့သည်။

ဤဖြေဆိုချက်များက လူငယ်များသည် မိမိတို့ လုပ်ဆောင်လိုသည်များကို ပြုလုပ်ရန် မိဘများနှင့် ညှိနှိုင်းဆွေးနွေးရကြောင်း မျိုးဆက်သစ်မြန်မာ စာတမ်းတွင် ဖော်ပြခဲ့သည်နှင့်လည်း ကိုက်ညီနေပါသည်။ [၃၃]

လူငယ်ဆိုင်ရာ အဖွဲ့အစည်းများသည် အဖွဲ့ဝင်များကို ငွေကြေးထောက်ပံ့ပေးရန် လိုအပ်ကြောင်း တက်ကြွလှုပ်ရှားသူများက မျှဝေပြောကြားသည်။ တက်ကြွလှုပ်ရှားသူလူငယ်များသည် အခကြေးငွေမယူဘဲ အချိန်များကို ပေးထားသည့်အတွက် သင်တန်းများ၊ အခမ်းအနားများအတွက် သွားလာနေထိုင်စရိတ်များဖြစ်သော မြင်သာထင်ရှားမှုမရှိသော ကုန်ကျစရိတ်များကို ရံဖန်ရံခါပေးအပ်သင့်သည်။ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေစဉ်တွင် ထိုကဲ့သို့ ငွေကြေးထောက်ပံ့ပေးရန် လိုအပ်သည်ဟု လက်ခံသဘောတူကြောင်းနှင့် လွန်စွာ လက်ခံသဘောတူကြောင်းကို စစ်တမ်းဖြေဆိုသူများ၏ ၈၉ ရာခိုင်နှုန်းက ဆိုသည်။ (ပုံ ၁၆ ကို ကြည့်ပါ။)

ထို့ပြင် ငွေကြေးနှင့်အချိန်သည် အခြားရှားပါးရင်းမြစ်များထဲမှ တစ်ခုလည်းဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီမှ အဖွဲ့ဝင်နှစ်ဦး အဖွဲ့တွင်းမှ ထွက်ခွာခဲ့သည့် အကြောင်းရင်းဖြင့် ချိတ်ဆက်ပြီး အဖွဲ့၏ အတွင်းရေးမှူးက "အဖွဲ့ဝင်တစ်ဦးက အဆင့်မြင့်ပညာ ဆက်သင်ယူဖို့ အချိန်မရှိလို့ အဖွဲ့တွင်းက ထွက်ခွာခဲ့ပြီး နောက်တစ်ဦးကတော့ စေတနာ့ဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်ဖို့ ငွေကြေးမရှိလို့ အဖွဲ့က ထွက်ခွာခဲ့ပါတယ်"ဟု ပြော သည်။

စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရန် အဖွဲ့အစည်းမှ ခေါင်းဆောင်များသည်ပင် ရုန်းကန်ရကြောင်း ဝန်ခံပြောကြားကြသည်။ "ရိန်းဘိုးစတားမှာ အလုပ်လုပ်ရတာက တက္ကသိုလ်ပညာ သင်ကြားရေးခရီးလမ်းအတွက် ကျွန်တော့်ကို တွေ့ဝေစေပါတယ်။ ရိန်းဘိုးစတားအတွက်ပဲ အချိန်ပေးထားရတော့ တက္ကသိုလ် တတိယနှစ် ပညာသင်နှစ်ကနေ ရှေ့ဆက်မတက်တော့ပါဘူး"ဟု မွန်ပြည်နယ်မှ တက်ကြွလှုပ်ရှားသူ တစ်ဦးကပြောသည်။

စေတနာ့ဝန်ထမ်းအလုပ်များအတွက် အချိန်ပေးရန် အခက်အခဲဖြစ်ရသူမှာ မွန်ပြည်နယ်မှ ထိုတက်ကြွလှုပ်ရှားသူတစ်ဦးတည်းသာ မဟုတ်ပေ။ အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်လိုသော ကောလိပ် သို့မဟုတ် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ

[၃၃] > See British Council (2019), p. 18.



ပုံ ၁၅ - နိုင်ငံရေးနှင့် လူမှုရေးရာ ချိတ်ဆက်မှုများ ပြုလုပ်ရန် ငွေကြေးနှင့် အချိန်သည် လူအများနှင့်သက်ဆိုင်မှု အရှိဆုံး ဘုံစိန်ခေါ်မှု ဖြစ်သည်။




မေးခွန်း - နိုင်ငံရေးနှင့် လူမှုရေးရာများတွင် ချိတ်ဆက်ပါဝင်ရန် သင်နှင့် အခြားသူများသည် မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရသနည်း?

တိုင်းသည် အသင်းလုပ်ဆောင်မှုများနှင့် သင်တန်းချိန် အကြား ရွေးချယ်ရ ကျပ်တည်းသည်သာဖြစ်သည်။ အတန်းတင်စာမေးပွဲဖြေဆိုရန် ကျောင်းခေါ်ကြိမ် ပြည့်မှီရန်လည်း လိုအပ်သည့်အတွက် တက်ကြွလှုပ်ရှားသူကျောင်းသား၊ ကျောင်းသူများသည် အဖွဲ့လုပ်ဆောင်မှုတိုင်းတွင် ပါဝင်ရန် အဟန့်အတား ဖြစ်နေသည်။

“တက္ကသိုလ်တွေမှာ ကျောင်းသူ၊ ကျောင်းသားတွေ အတွက် ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်း ပြည့်ဖို့ လိုအပ်တာက ကြီးမားတဲ့စိန်ခေါ်မှုတစ်ခု ဖြစ်ပါ တယ်”ဟု ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်ဦးက ပြောသည်။ “အဖွဲ့အစည်းမှာ အသင်းဝင် ၁၀၀ ရှိ တယ်ဆိုရင် သူကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတိုင်းကို ရင်ဆိုင်ပြီး အမှန်တကယ် တက်ကြွလှုပ်ရှားသူ ကျောင်းသူ၊ ကျောင်းသားမှာ ၃၀ ဝန်းကျင်လောက်ပဲ ရှိပါတယ်”

အချို့သောအခြေအနေများတွင် အချိန်ကန့်သတ် ချုပ်ချယ်မှုများသည် အမျိုးသမီးငယ်များအပေါ် ပိုမိုတားမြစ်မှုများရှိနေသည်။ ဖြစ်စဉ်အများစုတွင် အမျိုးသားများထက် အမျိုးသမီးငယ်များသည် အချိန်ကန့်သတ်မှု ပိုမိုတွေ့ကြုံရသည်။ မိဘများ၊ အဆောင်မှူးများမှ သိသာထင်ရှားစွာဖြစ်စေ၊ မသိသာ စွာဖြစ်စေ အချိန်နှင့်ပတ်သက်၍ ထိန်းချုပ်ခြင်းများ ပြုလုပ်ကြသည်။ ဥပမာအားဖြင့် ရန်ကုန်တက္ကသိုလ်၏ ကျောင်းသူများ နေထိုင်ရာ အမျိုးသမီးအဆောင်များ သည် ညနေ ၆ နာရီ အဆောင်သို့ ပြန်ရောက်ရန် မဖြစ်မနေ လိုအပ်သည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တက်ကြွလှုပ်ရှားသူတစ်ဦးက အောက်ပါအတိုင်း ပြောသည်။

အိမ်နဲ့ကျောင်းနဲ့ သွားရတဲ့အကွာအဝေးက လူငယ် တွေကို အသင်းအဖွဲ့တွေနဲ့ ထပ်မံချိတ်ဆက်မှုတွေ ရှိလာဖို့ ဟန့်တားနေတဲ့ အတားအဆီးတစ်ခုဖြစ် သည်။ အထူးသဖြင့် ကျောင်းသူတွေအတွက် ကျောင်းချိန်ပြီးတဲ့အခါ အဖွဲ့လှုပ်ရှားမှု အစီအစဉ် တစ်ခုမှာ ထပ်မံပါဝင်ဖို့အတွက် အချိန်နဲ့ပတ်သက်ပြီး စိန်ခေါ်မှုများပြားသည်။

မိမိအတွက် အသိပညာအတွေ့အကြုံတွေကိုသာမက သက်မွေးဝမ်းကျောင်းဆိုင်ရာတွေမှာပါ အကျိုး ကျေးဇူးတွေ ရှိနိုင်တဲ့အတွက် ငယ်ရွယ်သော ကျောင်းသူများကို အဖွဲ့အစည်းများ၏ လှုပ်ရှားမှု အစီအစဉ်တွေမှာပါဝင်ဖို့ မိသားစုဝင်များက တိုက်တွန်းပေးသင့်ပါသည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အနေဖြင့် အဖွဲ့၏လှုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်ခွင့် မပြုတတ်သော ကျောင်းသူများ၏ မိဘများနှင့် ရံဖန်ရံခါ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သည်။

ထို့ပြင် အဖွဲ့အနေဖြင့် လူထုခေါင်းဆောင်များဖြင့် တိုက်ရိုက်ချိတ်ဆက်မှုများပြုလုပ်သည့် နည်းလမ်းသည် အခြားလူငယ်လှုပ်ရှားမှု အစီအစဉ်များ လက်ကိုင်ပြုသင့်သော နည်းလမ်းကောင်းတစ်ခု လည်း ဖြစ်သည်။ စေတနာ့ဝန်ထမ်း ပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကို မိဘများ၊ အာဏာပိုင်များကို သိသာစေရန် သရုပ်ပြခြင်းဖြင့် လူငယ်လှုပ်ရှားမှု အစီအစဉ်များတွင် မိမိတို့၏ သားသမီးများ ပိုမိုပါဝင်ရန် ခွင့်ပြုကြမည်ဖြစ်သည်။

အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီနိုင်သော နည်းလမ်းများလည်း ရှိသည်။ လူငယ်များ ချိတ်ဆက်လုပ်ဆောင်ခြင်း များတွင် ပေးဆပ်ရသည်များ ရှိသော်လည်း အားသာချက်က ပိုများသည်ကို လူထုသိသာစေရန် ကမ်ပိန်းများကို ကျင်းပပေးနိုင်သည်။ လူငယ်များ ပါဝင်မှုနည်းပါးသော ကဏ္ဍများတွင် လူငယ်များကို ဦးဆောင်စေရန် ရန်ပုံငွေထောက်ပံ့ပေးခြင်း ပြုလုပ် နိုင်သည်။ ထိုထောက်ပံ့ငွေကြေးသည် စေတနာ့ ဝန်ထမ်းပြုလုပ်ရာတွင် ကုန်ကျရန်လိုအပ်သော သွားလာနေထိုင်စရိတ်များနှင့် မြင်သာမှုမရှိသော ကုန်ကျစရိတ်များအတွက် သုံးစွဲရန်ဖြစ်သည်။ တက္ကသိုလ်များအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများအတွက် တက်ကြွလှုပ်ရှား အစီအ စဉ်များတွင် ပိုမိုပါဝင်နိုင်စေရန် အိပ်ဆောင်နှင့် ပတ်သက်သော မူဝါဒများကို ပြောင်းလဲပြင်ဆင်ပေး သင့်သည်။

ပုံ ၁၆ - စေတနာ့ဝန်ထမ်းပြုလုပ်ရန် ဘဏ္ဍာရေးဆိုင်ရာဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု လူငယ်များက ယုံကြည်ကြသည်။




မေးခွန်း - “စေတနာဝန်ထမ်းအဖြစ် သင်ဆောင်ရွက်နေချိန်တွင် ဘဏ္ဍာရေးဆိုင်ရာများကို သင်ဖြည့်ဆည်းပေးရန် လိုအပ်သည်”ဟူသော မေးခွန်းကို သင်ထောက်ခံပါသလား၊ ကန့်ကွက်ပါသလား။



ပုံ ၁၇ - လူငယ်များသည် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်း ဆိုင်ရာများအတွက် ချိတ်ဆက်ပေးရန် ပိုမိုလုပ်ဆောင်လိုကြသည်။




မေးခွန်း - မည်သည့်အကြောင်းအရာများအတွက် ပိုမိုဆောင်ရွက်ပေးလိုသနည်း?

## အတွေ့အကြုံနည်းပါးခြင်း

အချိန်နှင့် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများအပြင် လူငယ်အများစုသည် စေတနာ့ဝန်ထမ်းပြုလုပ်ရန် အတွေ့အကြုံနှင့် စွမ်းဆောင်ရည်မရှိဟု သူတို့ကိုယ်သူတို့ ထင်မြင်ကြသည်။ စစ်တမ်းကောက်ခံသူများ၏ သုံးပုံတစ်ပုံကျော်ဖြစ်သော ၃၉ ရာခိုင်နှုန်းသည် "အတွေ့အကြုံမရှိခြင်း" ကြောင့် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေး ချိတ်ဆက်လုပ်ငန်းများကို မဆောင်ရွက်ကြခြင်းဖြစ်သည်ဟု ထွက်ဆိုကြသည်။ (ပုံ ၁၅ ကို ကြည့်ပါ။)

လူထုအရှေ့စကားပြောဆိုခြင်း၊ ဆွေးနွေးနှစ်သိမ့်အကြံဉာဏ်ပေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်မှုများနှင့် ဘာသာစကား (အထူးသဖြင့် အင်္ဂလိပ်ဘာသာ) စသည်တို့တွင် အကူအညီပေးရန် စွမ်းဆောင်ရည်မရှိဟု လူငယ်အများစုက သူတို့ကိုယ်သူတို့ ယူဆကြသည်။ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂ အဖွဲ့ဝင်တစ်ဦးက "သင့်မှာ အရည်အချင်းနဲ့ စွမ်းဆောင်ရည်မရှိရင် ထိရောက်တဲ့ အပြောင်းအလဲတွေကို ဖော်ဆောင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။"

အချို့သော တက်ကြွလှုပ်ရှားသူများသည် စေတနာဝန်ထမ်းပြုလုပ်ခြင်းဖြင့် လူငယ်တို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများကို တိုးတက်စေနိုင်ကြောင်း မီးမောင်းထိုးပြနေကြပါသည်။ "ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်သမဂ္ဂမှာမပါဝင်မီက ကျွန်မကသာမန် မိန်းကလေးတစ်ဦးပါပဲ။ သမဂ္ဂမှာပါဝင်ပြီးတော့ ကျွန်မမှာလုပ်ဆောင်ဖို့ တာဝန်ယူမှုတွေရှိလာပါပြီ၊ ရင့်ကျက်လာပါပြီ (...) ချိတ်ဆက်ဆောင်ရွက်ပေးမှုတွေကနေ ကျွန်မအနေနဲ့ ပညာသင်ဆုတွေ ရရှိလာနိုင်ပြီး ပညာရေးဆိုင်ရာ အခွင့်အလမ်းတွေအတွက် သတင်းအချက်အလက်တွေလည်း ရရှိပါတယ်"ဟု မြစ်ကြီးနားမြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးကပြောသည်။

စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းသည် လူငယ်များအတွက် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်းလည်းဖြစ်သည်။ လူငယ်အများစုအတွက် အချိန်ရင်းနှီးမြှုပ်နှံကာ မိမိကိုယ်မိမိတိုးတက်စေခြင်းဖြစ်သည်။ "စေတနာ့ဝန်ထမ်းအဖြစ် ပရဟိတလုပ်ခြင်းက အခကြေးငွေ မရရှိနိုင်ပေမဲ့ စိတ်ကျေနပ်မှုနဲ့ မိမိကိုယ်ကို လေးစားတန်ဖိုးထားမှုတွေပေးနိုင်တယ်" ဟု တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးကပြောသည်။

စေတနာ့ဝန်ထမ်းလုပ်ဖို့အတွက် အချိန်၊ စွမ်းရည်နှင့် ကတိကဝတ်တွေလိုအပ်သည်။ စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းက စိတ်ငြိမ်းချမ်းမှုနဲ့ မိမိကိုယ်ကို ကျေနပ်ပီတိလည်းဖြစ်စေနိုင်သည်။ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများကိုပေးသည်သာမက ဗဟုသုတများနှင့် နီးကြားအသိရှိမှုကိုလည်း ရရှိစေနိုင်သည်။ မတူညီသူများအကြား ရင်းနှီးချစ်ခင်မှုကိုလည်း တည်ဆောက်ပေးနိုင်ပါသည်။

ပုံ ၁၈ - လူငယ်များသည် မိမိတို့ဘာသာ ဆုံးဖြတ်ချက်ချမှတ်ရန် ပိုမိုလွယ်ကူသည်ဟု ယုံကြည်ကြသည်။




မေးခွန်း - ဖော်ပြပါအချက်အလက်မည်မျှကို သဘောတူပါသနည်း။ "ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူကြီးများထက် လူငယ်က ပို၍ လွယ်ကူသည်"။



ရံဖန်ရံခါများတွင် လူငယ်များသည် စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းဖြင့် ရရှိလာနိုင်မည့် စွမ်းဆောင်ရည်များမရှိခြင်းကြောင့် စေတနာ့ဝန်ထမ်းပြုလုပ်ရန် ဟန့်တားခံရသည်များလည်းရှိသည်။ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ယုံကြည်မှုများသည် စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းဖြင့် ရရှိလာနိုင်သည်ဖြစ်သည်။ ဤသည်ကို ကောင်းမွန်စွာ နားလည်ပါက လူငယ်များအနေဖြင့် စေတနာ့ဝန်ထမ်းပြုလုပ်ခြင်းသည် အချိန်နှင့် ငွေကြေးကုန်ဆုံးခြင်းသာ ဖြစ်သည်ဟု ယူဆကြမည် မဟုတ်ပေ။ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်ဟုသာ မှတ်ယူကြမည်ဖြစ်သည်။

လူငယ်များအားလက်ရှိအနေအထားကိုလျစ်လျူရှုပြီး ပိုမိုကောင်းမွန်သောအရည်အချင်းနှင့်စွမ်းဆောင်ရည်များရရှိစေသည့် လှုပ်ရှားမှုအစီအစဉ်များတွင်ပါဝင်ရန် တွန်းအားပေးခြင်းဖြင့်လူငယ်အဖွဲ့ဝင်သစ်များ၏ အခွင့်အရေးများကို ဖန်တီးပေးနိုင်ပါသည်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများသည် ချိတ်ဆက်ဆောင်ရွက်မှုများမှ အရည်အသွေး မြှင့်တင်နိုင်ခြင်းများကို လူထုအားအသိပညာပေးရန် ကမ်ပိန်းများ ပြုလုပ်နိုင်သည်။ ထို့ပြင်ဖွံ့ဖြိုးမှု နိမ့်ကျလျက်ရှိသော နေရာများနှင့် ကျေးလက်တောရွာများတွင် သင်တန်းအခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် လူငယ်များ အရည်အသွေးမြှင့်တင်နိုင်ရန် ထောက်ပံ့ပေးနိုင်သည်။ ဤလုပ်ဆောင်မှုများသည် အထူးသဖြင့် မိမိတို့ကိုယ်ကို စွမ်းဆောင်ရည် နိမ့်ပါးသည်ဟု ထင်မြင်တတ်ကြသော လူငယ်များကို တက်ကြွလှုပ်ရှားမှုများတွင် ပိုမိုပါဝင်နိုင်ရန် လှုံ့ဆော်ပေးနိုင်သည်။

## အားလုံးပါဝင် ဦးဆောင်မှု ပုံစံ

အဖွဲ့အစည်းများ အထူးသဖြင့် လူငယ်အဖွဲ့အစည်းများတွင် အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းများသည် စိန်ခေါ်မှုများသည်။ အဖွဲ့အစည်းများတွင် လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် မည်ကဲ့သို့ ဖွဲ့စည်းနေရာချမည်နှင့် မည်ကဲ့သို့ ဆုံးဖြတ်ချက်များ ပြုလုပ်မည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ ရည်ရွယ်ချက်ရှိစွာ ဖွဲ့စည်းထားသည် ဖြစ်စေ သို့မဟုတ် စနစ်ကျနစွာ ဖွဲ့စည်းထားသည် ဖြစ်စေ အဖွဲ့အစည်းတစ်ခုအဖြစ် အဓိပ္ပာယ် သတ်မှတ်နိုင်သော လက္ခဏာများရှိရန်လိုအပ်သည်။ အဖွဲ့အစည်း၏ ဦးဆောင်မှုများအပေါ်မူတည်ကာ ဤစာတမ်းတွင် ပါဝင်သော လူငယ်အဖွဲ့အစည်းများသည် မတူညီသော ဖွဲ့စည်းပုံများရှိကြသည်။ အချို့အဖွဲ့အစည်းများသည် ရာထူးအဆင့်ဆင့်ထားရှိမှု နည်းပါးစွာ ဖွဲ့စည်းထားပြီး ဆုံးဖြတ်ချက်များကို စုပေါင်းပြုလုပ်ကြသကဲ့သို့ အချို့သောအဖွဲ့အစည်းများသည် ပါဝင်သူတိုင်းက ဦးဆောင်နိုင်မှုရှိပြီး ကိုယ်တိုင်ဆုံးဖြတ်ရသည်များလည်းရှိသည်။ အားသာချက်နှင့် အားနည်းချက်များကို ထောက်ရှုသုံးသပ်ကာ ထိုနည်းလမ်းနှစ်ခုစလုံးကို ပေါင်းစပ်အသုံးပြုသော အဖွဲ့အစည်းများလည်း ရှိသည်။

ဥပမာအားဖြင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂသည်လုပ်ငန်းအစီအစဉ်များစွာတွင် စုပေါင်းဆုံးဖြတ်ချက်ချခြင်းနည်းလမ်းကို ကျင့်သုံးသည်။ ထိုအဖွဲ့အစည်းတွင် အဖွဲ့ဝင် ၁၀၀ ကျော်ရှိပြီး အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ခုနစ်ဦး၊ စုစုပေါင်း (၁၇) ဦးဖြင့် ကော်မတီဖွဲ့စည်းထားသည်။ ထိုကော်မတီသည် အဖွဲ့ဝင်များ၏ အသံကို ကိုယ်စားပြုပြီး ဝန်ထမ်းတစ်ဦးကို စီစဉ်သူတစ်ဦးအဖြစ် အဖွဲ့မှ လစာပေးခန့်အပ်ထားသည်။ ထိုသူသည် စီမံခန့်ခွဲရေးကော်မတီနှင့် အဖွဲ့ဝင်များအကြား ပေါင်းကူးပေးပြီး လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့် ပန်းတိုင်များကို အပြန်အလှန် အစီရင်ခံတင်ပြသည်။ ကော်မတီဝင်များသည် လစဉ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြပြီး နှစ်နှစ်လျှင်တစ်ကြိမ် ညီလာခံကျင်းပကာ ယေဘုယျဆုံးဖြတ်ချက်များ ပြုလုပ်ပြီး ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များ သမဂ္ဂရုံးစိုက်ရာ လူငယ်စင်တာ၏ ဝင်ပေါက်ဘေးရှိ နံရံပေါ်တွင် အဖွဲ့အစည်း ဇယားကွက်ကြီး ချိတ်ဆွဲကာ အဖွဲ့ဝင်များကို ရှင်းလင်းစွာဖော်ပြထားသည်။ ယင်းဘေးတွင် မိမိတို့၏ အကြံဉာဏ်များကို ဖော်ပြပြောဆိုနိုင်ရန် အဖွဲ့ဝင်များအတွက် အကြံပြုသေတ္တာ ထားရှိပေးထားသည်။

တွင်ကျယ်စွာ ပါဝင်လာနိုင်စေရန်ဤနည်းလမ်းများကို ဆယ်စုနှစ်တစ်ခုကျော်ကတည်းက အသုံးပြုခဲ့ပြီးဖြစ်သည်။ သို့သော် အဖွဲ့အစည်းများအနေဖြင့် ဗဟိုမှ ချုပ်ကိုင် ဦးဆောင်သောနည်းလမ်းကို အသုံးပြုခြင်းလည်းရှိသည်။ ဖြစ်စဉ်တစ်ခုအနေဖြင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များသမဂ္ဂမှ အဖွဲ့ဝင်တစ်ဦးက ဤသို့ ပြောသည်။

နိုင်ငံရေးထုတ်ပြန်ချက်များအတွက် - စီမံခန့်ခွဲရေးကော်မတီနှင့် ဗဟိုကော်မတီက အဓိက ဆုံးဖြတ်သည်။ (...) ၎င်းတို့အတွက် ကော်မတီထဲက အဖွဲ့ဝင်များ မဆောင်ရွက်နိုင်ပါ။ စကားလုံးများ ရွေးချယ်ခြင်းနှင့် ထုတ်ဝေဖို့အတွက် ရွေးချယ်ရန် စီနီယာအဖွဲ့ဝင်များက ဆောင်ရွက်သည်။

အခြားတစ်ဖက်တွင်လည်း ရိန်းဘိုးအဖွဲ့ကဲ့သို့ ပါဝင်သူတိုင်းက ကိုယ်တိုင်ဆုံးဖြတ်ရသည်များလည်း ရှိသည်။ သက်တမ်းနုသော အဖွဲ့အစည်းတစ်ခု ဖြစ်သော ရိန်းဘိုးအဖွဲ့သည် တည်ထောင်သူ၏ ရည်မှန်းချက်နှင့် လမ်းညွှန်မှုအပေါ်တွင် မူတည်နေပြီး အချို့သော အခမ်းအနားများအတွက် အဖွဲ့ဝင်များက တည်ထောင်သူထံမှ ခွင့်ပြုချက်တောင်းခံရန် လိုအပ်သည်။ အရေးကြီးသော ဆုံးဖြတ်ချက်များကို အဖွဲ့ဥက္ကဋ္ဌမှ ဦးဆောင်ပြုလုပ်သည်။ "အခမ်းအနားကြီးတွေ ကျင်းပတော့မယ်ဆို အဖွဲ့ဝင်တွေအားလုံး စုစည်းကြပြီးအကြံဉာဏ်တွေကို ဝေမျှကြတယ်"ဟု ရိန်းဘိုးအဖွဲ့ဝင်တစ်ဦးကဆိုသည်။ "အဖွဲ့ဝင်တွေ ပေးတဲ့ အကြံဉာဏ်တွေနဲ့ အတွေးအခေါ်တွေ အကုန်လုံးကို ဆွေးနွေးကြပြီးမှ အဖွဲ့ဥက္ကဋ္ဌက လက်ခံနိုင်တဲ့ ဆုံးဖြတ်ချက်တစ်ခု ချမှတ်တယ်"ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။ အဓိက မျှော်မှန်းချက်နှင့် ပန်းတိုင်များကို ကလပ်၏ဥက္ကဋ္ဌမှ ပြုလုပ်ပြီး အခြားသောလုပ်ငန်းစဉ်များကို အားလုံးပူးပေါင်းပါဝင်ကာ ဆုံးဖြတ်ချက်ချမှတ်သည်။ အဖွဲ့ဝင်များ၏ ဩဇာလွှမ်းမိုးမှု ပိုမိုရှိစေရန် ထိုကဲ့သို့ စုပေါင်းဆုံးဖြတ်ချက်ချမှတ်ရန် နည်းလမ်းသစ်ကို မကြာမီက စတင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်အများစုသည် ထိုဖွဲ့စည်းပုံကို တန်ဖိုးထားကြပြီး ဥက္ကဋ္ဌ၏ ထိုကဲ့သို့ဦးဆောင်မှုသည် အဖွဲ့ဝင်သစ်များကို စိတ်လှုံ့ဆော်ပေးနိုင်သည်။ သို့သော်တက်ကြွလှုပ်ရှားသူတစ်ဦးကမူ "လူငယ်တွေက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာတွေကို ပိုမိုစိတ်ဝင်စားလာကြပြီဟု ထင်မိတယ်။ လူငယ်တွေအနေနဲ့ လှုပ်ရှားမှုအစီအစဉ်တွေအတွက် စတင်လုပ်ဆောင်ပေးမယ့်သူတစ်ဦး လိုအပ်ပြီး လူငယ်တွေက ပူးပေါင်းဆောင်ရွက်ကြလိမ့်မယ်။ သူတို့က ခေါင်းဆောင်တစ်ယောက်ကို အမြဲလိုအပ်ပါလိမ့်မည်" ဟုပြောသည်။ အခြားတစ်ဦးကမူ "ဗဟိုမှ ချုပ်ကိုင်အုပ်ချုပ်သည့် စနစ်ကြောင့်သာ ကျွန်တော်တို့ ချောမွေ့စွာ အလုပ်လုပ်ဆောင်နိုင်ကြလိမ့်မယ်"ဟု ပြောသည်။

သို့သော်လည်း အားသာချက်များသည် အားနည်းချက်များနှင့်အတူ ရှိနေသည်သာဖြစ်သည်။ ခေါင်းဆောင်တစ်ဦးတည်း သို့မဟုတ် အနည်းငယ်သော ခေါင်းဆောင်များကိုသာ အားထားမှီခိုရသည့်အတွက် အချို့သောလူငယ်များအတွက် ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းများ လျော့နည်းသွားနိုင်ပြီး အနာဂတ်ခေါင်းဆောင်များဖြစ်ရန် အဟန့်အတား

ဖြစ်စေနိုင်သည်။ စစ်တမ်းအရ အထူးသဖြင့် အမျိုးသမီးငယ်များတွင် ဤသို့ ပိုမိုဖြစ်စေနိုင်သည်။ (လေးထောင့်ကွက် ၇ ကို ကြည့်ပါ။) တစ်ဦးတည်းဦးဆောင်မှုပုံစံသည် ကာလကြာရှည် ရပ်တည်စေရန် စိန်ခေါ်မှုများ ရှိစေနိုင်မည်ဖြစ်သည်။ လူငယ်များကို ခေါင်းဆောင်များအဖြစ် ရောက်ရှိစေရန် ထိန်းကျောင်းပေးခြင်းမရှိပါက ထိုအဖွဲ့အစည်းတွင် ခေါင်းဆောင်ရွှေ့ပြောင်းချိန်တွင် အဖွဲ့အစည်းပင် ပျက်ပြားသွားစေနိုင်သည်။

လူငယ်အဖွဲ့အစည်းများသည် တစ်ဦးတည်းမှ ဦးဆောင်အုပ်ချုပ်သည့်ပုံစံများသာ အမြစ်တွယ်နေ တတ်ကြောင်း ရန်ကုန်တက္ကသိုလ်မှ တက်ကြွလှုပ်ရှား ကျောင်းသားတစ်ဦးက ပြောသည်။

"ဒီမိုကရေစီက ကျွန်တော်တို့သွေးထဲ၊ အရိုးထဲ စွဲမနေသေးပါဘူး။ ဘာတွေ တွေးရမယ်၊ ဘယ်လိုတွေးရမယ် ဆိုတာတွေလည်း ကျွန်တော်တို့ မသိပါဘူး။ မြန်မာနိုင်ငံက လူငယ်အများစုက နောက်လိုက်လုပ်ရတာကိုပဲ ပိုသဘောကျကြပါတယ်။ လူငယ်တွေက သူတို့ကိုယ်သူတို့ တီထွင်ဖန်တီး နိုင်စွမ်း မရှိဘူးလို့လည်း ထင်မြင်ကြပါတယ်။ ဒီမိုကရေစီဝါဒက အရိုးထဲ စွဲမနေကြတဲ့ အတွက် အဖွဲ့အစည်းတွေမှာ ပွင့်လင်းမြင်သာမှု မရှိကြဘဲ ဒီမိုကရေစီလည်း မဆန်ကြပါဘူး"

အရပ်ဘက်အဖွဲ့အစည်းများကို ထောက်ခံလာကြ သော်လည်း ထိုအဖွဲ့အစည်းများပင်လျှင် ဒီမိုကရေစနစ်ကို ထောက်ခံခြင်း သိပ်မရှိသေးပေ။ ထောက်ပံ့ကူညီပေးကြသော အေဂျင်စီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာများ အတွက် အထူးသင်တန်းများ ပြုလုပ်ပေးကာ လူငယ်များ ဦးဆောင်သော အဖွဲ့အစည်းများကို ထောက်ပံ့ပေးကြသည်။ ဤသို့ ပြုလုပ်ခြင်းသည် လူငယ်အဖွဲ့အစည်းများကို ရေရှည်ခိုင်မြဲစေရန် သာမက ပိုမို ပါဝင်လှုပ်ရှားကြစေရန်လည်း ကူညီပေးနိုင်သည်။

## ရန်ပုံငွေ ရရှိရန် ခက်ခဲခြင်း

လူငယ်ရေးရာအဖွဲ့အစည်းများ၏ သိသာထင်ရှားသည့် နောက်ထပ်အခက်အခဲတစ်ခုမှာ ကနဦးအစပြုဖို့ ရံပုံငွေရှာဖွေရန် ခက်ခဲခြင်းဖြစ်သည်။ များသောအားဖြင့် လူငယ်ဦးဆောင်သော အဖွဲ့အစည်းများလိုအပ်သည့် ရန်ပုံငွေနှင့် ထောက်ပံ့ ငွေများရရှိနိုင်ခြင်းသည် အဖွဲ့အစည်း၏စွမ်းရည်နှင့် တရားဝင်ဖွဲ့စည်းပုံဆိုင်ရာများတွင် အခြေတည်ပါ သည်။ အကယ်၍ တစ်ခုခုချို့ယွင်းချက်ရှိပါက လူငယ်အဖွဲ့အစည်းများသည် ကိုယ်ထူကိုယ်ထ ပဒေသာပင်ကဲ့သို့ စုပေါင်းပါဝင် လှူဒါန်းမှုများ ပြုလုပ်ခြင်း ဖြစ်စေ၊ ကုန်ကျငွေများ လျှော့ချခြင်းများ ဖြစ်စေ ပြုလုပ်ရပါသည်။

အစိုးရထံမှဖြစ်စေ၊ အမြတ်အစွန်းမယူသောအဖွဲ့ အစည်းများနှင့် နိုင်ငံတကာအလှူရှင် အေဂျင်စီများမှ ဖြစ်စေ ရရှိသည့်ထောက်ပံ့မှုများသည်လူသိများကြ သည်။ သို့သော် အရေအတွက်အားဖြင့် နည်းပါးပြီး ရရှိရန်လည်း ခက်ခဲပါသည်။ယင်းထောက်ပံ့မှုများ သည် စနစ်တကျနှင့်တရားဝင်ဖွဲ့စည်းထားသည့်အပြင် ၎င်းတို့နှင့်အချိတ်အဆက်ရှိသည့်အဖွဲ့အစည်းများသာ ရရှိနိုင်သည်ဟု တက်ကြွလှုပ်ရှားသူများမှ ပြောသည်။

၎င်းတို့၏ လိုအပ်ချက်များကို အဖွဲ့အစည်း အနည်းငယ်မျှသာ ဖြည့်ဆည်းနိုင်ပါသည်။

ထို့အပြင်အစီရင်ခံစာ တင်ပြရသည့် လုပ်ငန်းစဉ်များ မှာလည်းအလွန်များပြားလှပါသည်။ အကယ်၍ အမှားအယွင်း တစ်ခုခုဖြစ်ခဲ့ပါက ထောက်ပံ့ကြေးရယူ ခြင်းကိစ္စရပ်များသည် စိတ်ပျက်စရာကောင်းပြီး စိုးရိမ် စရာကောင်းသည့်အဖြစ်အပျက်များပင်ဖြစ်နိုင်သည် ဟု အချို့အဖွဲ့အစည်းများက ထင်မြင်ယူဆကြပါသည်။

ထောက်ပံ့ကြေးရရှိနိုင်သည့် အခွင့်အလမ်းများသည် ကနဦးမှတ်ပုံတင်ထားသည့် အခြေအနေများပေါ် တွင်လည်း မူတည်ပါသည်။ ဖြစ်စဉ်အခြေအနေ လေးခုကို ထောက်ရှုကြည့်ခြင်းအားဖြင့် လူငယ်ရေးရာ ကော်မတီ တစ်ခုတည်းသာ တရားဝင်အသိအမှတ်ပြု ခံထားရခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့သည်ပင် စာဖြင့်ရေးသားထားသည့် တရားဝင် အသိအမှတ်ပြု စာရွက်စာတမ်းများ မရှိဘဲ ပါမောက္ခချုပ်၏ နှုတ်ဖြင့်အသိအမှတ်ပြုခြင်းသာ ခံထားရပါသည်။ ဤသို့ဖြစ်နေခြင်းကြောင့် ထောက်ပံ့ကြေးများ လျှောက်ထားရန်မှာလည်း ပိုမိုခက်ခဲမှုများ ဖြစ်စေပါသည်။ တစ်ချို့အဖွဲ့အစည်းများသည် နိုင်ငံရေးသဘောတရားများ မကိုက်ညီမှုကြောင့် တရားဝင် မလျှောက်ထားနိုင်ပါ။ ထို့ကြောင့် ထောက်ပံ့ကြေးငွေကိုလည်း လျှောက်ထားနိုင်ခြင်း အလျှင်း မရှိနိုင်ပါ။

လူငယ်အဖွဲ့အစည်းများသည် ထောက်ပံ့ကြေးပေးမည့် အလှူရှင်အဖွဲ့အစည်းများနှင့် လူငယ်ရေးရာ စိတ်ဝင်စားမှု အပေါ်တွင်သာ အခြေမခံဘဲ၊ လူငယ် ခေါင်းဆောင်သူကိုသာ ပို၍ စိတ်ဝင်စား သည်ဟု ယူဆရသည်။

## အပြန်အလှန် ကူညီပေးခြင်း

စစ်တမ်းကောက်ခံခဲ့သည့် အဖွဲ့အစည်း လေးခု၏ အခြေအနေနှင့် ထောက်ပံ့ကြေးရရှိရန် အသုံးပြုသည့် မဟာဗျူဟာများ ကွာခြားကြပါသည်။ ဥပမာအားဖြင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂအား မြစ်ကြီးနားရှိ လူထုမှ ပံ့ပိုးကြသည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ နှင့် ရိုန်းဘိုးတို့သည့် အဖွဲ့ဝင်ကြေး အပေါ်တွင်သာ အဓိကမှီခိုကြပါသည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ကလပ်သည် လက်မှုပစ္စည်းများကိုလည်း ရောင်းချကြပါသည်။ ထိုကဲ့သို့သော မတူညီသည့် ဝင်ငွေများကို အသီးသီး ရှာဖွေကြသော်လည်း ထောက်ပံ့ကြေး ရနိုင်သည့် ပမာဏများထက် များစွာ နည်းပါးလွန်းပါသည်။

ရရှိနိုင်သည့် ဘဏ္ဍာရေးများချွေ၍ အသုံးပြုနိုင်စေရန် အဖွဲ့အစည်းများ အရင်းအမြစ်များကို မျှသုံးသည့် စနစ်များကို အသုံးပြုကြရသည်။ ယင်းအရင်းအမြစ်များသည် ပစ္စည်းသို့မဟုတ် တတ်ကျွမ်းသည့် ပညာရပ်များလည်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ဖေဖော်ဝါရီလ ၂၀၂၀ပြည့်နှစ်တွင် ကွတ်ခိုင်မြို့တွင် ကျင်းပသည့် လူငယ်အဖွဲ့အစည်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီမှ ရှမ်းပြည်နယ်မြောက်ပိုင်လူငယ်များ၏ အခမ်းအနားတက်ရောက်ရန် လူငယ်ရေးရာ ကော်မတီမှ လူငယ်များအား သွားလာရန် မော်တော်ယာဉ်များ စီစဉ်ပေးခဲ့ရသည်။ အခြားအဖွဲ့ အစည်းတစ်ခုသည်လူငယ်ရေးရာ ကော်မတီကို ငွေကြေးများသေချာ စီမံခန့်ခွဲနိုင်ရန် ဘဏ္ဍာ စီမံခန့်ခွဲရေး သင်တန်းများပံ့ပိုးခဲ့ကြသည်။ ရန်ကုန်ရှိအချို့အဖွဲ့အစည်းများသည်လည်း ယင်းကဲ့သို့ အရင်းအမြစ် မျှသုံးသည့် စနစ်များကို ကျင့်သုံးကြ သည်။ လူငယ် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် ရေး အဖွဲ့မှ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းပြီး အစီအစဉ်များ ရေးဆွဲရန် ဆွေးနွေးခဲ့ကြသည်။

တက်ကြွလှုပ်ရှား လူငယ်များသည် ယခုကဲ့သို့ အလွတ်တမ်း ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန် ကြိုးစားကြသည်။ လူငယ်ဦးဆောင်သော အဖွဲ့အစည်းများသည် အစည်းအဝေးလုပ်သည့် နေရာများကို ဝေမျှအသုံးပြုခြင်းဖြင့် စရိတ်များကို လျှော့ချရန် စီမံကြသည်။ ယင်းအဖွဲ့ လေးဖွဲ့တွင် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များ သမဂ္ဂ အဖွဲ့တစ်ဖွဲ့တည်းသာ ရုံးခန်းသီးသန့်ရှိပြီး ကျန်အဖွဲ့အစည်းများသည် ၎င်းတို့ ကွန်ရက်ပေါ် တွင်သာ မှီခိုကြရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များသည် ဒေသခံ အဖွဲ့အစည်းများ အသုံးပြုရန် ရုံးခန်းနေရာငှားခြင်းများ ပြုလုပ်ခဲ့ကြသည်။ အရင်းအမြစ်များ ငှားရမ်းသုံးစွဲခြင်း သည် ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်ပါသည်။ ထောက်ပံ့ကြေးနှင့် အရင်းအမြစ်ဆိုင်ရာ ပြဿနာများ နှင့် စပ်လျဉ်း၍ဖြေရှင်းရန် လူငယ်ဦးဆောင် အဖွဲ့အစည်းများသည် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းစဉ် များဖြစ်သော လူသုံးကုန် ပစ္စည်းများပြုလုပ်ရောင်းချ ခြင်းများကို ဆောင်ရွက်ရန် စီစဉ်နိုင်ပါသည်။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးအဖွဲ့ကဲ့သို့ အချို့လူငယ် အဖွဲ့အစည်းများသည် လုပ်ငန်းစဉ်များ ဆောင်ရွက်၍ ဝင်ငွေများရှာဖွေကြ ပါသည်။ အဖွဲ့အစည်းများသည် မှတ်ပုံတင်ထား နိုင်ခြင်းဖြင့် ထောက်ပံ့ကြေး ရရှိနိုင်သည့် အခွင့်အရေး များစွာ ရှိနိုင်ပါသည်။ လူငယ်ရေးရာ အဖွဲ့အစည်းများ ထောက်ပံ့ကြေး ရန်ပုံငွေများ ရရှိနိုင်ပါက လူငယ်အဖွဲ့ အစည်းများသည် ပိုမို ကြာရှည်စွာ ရှင်သန်ရပ်တည် နိုင်ရန် အခွင့်အလမ်း ပိုများနိုင်ပါသည်။

## နိုင်ငံရေးဂိုဏ်းဂဏများနှင့် ခွဲခြားဆက်ဆံရမှု

လူငယ်လှုပ်ရှားမှုများသည် ဂိုဏ်းဂဏခွဲပြားနေသော မြန်မာနိုင်ငံရေးအား အကျိုးသက်ရောက်စေခြင်း မရှိပါ။ တက်ကြွလှုပ်ရှားသူ အများစုသည် လူငယ်များအကြား လူမျိုးစု၊ ဘာသာရေးနှင့် ပထဝီမြေပြင်အပြင် နိုင်ငံရေးမငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် ပဋိပက္ခဖြစ်မှုအပေါ် နောင်တရ ကြောင်း ပြောခဲ့သည်။ ထို့ပြင် တက်ကြွလှုပ်ရှားသူ တစ်ဦးက

လူငယ်တွေ အချင်းချင်း သဟဇာတမဖြစ်ကြဘူး။ စည်းစည်းလုံးလုံးမရှိကြဘူး။ သူတို့တွေက တိုင်း၊ ပြည်နယ်၊ လူမျိုးစုတွေကိစ္စရပ်တွေနဲ့ အချင်းပွားနေကြတယ်။ လူတွေအချင်းချင်းကိုယ်ချင်း စာရမည့်အစား အချင်းပွား အငြင်းပွားနေကြတယ်။ "မင်းက ရှမ်း၊ မင်းက ကချင် ..." ဖြစ်နေကြတယ်။ လူငယ်ရေးရာအစည်းအဝေးတွေမှာ တစ်ယောက်က ဒေါသထွက်ပြီး ခုံတောင်ပစ်ပေါက်ခဲ့ဖူးတယ်။ မြန်မာလူငယ်တွေက မစည်းလုံးဘူး။

ဘာသာဆိုင်ရာကွာခြားမှုများကြောင့် ခွဲခြားမှုများလည်း ဖြစ်နိုင်ပါသည်။ ထိပ်တိုက်ရင်ဆိုင်မှု နည်းသည့်အတွက် အခြေအနေအများစုတွင် ပူးပေါင်းဆောင်ရွက်ခြင်းများ လွန်စွာနည်းပါးပါသည်။ "တချို့အချိန်တွေမှာ လူငယ်တွေက အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓ ဘာသာအစရှိတဲ့ အယူဝါဒကွာခြားမှု အပေါ် မူတည်ပြီး ခင်မင်ဆက်ဆံမှုတွေ နည်းသွားကြပါ တယ်။ မွန်လူငယ်ရေးရာကော်မတီက အဖွဲ့ဝင် တစ်ဦးက ပြောသည်မှာ "တစ်ချို့က သူတို့ သီးသန့်နေထိုင်ရင်ဖြစ်စေ၊ ကိုယ့်ဘာသာ လူမျိုးတူ အချင်းချင်း စုနေကြရင်ဖြစ်စေပိုပြီးလုံခြုံတယ်လို့ ခံစားရတယ်"။ အချိန်အများစုမှာလည်း မိသားစုဝင် များနဲ့ လူကြီးမိဘတွေကအလွန်မှလွှမ်းမိုးတတ်ကြ ပါတယ်။ "တစ်ခါတလေ ကျွန်တော်တို့ မိဘတွေက လူမျိုးမတူ/ ဘာသာခြားတွေနဲ့ မပေါင်းသင်းဖို့ သတိပေးမှာကြားကြပါတယ်" ဟု လားရှိုးမှ

## ၅. ဘာသာရေးဆိုင်ရာ လူနည်းစုများ

လူနည်းစုသာ ရှိသော ဘာသာဝင်များသည် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပိုမိုပါဝင်လာကြပါသည်။ ဗုဒ္ဓဘာသာဝင် မဟုတ်သူ ၈၆ ရာခိုင်နှုန်းမှာ ဘာသာရေး လူနည်းစုကိုးကွယ်သည့်ဘာသာဝင်များ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်သင့်ကြောင်း ဖော်ပြခဲ့သည်။

ဗုဒ္ဓဘာသာဝင် လူငယ်များသည်လည်း လူနည်းစုကိုးကွယ်သည့်ဘာသာဝင်များမှလှုပ်ရှားမှုများတွင် ပိုမို၍ ပါဝင်သင့်သော်လည်း လွှမ်းမိုးသည့်အတိုင်းအတာထိ မဖြစ်သင့်ကြောင်း ဖော်ပြခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များမှ လူနည်းစုကိုးကွယ်သည့်ဘာသာဝင်များ နိုင်ငံရေးတွင် ပါဝင်သင့်ကြောင်း လက်ခံသူ ၅၆ ရာခိုင်နှုန်းမျှသာ ရှိပါသည်။

ယင်းပါဝင်ပတ်သက်လိုသည့် အကြောင်းအချက်အလက်များတွင်လည်း အတိုင်းတာ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

ရှာဖွေတွေ့ရှိချက်များတွင် ၅၆ ရာခိုင်းနှုန်းမှာ ခရစ်ယာန်မှ ပိုမိုပါဝင်သင့်သည်ဟု ထင်မြင်ကြပြီး ဟိန္ဒူဘာသာ အတွက် ၄၄ ရာခိုင်နှုန်း ထို့နောက် ၂၃ ရာခိုင်နှုန်းသာ မွတ်ဆလင်များ ပါဝင်သင့်ကြောင်း ဖော်ပြခဲ့ကြသည်။

လူနည်းစုကိုးကွယ်သည့်ဘာသာဝင်များတွင်မတူညီသောအမြင်များရှိကြသည်။ လူနည်းစုကိုးကွယ်သည့် ဘာသာဝင်ထဲမှဖြေကြားသူ နှစ်ဆခန်မှာ မွတ်ဆလင်များသည် နိုင်ငံရေးတွင် ပိုမိုပါဝင်သင့်ကြောင်းဖော်ပြခဲ့ပါသည်။

ပုံ ၁၉ - လူငယ်များသည် လူနည်းစုဘာသာဝင်များမှ လူမှုရေးနှင့် နိုင်ငံရေးရာများတွင် ပိုမိုပါဝင်သင့်ကြောင်းဆိုသည်ကို လက်မခံကြပါ။




မေးခွန်း - လူနည်းစုဘာသာဝင်များသည် လူမှုရေးနှင့် နိုင်ငံရေးအရေးကိစ္စရပ်များတွင် ပိုမိုပါဝင်သင့်ပါသလား။

တက်ကြွလှုပ်ရှားသူ တစ်ဦးကပြောသည်။

လူမျိုးစုများနှင့် ဘာသာခြားလူနည်းစုများက တင်းမာမှုများ ရှိနေတတ်သည်။ မတူညီကြသည့် ခရစ်ယာန်ဘုန်းတော်ကျောင်းများသည်လည်း အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းများ မပြုလုပ်ဘဲ လူငယ်များ ပူးပေါင်းဆောင်ရွက် လုပ်ဆောင်ချက်များ ကိုပင် တားဆီးကြသည်ဟု ကချင်ပြည်နယ်က တက်ကြွလှုပ်ရှားသူတစ်ဦး တင်ပြခဲ့သည်။ အခြေခံဝါဒီ ခရစ်ယာန်ဘုန်းကြီးကျောင်းအား အခြားဘုန်းတော်ကြီးကျောင်းများက အခမ်းအနားများ ဖိတ်ကြားသော်လည်း ပူးပေါင်းဆောင်ရွက်ခြင်းမျိုး မရှိကြပါ။

အခြားကဏ္ဍများတွင် သီးသန့်လုပ်ဆောင်မှုများလည်း ရှိတတ်ကြသည်။ ဥပမာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူငယ်ရေးရာကော်မတီမှ မသန်စွမ်း အဖွဲ့ဝင် နှစ်ဦးသည် အခွင့်အလမ်းများကို ရပိုင်ခွင့် မရှိသည့် အပြင် ယင်းကဲ့သို့ အခွင့်အရေး မရရှိမှုသည် သာမန်ကိစ္စတစ်ခုမျှသာ ဖြစ်သည်။ များသောအားဖြင့် ရန်ကုန်ပြင်ပရှိ မသန်စွမ်းသူများသည် သူတို့၏ ရပိုင်ခွင့်များကို မရရှိသည့်အပြင် အသိအမှတ်ပြုခြင်း ကိုပင် မခံရပါ။ စစ်တမ်းကောက်ခံရာတွင် မသန်စွမ်းသူများသည်လည်း တန်းတူအခွင့်အရေး ရသင့်ကြောင်းကို ဖြေဆိုသူများ၏ သုံးပုံတစ်ပုံကသာ ဖြေဆိုကြသည်။ ဉာဏ်ရည်နိမ့် မသန်စွမ်းသူများအား ၁၄ရာခိုင်နှုန်းကသာ တန်းတူအခွင့်အရေး ရသင့်ကြောင်း ဖော်ပြခဲ့သည်။

လူငယ်များအကြားဘက်လိုက်မှုများရှိနေသော်ငြား လည်း လူငယ်လှုပ်ရှားမှုများ၏ ပူးပေါင်းပါဝင်မှုများ သည် ထောက်ခံအားပေးမှုများကို ဖြစ်စေသည်။ လူငယ်များသည် နိစ္စဓူဝ ခွဲခြားဆက်ဆံခံကြရသည့် အခြေအနေများကို ဆန့်ကျင်ကြသည်။ လူငယ်အများစုသည် ပတ်ဝန်းကျင်ရှိ LGBTIQ+ ခွဲခြားဆက်ဆံမှုများနှင့် မသန်စွမ်းများ ခွဲခြားဆက်ဆံရေး ဆိုင်ရာများ လျော့နည်းစေရန် လူငယ်များအကြား ပူးပေါင်းကာကြိုးစား၍ လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။

လူငယ်လှုပ်ရှားမှုများသည် လူငယ်များအကြား တွေ့ဆုံရင်းနှီးရန် အခွင့်အလမ်းများကို ဖန်တီးပေး ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူတစ်ဦး ပြောသည်မှာ ဥပမာအားဖြင့် ကျောင်းသားကလပ်များ သည် ကျောင်းဝင်း အတွင်း ခွဲခြားဆက်ဆံမှုများ လျော့နည်းပြီး လူငယ်များအကြား ခင်မင်ရင်းနှီးမှုကို ပိုမိုဖန်တီးပေးပါသည်။

အခုတော့ ကျွန်မက မွတ်ဆလင်တစ်ဦးဖြစ်တဲ့ အတွက် ခွဲခြားဆက်ဆံမှုတွေ မခံစားရတော့ပါ။ ဒါပေမဲ့လည်း ၂၀၁၅ခုနှစ် တက္ကသိုလ်စတင် တက်ရောက်ချိန် လူအများက ကျွန်မ မွတ်ဆလင် ဖြစ်တာကိုခွဲခြားမှုတွေ ရှိတယ်လို့ ခံစားရပါတယ်။ ဒီအပြောင်းအလဲတွေ တိုးတက်လာတာဟာ နိုင်ငံရေးပြောင်းလဲမှုပေါ် ဆက်နွှယ်နေတယ်လို့ မထင်ပါဘူး။ အခုလို ပြောင်းလဲတာက ကျွန်မတို့ အချင်းချင်းဆက်ဆံမှု ပိုမိုများလာလို့သာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ခြားသူတွေက ကျွန်မ မွတ်ဆလင် ဖြစ်တာထက် တခြားအကြောင်းအရာတွေကိုပါ မြင်လာကြလို့ပဲ ဖြစ်ပါတယ်

ရှမ်းပြည်နယ်ရှိ လူငယ်ရေးရာကော်မတီသည် ထူးခြားလှပါသည်။ ယင်းအဖွဲ့သည် အခြားရှမ်းလူမျိုး သုံးစုကို ပေါင်းစည်းနိုင်ခဲ့ကြသည်။ ကော်မတီမှ နေရာတစ်ခုစီစဉ်ပေးမှုကြောင့် အချင်းချင်းကြား ယုံကြည်မှုများ ပိုမိုဖန်တီးနိုင်ခဲ့ကြသည်ဟု

ပုံ ၂၀ - လူငယ်များသည် နိုင်ငံရေးနှင့် လူမှုရေးရာဆောင်ရွက်မှုများတွင် မသန်စွမ်းသူများ၏ ပါဝင်လှုပ်ရှားမှုများကို လက်ခံလိုစိတ်မရှိကြပါ။




မေးခွန်း - မသန်စွမ်းသူများသည် နိုင်ငံရေးနှင့် လူမှုရေးရာများတွင် ပိုမိုပါဝင်သင့်ပါသလား?

အဖွဲ့ဝင်တစ်ဦးက ပြောခဲ့သည်။ "စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခြင်းက လူမှုဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်း၊ ယဉ်ကျေးမှု ဖလှယ်ခြင်းနှင့် လူသား ပိုဆန်လာသည်" ဟု အမျိုးသမီးအဖွဲ့ဝင်တစ်ဦးမှဆွေးနွေးတင်ပြခဲ့ သည်။ စေတနာ့ဝန်ထမ်း တာဝန် ထမ်းဆောင် ခြင်းသည် လူငယ်များအကြားနှင့် လူမျိုးစုကြား ရင်းနှီးမှုနှင့် သဘောထားတိုက်ဆိုင်မှုများ ပိုမိုရရှိလာပါသည်။

လူငယ်အဖွဲ့အစည်းများသည် သူတို့၏ လုပ်ငန်းစဉ်တာဝန်များနှင့် သက်ဆိုင်သည့် တာဝန်များအပေါ်အခြေခံပြီး မတူကွဲပြားသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အတူပါဝင်လုပ် ဆောင်ခြင်းများကိုလည်းကောင်း ဆောင်ရွက်ကာ မိမိတို့အဖွဲ့၏ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။

လူငယ်အဖွဲ့အစည်းများ၏ အထက်ပါရည်ရွယ်ချက် ပန်းတိုင်များကို ရောက်ရှိစေရန် ပြင်ပအဖွဲ့အစည်း များမှလည်း ပူးပေါင်းပံ့ပိုးပေးကြပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လူငယ်ဆိုင်ရာ အခမ်းအနားများကိုလည်း စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် မည်သည့်အဖွဲ့မှ ချန်လှပ်ခံခဲ့ရသည်ဟူ၍ မရှိတော့ပေ။ ထို့နောက် အတွေ့အကြုံဖလှယ်သည့် အစီအစဉ်များကို ဆောင်ရွက်သင့်ပြီး ယင်းအစီအစဉ်များတွင် လူငယ်တက်ကြွလှုပ်ရှားသူများသည် သူတို့၏ အတွေ့အကြုံများ မျှဝေနိုင်ပြီး စီမံကိန်းများတွင် အတူတကွလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်နိုင်ကြ နိုင်မည်။ ထိုကဲ့သို့ဖြင့် တက်ကြွလှုပ်ရှားသူများ အတွက် အတွေ့အကြုံနှင့် ချိတ်ဆက်မှုများ ရရှိရုံသာမက လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လာနိုင်ပြီးမတူညီမှု များကိုလည်း ကျော်လွှားလာနိုင်ပါလိမ့်မည်။

## နိုင်ငံ့ရေးရာ ပြဿနာများ အန္တရာယ်

မြန်မာတစ်ပြည်လုံးတွင် နိုင်ငံရေးဆိုင်ရာ အရေးကိစ္စများသည် လူငယ်များအကြား အန္တရာယ်များလွန်းသည်ဟု ယူဆကြသည်။ တက်ကြွလှုပ်ရှားသူများ၏ အကြံပြုချက်များအရ ယခုကဲ့သို့ နိုင်ငံရေးကိစ္စရပ်များသည် လူငယ်ရေးရာ လုပ်ငန်းစဉ်များအတွက် အနှောင့်အယှက် မဖြစ်သင့်ဘဲ ပတ်ဝန်းကျင်၏ ထင်မြင်ယူဆချက်များသာ ဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

ကွတ်ခိုင်မှ တက်ကြွလှုပ်ရှားသူတစ်ဦးပြောကြားခဲ့သည်မှာ “လူမှုပတ်ဝန်းကျင်အဖွဲ့အစည်းတွင် လူအများသည် နိုင်ငံရေး ဆိုင်ရာ အရေးကိစ္စများကို မထိရသည့်အပြင် စိတ်မဝင်စားသင့်ကြောင်းပြောလေ့ရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံရေးထဲ စိတ်ပါဝင်စားမှုရှိတာက ထောင်နှုတ်ခမ်းဝကို တွန်းပို့နိုင်တယ်” ဟု ဆိုသည်။

မိသားစုဝင်တစ်ဦးကရှင်းပြခဲ့သည်မှာ နိုင်ငံရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် ယခင်အစိုးရ၏ ဆိုးဝါးမှုများကို တင်ပြကာ ပါဝင်ပတ်သက်သူများကို ဆွပေးတတ်ကြသည်။ စစ်အုပ်ချုပ်ရေးခေတ်နှင့် ဦးသိန်းစိန် လက်ထက်တွင် “နိုင်ငံရေးက မင်းတို့နဲ့မဆိုင်ဘူး။ မိဘဆွေမျိုးတွေက နိုင်ငံရေးဆန့်ကျင်ရေး အကြောင်းတွေကိုပဲ သိရှိခဲ့ကြပြီး၊ နိုင်ငံရေးအနှစ်သာရကို သေချာမသိရှိခဲ့ကြဘူး” ဟု ရှမ်းပြည်မြောက်ပိုင်းမှ စေတနာ့ဝန်ထမ်းတစ်ဦးမှ တင်ပြခဲ့သည်။

လူငယ်များသည် နိုင်ငံရေးနှင့်ပတ်သက်လာလျှင် သီးသန့် ထားရှိသင့်ကြောင်း မြင်ကြသည်။ စစ်တမ်းကောက်ယူ ချက်များအရ ဖြေဆိုသူ လူဦးရေ၏ သုံးပုံတစ်ပုံသာလျှင် နိုင်ငံရေးဆိုင်ရာ အရေးကိစ္စများတွင် မပါဝင်သင့်ကြောင်းကို လက်မခံခဲ့ပေ။

မြန်မာနိုင်ငံတွင်းရှိ သတင်းထောက်များနှင့် တက်ကြွလှုပ်ရှားသူများ ဥပမာ ဒေါင်းမျိုးဆက်မှ လှုပ်ရှားသူများသည်[၃၄] ခြိမ်းခြောက်ခံရခြင်း၊ သို့မဟုတ် ဖမ်းဆီးထောင်ချခံရခြင်း များရှိခဲ့သည်။ ပြောင်းလဲမှုများ ပြုလုပ်လိုသည့် အခါ ယခုကဲ့သို့ အန္တရာယ်များကိုတက်ကြွလှုပ်ရှားသူ လူငယ်များ ကြိုတင်မြင်ထားကြရမည်။

“လူငယ်တွေက စေတနာ့ဝန်ထမ်းတာဝန်များဆောင်ရွက်ခြင်းအပေါ် အလွန်မှ အပြုသဘောဆောင်ကြတယ်။ ဒါပေမဲ့လည်း နိုင်ငံရေးနဲ့ ရောယှက်လာလျှင် သူတို့စိုးရိမ်လာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေက နိုင်ငံရေးဆိုတာ မစားသင့်တဲ့ သစ်သီးတစ်ခု အဲဒီအသီးကို မစားရဘူး ဆိုပြီးတော့ပဲ သွန်သင်ပေးထားလို့ ဖြစ်တယ်” ဟု လာရှိုးမှာ

### ၆. မြန်မာနိုင်ငံရှိ လူငယ်လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQ+ များ

မြန်မာနိုင်ငံရှိ လိင်စိတ်ခံယူမှု ကွဲပြားသူ လူငယ်များအတွက် မကြာသေးမီကာလတွင် လူမှုရေးအမြင်နှင့် သဘောထားများ သိသိသာသာပြောင်းလဲလာပါသည်။ သို့သော်လည်း စစ်တမ်းကောက်ခဲ့သည့် လူဦးရေ ထက်ဝက်ကျော် (၅၉ ရာခိုင်နှုန်း)သည် လိင်စိတ်ခံယူမှု ကွဲပြားသူများသည် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာများတွင် ပိုမို မပါဝင်သင့် ကြောင်း ဖော်ပြခဲ့ကြသည်။

လိင်စိတ်ခံယူမှု ကွဲပြားသူလူငယ်များသည် နေ့စဉ်ခွဲခြားဆက်ဆံမှုကို ခံနေရပါသည်။ “အလုပ်အကိုင်အခွင့် အလမ်းများ လျော့နည်းပြီး အလုပ်အကိုင်ရှာဖွေချိန်မှာလည်း ခွဲခြားဆက်ဆံခံရပါတယ်” ဟုလာရှိုးမြို့မှ လူငယ်ရေးရာ တက်ကြွလှုပ်ရှားသူတစ်ဦးမှ ဖော်ပြခဲ့သည်။

လူငယ် ဦးဆောင်လုပ်ငန်းစဉ်များသည် လိင်စိတ်ခံယူမှု ကွဲပြားသူလူငယ်များ ခွဲခြားဆက်ဆံရခြင်းဆိုင်ရာ အသိဇဟုသုတများကို ဝေမျှခြင်းဖြင့် ပူးပေါင်းပါဝင်မှုများကို ပိုမိုပြုလုပ်နိုင်ပါသည်။

ပုံ ၂၁ - လူငယ်တစ်ဝက်ကျော်မျှသည် လိင်စိတ်ခံယူမှုကွဲပြားသူ လူငယ်များကို လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာများတွင် ပါဝင်ခြင်းကို မကြိုက်နှစ်သက်ပါ။




မေးခွန်း - လိင်စိတ်ခံယူမှုကွဲပြားသူများသည် နိုင်ငံရေးနှင့် လူမှုရေးရာများတွင် ပိုမိုပါဝင်သင့်ပါသလား?

တက်ကြွလှုပ်ရှားသူလူငယ် တစ်ဦးက ဆွေးနွေး တင်ပြခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားလျက် ရှိသည့် နေရာများက လူငယ်များသည် နိုင်ငံရေးကိစ္စများတွင် ပါဝင်ခြင်းသည် တရားစီရင်ခြင်း ခံရသကဲ့သို့ ထင်မြင်တတ်ကြသည်။ လုပ်ငန်းအပေါ် သက်ဆိုင်ရာ အာဏာရှိပုဂ္ဂိုလ်များနှင့် ဆက်ဆံရခြင်းနှင့် လုပ်ငန်းစဉ် စိန်ခေါ်မှုတစ်ခုကဲ့သို့ရှိလာခြင်း အန္တရာယ်တစ်ခုအဖြစ်သာ ထင်မြင်တတ်ကြသည်။ သပိတ်မှောက်ခြင်း၊ ဆန္ဒထုတ်ဖော်ပြောဆိုခြင်းသည် ဖမ်းဆီးခံနိုင်ရခြင်းအထိ အန္တရာယ်ကျရောက်နိုင်သည်ဟု ထင်မြင်ကြသည်။

လူငယ်များ ထိရှလွယ်သည့် နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ကြသည့်အခါ မည်သည့် ဩဇာရှိအာဏာပိုင်အဖွဲ့အစည်းများကို ခြိမ်းခြောက်မှုများရှိလာနိုင်သည်။ “ပြောင်းလဲမှုအတွက်လုပ်ဆောင်သူများအား အာဏာရှင်များကဖြစ်စေ၊ လက်နက်ကိုင်အဖွဲ့အစည်းများကဖြစ်စေ ဖမ်းဆီးနိုင်သည့် အလားအလာများ ရှိနေတတ်ပါတယ်” ဟု တက်ကြွလှုပ်ရှားသူတစ်ဦးကဆိုသည်။

တက်ကြွလှုပ်ရှားမှုပြုလုပ်သည့်လူငယ်များအနေဖြင့် မိမိတို့၏လှုပ်ရှားမှုများ နှင့်ပတ်သက်၍ သတိကြီးစွာထားရှိရမည်ဖြစ်ပြီး ကျရောက်လာနိုင်သည့်အန္တရာယ်များကိုလည်း သိရှိထားကြရမည်ဖြစ်သည်။ နိုင်ငံတကာမှ အလှူရှင် အင်ဂျင်စီများသည် သက်ဆိုင်ရာအာဏာရှိသူများနှင့် ပူးပေါင်းနိုင်သည့် အခွင့်အရေးများ ရှိပြီး ယင်းမှတစ်ဆင့် လွတ်လပ်စွာ တင်ပြပြောဆိုခွင့်များကို တောင်းဆိုခြင်းများပင် ပြုလုပ်နိုင်သည်။ တက္ကသိုလ်များ သည် မိမိတို့၏ ကျောင်းသားများကို သူတို့၏ ရပိုင်ခွင့်များအတွက် ကာကွယ်ပြောဆိုပေးနိုင်သည်။ ထိုထက်အရေးကြီးသည်မှာ အစိုးရအဖွဲ့အစည်းသည် သူတို့၏ လုပ်ပိုင်ခွင့်ကို အသုံးပြုပြီး လွတ်လပ်စွာ တင်ပြဖော်ပြခွင့်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

## ခက်ခဲသောဒေသများမှ တက်ကြွလှုပ်ရှားသူများ

“ကချင်ပြည်နယ်ကို လာရောက်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများဟာ မြစ်ကြီးနားမြို့ကိုသာ လာကြပါတယ်။ သူတို့က ဗန်းမော် ဒါမှမဟုတ် တခြားနေရာတွေကို မသွားကြဘူး” မြန်မာပြည်တစ်ဝန်း အထူးသဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများ၏ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ကွာခြားနိုင်ပါသည်။

ပုံ ၂၂ - လူငယ်များသည် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးရာများတွင် ပါဝင်သင့်သည်ဟု လူငယ်များက ယုံကြည်ကြသည်။




မေးခွန်း - “လူငယ်များသည် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးရာများတွင် မပါဝင်သင့်ပါ”ဟူသည်ကို မည်သည့်အတိုင်းအတာထိ သင်ထောက်ခံပါသနည်း၊ သို့မဟုတ် ကန့်ကွက်ပါသနည်း။

၃၄ > See BBC News (2019).

သွားလာရန်ခက်ခဲသည့်နေရာများတွင် ထူးခြားသည့် လူမှုရေးနှင့် နိုင်ငံရေးချိတ်ဆက်မှု စိန်ခေါ်မှုများ ရှိနေတတ်ပါသည်။

## အခွင့်အရေး နည်းခြင်း

လူငယ်အချင်းချင်းချိတ်ဆက် ဆောင်ရွက်ခြင်းများသည် မြန်မာနိုင်ငံ၏ မြို့ပြတွင်သာ များပြားသည်။ ဥပမာအားဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့သည် လူငယ်များ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာလှုပ်ရှား ဆောင်ရွက်မှုများအတွက် အချက်အချာကျသည့် စုရပ်တစ်ခုဖြစ်သည်။ ယင်းနေရာများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပညာရေးအခွင့်အလမ်းများသည် မြို့ပြများတွင်သာ အများစု စုနေလျက်ရှိသည်။[၃၅] တက်ကြွလှုပ်ရှားသူများ၏ သုံးသပ်ချက်များအရ ကျေးလက်ဒေသများတွင် လူငယ်များအတွက် အခွင့်အလမ်းများ နည်းပါးသည်။

"အလုပ်အကိုင် မရှိသေးခင်မှာပင် ကျွန်တော်တို့ စိန်ခေါ်မှု အခက်အခဲများမှာ များပြားလွန်းပါတယ်" ဟု ကချင်တစ်မျိုးသားလုံးဆိုင်ရာလူငယ်များ သမဂ္ဂ အဖွဲ့ဝင်တစ်ဦးက ရှင်းပြခဲ့သည်။

တက္ကသိုလ်တွေက ဘွဲ့ရထားပြီးလင့်ကစား သက်ဆိုင်ရာအရည်အချင်းများကို ပြင်ပကတစ်ဆင့် ဖြည့်ဆည်း ရပါသည်။ ဒါပေမဲ့လည်း မြစ်ကြီးနားမြို့မှာ ရွေးချယ်စရာ အခက်ခဲများရှိသည်။ တက္ကသိုလ်များက အရေးပါပြီး လိုအပ်သည့် အရည်အသွေးများ ကျောင်းသားတွေကို မပေးနိုင်ပါ။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ကျောင်းသားများကို အပြစ်မတင်လိုပါ။ ဒါတွေအားလုံးက ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာများနှင့် အကြမ်းဖက်မှုများကြောင့် ဖြစ်ပါတယ်။ လက်ရှိအခြေအနေများကို သုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံ အောက်ပိုင်းနှင့် အပေါ်ပိုင်းအသီးသီးတွင် ရရှိနိုင်သည့် အခွင့်အလမ်းများ ကွာခြားပါတယ်။ မြန်မာနိုင်ငံ အပေါ်ပိုင်းတွင် အခွင့်အလမ်းများ နည်းပါတယ်။ ရန်ကုန်မှာဆိုလျှင် ရွေးချယ်စရာ အမြောက်အမြားရှိပါတယ်။ အကယ်၍ နိုင်ငံရေး စိတ်ဝင်စားသည်ဆိုရင် နိုင်ငံရေးသိပ္ပံ ဒီပလိုမာ ဘာသာရပ်ကို လေ့လာနိုင်တယ်။ နိုင်ငံခြားဘာသာစကားကို သင်ယူနိုင်တယ်။ ကျွန်တော်တို့ နေရာတွေမှာ ဒီလိုအခွင့်အလမ်းမျိုးမရှိဘူး။

ကျေးလက်ဒေသများတွင်လည်း လူငယ်အဖွဲ့အစည်းများနည်းပါးသောကြောင့် ကမ်ပိန်းများ ပြုလုပ်ခြင်းနှင့် အခမ်းအနား အခွင့်အလမ်းများ နည်းပါးစေပါသည်။ ထို့ကြောင့် လူငယ်များချိတ်ဆက်မှု အခွင့်အရေး နည်းပါးစေကြောင်း တွေ့ရှိရပါသည်။

အစိုးရအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ

### ၇. အမျိုးသားဦးဆောင် နိုင်ငံရေးတက်ကြွလှုပ်ရှားမှု

"ငယ်ရွယ်သူအမျိုးသမီးအများစုမှာ နိုင်ငံရေးဆိုင်ရာအခန်း ကဏ္ဍတွေမှာ တက်ကြွစွာပါဝင် လှုပ်ရှားဖို့အတွက် ကြောက်ရွံ့တတ်ကြပါတယ်။" မြစ်ကြီးနားရှိ နိုင်ငံရေးလှုပ်ရှားသူ အမျိုးသမီးမှ ပြောကြားခဲ့သည်။ "ရိုးရာ ယဉ်ကျေးမှုများကြောင့်ဖြစ်စေ၊ အမျိုးသမီးများမှာ နိုင်ငံရေးတွင် ပါဝင်ဖို့ စိုးရိမ်တတ်ကြပါတယ်။"

လူငယ်နိုင်ငံရေးပတ်ဝန်းကျင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုတွေ့မြင်ရနိုင်သည်။ များသောအားဖြင့် ယခုကဲ့သို့အခြေအနေမျိုးသည် ရှေးရိုးစွဲသည့်ဓလေ့များအစွဲပြုသည့် နိုင်ငံများတွင် ဖြစ်ပေါ်တက်သည့် အခြေအနေတစ်ခုပင်ဖြစ်သည်။ မိဘဆွေမျိုးများနှင့် ရပ်ရွာပတ်ဝန်းကျင်၏ လွှမ်းမိုးမှုများ နေတတ်ပါသည်။

"ကျွန်မ လာရောက်တဲ့ ကျေးလက်ဒေသမျိုးမှာဆိုရင် လူအများစုက အမြင်ကျဉ်းကြပါတယ်။ အဲ့ဒီအပြင် ကျွန်မလို အမျိုးသမီးတစ်ဦး နိုင်ငံရေးထဲ ပါဝင်တာကိုလည်း အပြုသဘောဆောင် မကြိုက်နစ်သက်ကြပါဘူး။" ပတ်ဝန်းကျင် ရေးရာ တက်ကြွလှုပ်ရှားသူ တစ်ဦးမှ ဖော်ပြခဲ့သည်။

လူငယ်အမျိုးသမီးများအတွက် တက်ကြွလှုပ်ရှားမှုများတွင် ထဲထဲဝင်ဝင် ပါဝင်ရန် စိုးရိမ်စိတ်များ တားဆီးလျက် ရှိနေပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကြောင့်သော်လည်းကောင်း လက်ရှိဖြစ်ပျက်နေသည့် အခြေ အနေများကြောင့်သော်လည်းကောင်း နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများသည် စိုးရိမ်ထိတ်လန့်စရာ ကောင်းသည့် အခြေအနေရှိသောကြောင့် အမျိုးသမီးများကို ယင်းအခြေအနေမျိုးမှ ကာကွယ်သင့်သည်ဟု ထင်မြင်ကြသည်။ စစ်တမ်းကောက်ချက်အရ ၈၅ ရာခိုင်နှုန်း၏ ဖြေကြားချက်မှာ အမျိုးသမီးများ တက်ကြွလှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် အန္တရာယ်များသည်ဟု ဖြေဆိုခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် စစ်တမ်းကောက်ချက်အရ ၇၅ ရာခိုင်နှုန်းသော ဖြေကြားသူ အမျိုးသမီးများသည် ယုံကြည်မှုရှိကြပြီး တက်ကြွနိုင်ငံရေးလှုပ်ရှားမှုများတွင် ကောင်းမွန်စွာ ချိတ်ဆက်နိုင်ကြောင်း ဖော်ပြခဲ့သည်။ ဖော်ပြချက်များအရ အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ပြီး အများ၏ အတွေးအမြင်များကို ပြုပြင်ပြောင်းလဲနိုင်သည်။

"လူအများကို ကျွန်မ၏ လုပ်ရပ်များဖြင့် ကျွန်မယုံကြည်မှုနှင့် ရပ်တည်မှု မှန်ကန်ကြောင်းကို သက်သေပြချင်တယ်။ ကျွန်မ မိဘတွေကို ကျွန်မမှန်ကြောင်း သက်သေပြခဲ့ပြီးဖြစ်တယ်။" ဟု လူငယ်အမျိုးသမီးတစ်ဦးက ဖော်ပြခဲ့သည်။

လူငယ်လှုပ်ရှားမှုများသည် အဖွဲ့အစည်းအသီးသီးအတူတကွ ပါဝင်လာမှုများကို ဆောင်ရွက်နိုင်သည်။ ထို့ပြင် အမျိုးသမီးခေါင်းဆောင်များကိုလည်း မွေးထုတ်နိုင်သည်။ ထိုကဲ့သို့ဖြင့် လူငယ်အမျိုးသမီးများ အတွက် စံပြအတုယူနိုင်လာမည် ဖြစ်သည်။





### ၈. မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မြန်မာလူငယ်များ

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများမှ လူငယ်များသည် အခွင့်အလမ်းများ နည်းပါးမှုကြောင့်သာ ရုန်းကန်ကြရသည် မဟုတ်။ နေရာတကာ ပျံ့နှံ့လျက်ရှိပြီး နေ့စဉ်သာမည အသုံးပြုနေကြသော တရားမဝင် မူးယစ်ဆေးဝါးများ၏ အန္တရာယ်ကိုပါ ကြီးစွာ ရင်ဆိုင်နေကြရသည်။

လားရှိုးမြို့မှ တက်ကြွလှုပ်ရှားသူတစ်ဦးက မူးယစ်ဆေးဝါးများကို လွန်ခဲ့သောကာလများ ကတည်းက လွယ်ကူစွာ နေရာအနှံ့မှ ဝယ်ယူနိုင်သော သူ၏ မြို့ကို "မူးယစ်ဆေးစွဲ မြို့တော်"ဟုတင်စားပြောခဲ့သည်။ "မူးယစ်ဆေးဝါးများက ဘဝရဲ့ အနာဂတ် တစ်စိတ်တစ်ပိုင်း ဖြစ်နေကြတယ်။"

မူးယစ်ဆေးဝါး သုံးစွဲကြသော လူငယ်များသည် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကိုသာ ဆိုးရွားစွာ ခံစားကြရသည်မဟုတ် လူမှုရေးရာ အရေးများတွင်လည်း နစ်နာထိခိုက်ကြရသည်။ အချို့သော လူငယ်ဆိုင်ရာ အဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးသုံးစွဲသူများကို တက်ကြွလှုပ်ရှား အစီအစဉ်များတွင် ပါဝင်ခြင်းကို တားဆီးပိတ်ပင်ကြသည်။ မြစ်ကြီးနားမြို့မှ တက်ကြွလှုပ်ရှားသူ တစ်ဦးက "မူးယစ်ဆေးဝါး သုံးစွဲသူများသည် ထိုင်းမှိုင်းကြသောကြောင့် လှုပ်ရှားမှုအစီအစဉ်များတွင် ပါဝင်ခြင်းမှ ဖယ်ထုတ်ခံရကြောင်း" ရှင်းပြသည်။

မူးယစ်ဆေးသုံးစွဲမှုကြောင့် ပြစ်တင်ရှုံ့ချခံရခြင်းများကို တွင်ကျယ်စွာ ပြုလုပ်လာကြပြီ ဖြစ်သည်။ နိုင်ငံရေးရာနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မည်သူများ ပိုမိုလုပ်ဆောင်သင့်သနည်းဟု မေးမြန်းရာတွင် လူငယ် ၁၀ ဦးလျှင် ၁ ဦးသာလျှင် မူးယစ်ဆေးဝါး သုံးစွဲသူများလည်း ပါဝင်သင့်သည်ဟု ဖြေဆိုကြသည်။ အခြားသော အုပ်စုများဖြင့် နှိုင်းယှဉ်ပြရပါက ကျောင်းထွက်ထား သူများက ထိုလုပ်ငန်းများတွင် ပိုမိုပါဝင်သင့်ကြောင့် လူငယ် ၁၀ ဦးလျှင် ၈ ဦး က ဖြေဆိုကြသည်။

ပုံ ၂၃ - မူးယစ်ဆေးဝါးသုံးစွဲသူများသည် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်သင့်ကြောင်း လူငယ် ၁၀ ဦးလျှင် ၁ ဦးသာ ယုံကြည်ကြသည်။




မေးခွန်း - မူးယစ်ဆေးဝါးသုံးစွဲသူများသည် နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်သင့်ပါသလား

အလှူရှင်အဖွဲ့အစည်းများသည် သူတို့၏ လုပ်ငန်းစဉ်များကို နယ်ဘက်ရှိသူများ ပါဝင်စေရန် စိစစ်ခြင်း အားဖြင့် ကျေးလက်ဒေသများသည်လည်း ပိုမိုအခွင့်အလမ်းများ ရရှိနိုင်ပါသည်။

## ပဋိပက္ခဖြစ်ပွားရာ နေရာများကို ရည်ညွှန်းခြင်း

ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် နေထိုင်ကြသော လူငယ်များအတွက် ဆိုရပါလျှင် လူငယ် တက်ကြွလှုပ်ရှားခြင်း များအတွက် ပါဝင်ရန် နေရာများသည် စိန်ခေါ်မှုများ ရှိသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသများ သို့မဟုတ် ထိုအနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော လူငယ်များသည် လက်နက်ကိုင် ပဋိပက္ခများမှ အရင်းတည်သော အကျိုးဆက်များစွာကို ခံစားနေကြရသည်။

၎င်းတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် နေထိုင်ရန် လုံခြုံမှုမရှိခြင်းများလည်း ပါဝင်သည်။ ထို့ပြင် အချို့ဖြစ်စဉ်များအရ ဖိအားပေးပြီး ဖြစ်စေ သို့မဟုတ် ကိုယ်တိုင်စိတ်ပါဝင်စားကြ၍ ဖြစ်စေ တိုက်ပွဲများတွင် တိုက်ခိုက်ကြရန် ခေါ်ဆိုခံရခြင်းများလည်း ရှိသည်။ လူမှုဝန်းကျင်ကို ထိခိုက်စေနိုင်သော ဆိုးကျိုးများလည်း ပါဝင်သည်။ နေရာဒေသတစ်ခုတည်းကိုပင် မတူညီသော တပ်ဖွဲ့များမှ ဝိုင်းလုနေကြသည့်အတွက် နယ်မြေကန့်သတ်မှုများ၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့် တပ်ဖွဲ့များ ရှုပ်ထွေးကာ အရာမရောက်သော စည်းမျဉ်း၊ စည်းကမ်း များပြားမှုများ ဖြစ်နေသည်။ ထိုကဲ့သို့သော ဒေသများတွင် အဖွဲ့အစည်းတစ်ခု တည်ထောင်ရန် ဒေသခံများ၏ ယုံကြည်မှု ရရှိရန် မဖြစ်နိုင်ချေ။ ၎င်းသည် လူငယ်များအတွက် အပြောင်းအလဲ ပြုလုပ်လိုသည့် မျှော်မှန်းချက်များကို ပျက်စီးစေကြောင်း လားရှိုးဒေသခံ တက်ကြွလှုပ်ရှား လူငယ်တစ်ဦးက ဆိုသည်။ အပြောင်းအလဲ ပြုလုပ်လိုသူများက ဖန်တီးပုံဖော်ရမည် ဖြစ်သည်။

ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် နေထိုင်ခြင်း၏ မြင်သာသော အကျိုးဆက်တစ်ခုမှာ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များ ပိုမိုများပြားခြင်း ဖြစ်သည်။ အဖွဲ့အစည်းများကို လုံခြုံရေး အကြောင်းပြချက်ဖြင့် သက်သေအထောက်အထားမရှိဘဲ စွဲချက်တင်ပြီး စိစစ်ခြင်းများစွာကို ရင်ဆိုင်ရမည် ဖြစ်သည်။

လှုပ်ရှားမှုများအတွက် တက်ကြွလှုပ်ရှားသူများသည် ခွင့်ပြုမိန့်များ ရရှိရန် လိုအပ်သည်။ လားရှိုးမြို့မှ

### ၉. နေရပ်စွန့်ခွာခဲ့ရသော လူငယ်များ

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာကတည်းက ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာ ခဲ့ပြီး ဖြစ်သည်။ ထိုနေရပ်စွန့်ခွာသူများသည် အစိုးရ၊ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ပေးသော ယာယီတဲများတွင် ခိုလှုံနေထိုင်ကြရသည်။ ထိုနေရပ်စွန့်ခွာခဲ့ရသော လူငယ်များသည် အစဉ်အမြဲ ခွဲခြားဆက်ဆံခံခဲ့ရဖူးသော အတွေ့အကြုံများ ရှိကြသည်။

"နေရပ်စွန့်ခွာခဲ့ရပြီး ဒုက္ခသည်စခန်းတွင် နေထိုင်နေရသည့်အတွက် ခွဲခြားဆက်ဆံခံရသည်ဟု အစဉ်အမြဲ တွေးမိကြောင်း မြစ်ကြီးနားမြို့မှ နေရပ်စွန့်ခွာခဲ့ရပြီး ဒုက္ခသည်စခန်းများစွာတွင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသူဖြစ်သူ တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။ "ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေရလို့ ကဲ့ရဲ့ခံခဲ့ရပြီး အသရေဖျက်ခံရပါသည်။ ထိုအချက်ကလည်း နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်လှုပ်ရှားရန် ဟန့်တားနေသည့် အချက်များမှ တစ်ချက်ဖြစ်သည်"

နေရပ်စွန့်ခွာ ထွက်ပြေးခဲ့သူများအတွက် နိုင်ငံတကာ အဖွဲ့အစည်းများက ရံဖန်ရံခါ ကူညီ ဆောင်ရွက်ပေးကြသော်လည်း အချို့သော အစီအစဉ်များသည် နေရပ်စွန့်ခွာသူများ အမှန်တကယ် လိုအပ်လျက်ရှိသည်ကို ဖြေရှင်းပေးခြင်း မရှိကြပေ။

(နေရပ်စွန့်ခွာခဲ့သူ လူငယ်) ကျွန်တော့်အနေနဲ့ နိုင်ငံရေးရာနှင့် လူမှုရေးရာ ကိစ္စများကို ချိတ်ဆက်ဆောင်ရွက်ပေးဖို့ထက် ထိုသူများ၏ နိစ္စဓူဝ အရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။ (...) ၎င်းသည် နေရပ်စွန့်ခွာခဲ့ရသူများအတွက် မည်သည့်သင်တန်းမျိုးမှ မပြုလုပ်ပေးခြင်းဟု မဆိုလိုပါ။ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အသိမြင်ဖွင့်ပေးသော အစီအစဉ်များ ပြုလုပ်ပေးသော်လည်း အလုပ်အကိုင် အခွင့်အလမ်းများကမူ မရှိပါ။ အသိအမြင် ဗဟုသုတများသာ ရရှိပြီး အလုပ်အကိုင် အခွင့်အလမ်း မရရှိလို့ နေရပ်စွန့်ခွာခဲ့သူ ဒုက္ခသည်များက မပျော်မရွှင် ဖြစ်ကြပါသည်။ နောက်ပိုင်းတွင် ထိုကဲ့သို့သော လေ့လာရေး အစီအစဉ်မျိုးတွင် မပါဝင်လိုကြတော့ပေ။ ထိုကဲ့သို့သော သင်တန်းများသည် လူများ၏ နေ့စဉ်ဘဝတွင် အပြောင်းအလဲများ မဖော်ဆောင်နိုင်သည့်အတွက် အကျိုးထိရောက်မှု မရှိပါဟု ကျွန်တော် မယူဆပါ။ သို့သော် ယင်းလှုပ်ရှားမှုမျှသည် ရေရှည်တွင် ခိုင်မာသည့် ပြောင်းလဲမှုများ မဖြစ်ပေါ်နိုင်စေပါ။



တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးက အခမ်းအနားတစ်ခု ကျင်းပရန် အစိုးရသာမက လက်နက်ကိုင် တပ်ဖွဲ့များ စိစစ်ပြီးမှ ဆောင်ရွက်ခွင့်ရှိပြီး အခမ်းအနား မတိုင်မီတွင် ခွင့်ပြုမိန့်အတွက် ထိုတပ်ဖွဲ့များ အားလုံးထံမှ ခွင့်ပြုမိန့်တောင်းခံရန် လိုအပ်ကြောင်း ဆိုသည်။ ယခုအချိန်တွင်မူ အာဏာပိုင်များသည် ပိုမိုသက်ညှာစွာ အခမ်းအနားများ ကျင်းပခွင့် ပြုလာကြပြီ ဖြစ်သည်။ သို့သော် လွန်ခဲ့သော နှစ်များတွင်မူ ဒေသဆိုင်ရာ အာဏာပိုင်များသည် ထိုအခမ်းအနားများကိုစောင့်ကြည့်ရန် ကိုယ်တိုင် တက်ရောက်လေ့ ရှိကြသည်။ စစ်တပ်အချင်းချင်း တိုက်ခိုက်မှုများ၊ ပေါက်ကွဲမှု ဖြစ်ချိန်များ၊ သို့မဟုတ် အခြားအခမ်းအနားများကြောင့် ပဋိပက္ခများ ဖြစ်ပွားချိန်များတွင် ထိုကဲ့သို့ လှုပ်ရှားမှုများအတွက် ခွင့်ပြုမိန့် ရရှိရန် ပိုမိုခက်ခဲသည်။

အခမ်းအနားများ ကျင်းပရန် အချိန် ကြာမြင့်လွန်းသော၊ ရံဖန်ရံခါတွင် အနှောင့်အယှက်ဖြစ်စေသော ခွင့်ပြုမိန့်ပေးခြင်း လုပ်ငန်းစဉ်များသည် အချို့သော အခြေအနေများတွင် အဖွဲ့အစည်းများကို ခွင့်ပြုချက်မရရှိဘဲ ကျင်းပရန် ဖြစ်စေခဲ့သည်။ ဥပမာအားဖြင့် လူငယ်အဖွဲ့အစည်းတစ်ခုသည် ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားနှင့် လူ့အခွင့်အရေးနေ့ အခမ်းအနားများကို ကျင်းပလိုခဲ့သည်။

ထိုအခမ်းအနားကို စိတ်ဝင်စားသူ လူငယ်များ စုဝေးတက်ရောက်ကြပြီး ထိုဒေသရှိ မတည်ငြိမ်သေးသော လုံခြုံရေးအကြောင်းအရာများကို မီးမောင်းထိုးဆွေးနွေးကြသည်။ သို့သော် အစိုးရဌာနက ထိုအခမ်းအနားကို မကျင်းပစေလိုသောကြောင့် တာဝန်မယူပေးလိုခဲ့ပေ။

ယေဘုယျဆိုရသော် အခြား ငြိမ်းချမ်းသော ဒေသများထက် ပဋိပက္ခဖြစ်ပွားရာဒေသများက တက်ကြွ လှုပ်ရှားသူများသည် အန္တရာယ်များကို ပိုမိုဂရုပြုကာ လှုပ်ရှားမှုများ ဆောင်ရွက်ကြရန် လိုအပ်သည်။ ထိုကဲ့သို့ဒေသများမှ လူငယ်တစ်ဦးက သူတို့၏ အဖွဲ့အစည်းကို အစိုးရအာဏာပိုင်များသာမက လက်နက်ကိုင်တပ်ဖွဲ့များမှပင် စောင့်ကြည့်လျက်ရှိကြောင်း ဆိုသည်။ ထို့ကြောင့် အကျိုးဆက်အနေဖြင့် လူမြင်သာပြီး ဟုတ်မှန်ရာကို ပြောရမည့် တက်ကြွလှုပ်ရှားသူများသည် လှုပ်ရှားမှုများကို ဆောင်ရွက်ရဲကြရန် လိုအပ်သည်။ "လက်နက်ကိုင်တပ်ဖွဲ့တွေအားလုံးက ကျွန်တော်တို့တွေ ဘာတွေ လုပ်နေကြလဲဆိုတာကို အမြဲတမ်း သိရှိကြတယ်" ဟု နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေသော တက်ကြွလှုပ်ရှား လူငယ်တစ်ဦးကဆိုသည်။ "ကျွန်တော်တို့ မဖြတ်ကျော်နိုင်တဲ့ ဘောင်တွေ ရှိနေပါတယ်။ လှုပ်ရှားမှု လုပ်ငန်းတွေနဲ့ နေရာဒေသကို အကန့်အသတ်ထဲကနေပဲ ရွေးချယ်ရပါတယ်"

မြန်မာနိုင်ငံ၏ ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် ငြိမ်းချမ်းရေး ရရှိရန်မှာ အချိန်ကြာဦးမည် ဖြစ်သည်။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား အခွင့်အလမ်း ရရှိမှု မညီမျှခြင်းကို ဖြေရှင်းရန် လုပ်ဆောင်ပေးမည့် အဖွဲ့အစည်းများစွာ ရှိသည်။ နိုင်ငံခြားမှ အလှူရှင် အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံ အဖွဲ့အစည်းများက သွားလာဆက်သွယ်ရန် ခက်ခဲလျက်ရှိသော ဒေသများတွင် လုပ်ဆောင်မှုများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်သည်။ မြို့ပြမဟုတ်သော ဒေသများတွင်ပါ အင်တာနက်လိုင်း ကောင်းမွန်စေရန် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြို့ပြနှင့် ကျေးလက်ကြား ကွာဟချက်များကို ပေါင်းကူးဆောင်ရွက်ပေးသင့်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မြန်မာ့နိုင်ငံရေး ခရီးရှေ့ဆက်စေရန် အစိုးရသာမက ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်များသည် လူငယ်များ ပိုမိုပါဝင်လာစေရန် ဆောင်ရွက်သင့်သည်။ အထူးသဖြင့် လူငယ်များနှင့် သက်ဆိုင်သည့် အရေးကိစ္စများကို ဖြေရှင်းပေးရေးအတွက် နိုင်ငံတစ်ဝန်းမှ လူငယ်များ ပါဝင်သော လူငယ်ပါလီမန် တစ်ရပ် ဖွဲ့စည်းထား သင့်သည်။

## ၁၀. လူငယ်နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

"ကျွန်တော့်အတွက် ပထမဆုံး မဲပေးရမှာပါ။ ဘယ်ပါတီကို မဲထည့်ရမယ်ဆိုတာ ခုချိန်ထိ ဝေခွဲရခက်နေဆဲပါ"ဟု တက်ကြွလှုပ်ရှားသူ လူငယ် တစ်ဦးက ဝန်ခံသည်။ "မှန်ကန်တဲ့ပါတီကိုပဲ မဲထည့်ချင်ပါတယ်။ အမှန်အတိုင်းပြောရမယ်ဆို ဘယ်ပါတီကို ရွေးချယ်ရမယ်ဆိုတာ ခုထိ တွေဝေနေဆဲပါ။ မိတ်ဆွေသူငယ်ချင်းတွေကနေ တစ်ဆင့် လူမှုကွန်ရက်ကနေ သတင်းအချက်အလက်တွေ သိရှိလိုပါတယ်။ ပါတီတွေက ပြိုင်နေပြီး ဘာတစ်ခုကို ရွေးရမယ်ဆိုတာ ဝေဝါးနေပါတယ်(...)"

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံး စတင်မဲပေးမည့် လူငယ်များစွာရှိပါသည်။ ယခုရွေးကောက်ပွဲသည် သိသာထင်ရှားသော အပြောင်းအလဲများစွာကို ဖန်တီးပေးနိုင်မည်ဟု တစ်ထစ်ချ မယုံကြည်နိုင်သော်လည်း လူငယ်များအတွက် ချိတ်ဆက်ဆွေးနွေးမှုများ ပိုမိုပြုလုပ်ရန် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု ဆိုကြသည်။ ကျေးလက်ဒေသများရှိလူငယ်များ မဲပေးကြရန်အတွက် အသိအမြင်များရှိရန် အရေးကြီးသည်ဟု ဆိုကြပါသည်။

မဲပေးခြင်းကဲ့သို့သော နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများတွင် လူငယ်များ ထိရောက်စွာ ပါဝင်မှုခြင်းသည် အပိုင်းကွဲနေပါသည်။ နိုင်ငံရေးစနစ်အရ လုပ်ငန်းလုပ်ကိုင်နေသည်များထက် ဒေသခံပြည်သူများနှင့် အတူ လုပ်ဆောင်သောလှုပ်ရှားမှုများသည် ပိုမိုထိရောက်မှုရှိသလားဟု မေးမြန်းရာတွင် စစ်တမ်းကောက်ခံရာတွင် လူငယ် ၄၃ ရာခိုင်နှုန်းသည် ငြင်းဆို သို့မဟုတ် ပြင်းပြင်းထန်ထန် ငြင်းဆိုခဲ့ကြပြီး ၄၆ ရာခိုင်နှုန်းမှာ ထောက်ခံ သို့မဟုတ် အပြည့်အဝ ထောက်ခံကြသည်။

ပုံ ၂၄ - ပြောင်းလဲမှုကိုဖန်တီးရန် ဒေသခံပြည်သူများနှင့်အတူလုပ်ဆောင်သော လှုပ်ရှားမှုသည် အထိရောက်ဆုံးနည်းလမ်းဖြစ်ခြင်းအပေါ် လူငယ်များ၏ ယူဆချက်များကွဲပြားကြသည်




အောက်ပါဖော်ပြချက်ကို သင်မည်မျှ ထောက်ခံပါသနည်း၊ ကန့်ကွက်ပါသနည်း ဆိုသည်ကို ဖော်ပြပါ။ "အပြောင်းအလဲ တစ်စုံတစ်ခုကို သင်ဖော်ဆောင်လိုပါက ဒေသခံပြည်သူများနှင့်အတူပါဝင်လှုပ်ရှားခြင်းက ပိုမိုကောင်းမွန်ပါသည်။
(ဥပမာ - ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်း ဖွဲ့စည်းခြင်း စသော အလားတူလုပ်ဆောင်မှုများ)

## ၁၁. ကမ္ဘာ့ကပ်ရောဂါကာလအတွင်း လူငယ်များ၏ ချိတ်ဆက်ဆောင်ရွက်မှုများ

မြန်မာနိုင်ငံတွင် ကိုဗစ် ၁၉ ရောဂါ စတင်ဖြစ်ပွားသည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စတင်ကြေညာသည့်ရက်စွဲမှာ ၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက် ဖြစ်သည်။ လူငယ် လှုပ်ရှားမှု အစီအစဉ်များ အပါအဝင် အဖွဲ့အစည်းများစွာ၏ လှုပ်ရှားမှုလုပ်ငန်းစဉ်များကို ရပ်ဆိုင်းခဲ့ရကာ နေအိမ်မှပင် လုပ်ငန်းများ ဆောင်ရွက်ရသည်။ ယခင်ကာလများတွင် နွေရာသီဖြစ်သော ဧပြီ-မေလများသည် လူငယ်အဖွဲ့အစည်းများအတွက် လုပ်ငန်းများ အများပြားဆုံးလဖြစ်သော်လည်း ယခုမူ ကမ္ဘာ့ကပ်ရောဂါကြီးသည် လှုပ်ရှားမှု အစီအစဉ်များအားလုံးကို ပျက်စီးစေခဲ့သည်။ ဤစာတမ်းတွင်ပါဝင်သော ဖြစ်စဉ် လေးခုလုံးသည် လှုပ်ရှားမှုလုပ်ငန်းစဉ်များကို ရပ်နားခြင်းနှင့် ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ခဲ့ရသည်။ ဥပမာအားဖြင့် ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂမှ ဦးစီးသော တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ် ကျောင်းသားများအတွက် ဖွင့်လှစ်ပေးသော အင်္ဂလိပ်စာသင်တန်းများကို မဖြစ်မနေ ရပ်နားခဲ့ရသည်။

ကမ္ဘာ့ကပ်ရောဂါကြီးသည် မသေချာမှုများစွာကို ယူဆောင်လာခဲ့သော်လည်း လူငယ်တက်ကြွလှုပ်ရှားမှု အစီအစဉ်များသည် ရပ်တန့်မသွားဘဲ သက်ဝင်လှုပ်ရှားလျက်ပင် ရှိသည်။ ဤအခြေအနေများသည် လူငယ်တက်ကြွလှုပ်ရှားမှု အစီအစဉ်များကို ဒေသခံအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ ဆောင်ရွက်မှုများ မြင့်တက်လာစေသည်။ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂအဖွဲ့ဝင်တစ်ဦးက ကချင်ပြည်နယ်တွင် လူငယ်အဖွဲ့အစည်း များသည် ဒေသခံအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ "ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂအဖွဲ့အနေနဲ့ ကချင်ပြည်နယ် ကိုဗစ် ၁၉ ကာကွယ်ရေးကွန်ရက်နဲ့ ပူးပေါင်းပြီး နေ့ရပ်စွန့်ခွာသူများ နေထိုင်ရာ ဒုက္ခသည်စခန်းများတွင် ခန္ဓာကိုယ် အပူချိန်တိုင်းခြင်းနှင့် ပိုးသတ်ဆေး ဖြန်းခြင်းများကို ကူညီဆောင်ရွက်ပေးသည်"ဟု ညွှန်းဆိုပြောကြားသည်။ ရိန်းဘိုးအဖွဲ့ဝင်များကလည်း မွန်ပြည်နယ် လူငယ်ရေးရာ ကော်မတီဖြင့် ပူးပေါင်းကာ စောင့်ကြည့်ခံလူနာများ ထားရှိသော ကွာရင်တင်း စင်တာများတွင် သူတို့ မည်ကဲ့သို့ လုပ်အားပေးခဲ့ကြကြောင်း ရှင်းပြသည်။

အချို့သူများသည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း မည်ကဲ့သို့ လုပ်အားပေးလုပ်ကိုင်ရမည်ကို မသိရှိကြကြောင်း ဆိုသည်။ "ကိုဗစ် ၁၉ ရောဂါကြီးကို ကာကွယ်ဖို့ မိသားစုက ခွင့်မပြုမှာနဲ့ မိမိတို့ကိုယ်တိုင် ရောဂါပိုးသယ်ဆောင်သူတွေ ဖြစ်နေမှာကြောင့် လုပ်အားပေးလုပ်ဖို့ တုံ့ဆိုင်းကြသူတွေလည်း ရှိပါတယ်"ဟု တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးက ဆိုသည်။ သို့သော် လူငယ်များစွာသည် ကူညီလုပ်ဆောင်ပေးရန် စိတ်အားထက်သန်ဟန် ပြကြပြီး လူငယ်များ၏ လုပ်အားပေးလိုစိတ်ကို ဖော်ညွှန်းပြကာ အရေးပေါ်ဖြစ်နေသော အခြေအနေမျိုးတွင် လူငယ်များအနေဖြင့် ကူညီလုပ်ကိုင်ပေးနိုင်စွမ်းရှိကြောင်း လူငယ်များက တုံ့ပြန်ပြောကြသည်။ အထူးသဖြင့် လှူဒါန်းပေးမည့် အခမ်းအနားများ သို့မဟုတ် ကျန်းမာရေးအကြောင်းအရာများကို မျှဝေပေးမည့် လှုပ်ရှားမှု အစီအစဉ်များ အတွက် လူငယ်များသည် ပိုမိုတက်ကြွလှုပ်ရှားမှု ရှိကြကြောင်း ပြပွဲစီစဉ်သူလူငယ်တစ်ဦးက ပြောသည်။

ဤကပ်ကာလအတွင်းတွင် လူငယ်များသည် အွန်လိုင်းမှ လှုပ်ရှားမှုအစီအစဉ်များကို ဆောင်ရွက်ကြသည်။ ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီများသည် ဒေသခံ အဖွဲ့အစည်းများဖြင့် ပူပေါင်းကာ တိုင်းရင်းသား လူနည်းစုများ၏ မတူညီသော ဘာသာစကားများဖြင့် ကျန်းမာရေးအသိပညာပေးဗီဒီယိုများ ဖန်တီးကြသည်။
ကချင်တစ်မျိုးသားလုံးဆိုင်ရာ လူငယ်များသမဂ္ဂသည် ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ဆရာဝန်များကို ကချင်ဘာသာစကားဖြင့် စာတန်းထိုးပေးခြင်းများ၊ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ထားသော အသိပညာပေး ဗီဒီယိုများ တင်ဆက်ပေးသည်။

သို့သော်လည်း ရောဂါကာကွယ်ရန် "အပြင်မထွက်ရ" အခြေအနေတွင် အင်တာနက် ချိတ်ဆက်နိုင်သည့် လူငယ်များနှင့် အင်တာနက် မရရှိကာ အသုံးမပြုနိုင်သော လူငယ်အုပ်စုများ ကွဲပြားနေသည်။ အင်တာနက် ချိတ်ဆက်နိုင်ပြီး ဒီဂျစ်တယ်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သော လူငယ်များသည် လူမှု ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ချိတ်ဆက်မှုများ ပိုမိုလုပ်ဆောင်နိုင်ကြပြီး အွန်လိုင်းမှလှုပ်ရှားမှုများကို အစားထိုး လုပ်ဆောင်လာကြသည်။ ရှမ်းပြည်မြောက်ပိုင်း လူငယ်ရေးရာ ကော်မတီမှ အဖွဲ့ဝင်တစ်ဦးက "တက်ကြွလှုပ်ရှားမှု ပြုလုပ်ကြတဲ့ လူငယ်တွေ အပါအဝင် ကျေးလက်တောရွာမှ လူငယ်များသည် ဆွဲအားမကောင်းသော အင်တာနက်လိုင်းများနှင့် ဒီဂျစ်တယ်ဆိုင်ရာ သိနားလည်မှု နည်းပါးခြင်းများကြောင့် ဒီဂျစ်တယ်အသုံးပြုခြင်း နည်းပညာကို ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်း မရှိကြပေ"ဟု ရှင်းပြသည်။

# အခန်း - ၅
# လူငယ်ချိတ်ဆက်လုပ်ဆောင်မှုများကို ထောက်ပံ့ရန် အကြံညာဏ်ပြုခြင်း

လူမှုအသိုက်အဝန်းအတွင်း ဖြေရှင်းမရသော ပြဿနာများကို ဖြေရှင်းရန် တာဝန်တစ်ရပ်ရှိသည်ဟု လူငယ်များက မှတ်ယူကြသည်။ မိမိတို့၏ အသိုင်းအဝိုင်းအတွင်း ထောက်ပံ့ ပံ့ပိုးပေးရန် ပြင်းပြစွာသော စိတ်ကူးရှိခြင်းများ၊ ရင်းနှီးသော မိတ်ဆွေ၊ မိသားစုဝင်များ၏ ဦးဆောင်လမ်းပြမှုများ၊ မတရားမှုများကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အတိတ်ဆိုးများနှင့် စိတ်လှုံ့ဆော်ပေးနေသော မိတ်ဆွေများ ရှိခြင်းများကြောင့် လူငယ်များသည် တက်ကြွလှုပ်ရှားမှုများ ပြုလုပ်ရန် လှုံ့ဆော်မှုများ ရကြသည်။ လူငယ်များသည် သူတို့၏ပြင်းပြသော ဆန္ဒများကို သူတို့အပေါ် လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်သင့်ကြပြီး ရင်ဆိုင်ရသော စိန်ခေါ်မှုများ အတွက် ချဉ်းကပ်နည်းများကို ဟန်ချက်ညီစွာလည်း ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။

သို့သော်လည်း လူငယ်ချိတ်ဆက်လုပ်ဆောင်မှုများ၏ အလားအလာသည် အချို့သောနေရာများတွင် ကန့်သတ်ချက်များ ရှိနေသည်။ တက်ကြွလှုပ်ရှားမှု များတွင် ပါဝင်လုပ်ဆောင်လိုသော်လည်း ပါဝင်ခွင့် မရရှိသူများလည်း ရှိနေသည်။ အထူးသဖြင့် မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် နေထိုင်ကြ သော လူငယ်များအတွက် စိတ်လှုံ့ဆော် ပေးနိုင်သော အခမ်းအနားများ ပိုမို ရှိသင့်သည်။ လူငယ် ဦးဆောင်သော အဖွဲ့အစည်းများသည် အဖွဲ့အစည်း ဦးဆောင်ပုံများနှင့် ဖွဲ့စည်းပုံများတွင် စိန်ခေါ်မှုများ ရှိနေ ဆဲ ဖြစ်သည်။ တရားဥပဒေအရ နည်းစနစ်တကျ ဖွဲ့စည်းထားခြင်းမရှိသော အဖွဲ့အစည်းများသည် ရန်ပုံငွေရရှိရန် ခက်ခဲနေဆဲ ဖြစ်သည်။ လှုပ်ရှားမှုများ ပြုလုပ်ရန် စိတ်အား ထက်သန်ကြသော်လည်း လူငယ်အဖွဲ့အစည်းများ အတွင်း ခွဲခြားဆက်ဆံခံရမှုများလည်း ရှိနေသည်။ အထူးသဖြင့် ပဋိပက္ခ ဖြစ်ပွားနေသော အချို့သော ဒေသများတွင် တက်ကြွလှုပ်ရှားသူလူငယ်များသည် တက်ကြွလှုပ်ရှားမှု များအတွက် ဖမ်းဆီးခံရခြင်းများ၊ ခြိမ်းခြောက် ခံရခြင်းများ ရှိနိုင်ခြေလည်း ရှိသည်။

ထိုကဲ့သို့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော်လည်း လူငယ်များသည် တက်ကြွလှုပ်ရှားမှု လုပ်ငန်းများကို ဆောင်ရွက်လိုကြဆဲပင် ဖြစ်ပြီး နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာများတွင် ပိုမိုချိတ်ဆက် လုပ်ဆောင်လိုကြသည်။ လူငယ်များကို တက်ကြွ လှုပ်ရှားမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်လိုကြသလားဟု မေးမြန်းရာတွင် လူငယ် ၁၀ ဦးတွင် ရှစ်ဦးသည် ပိုမိုဆောင်ရွက်လိုသည်ဟု ဖြေဆိုကြသည်။ ရန်ကုန်မှ မြစ်ကြီးနား၊ လားရှိုးမှ မော်လမြိုင်မြို့များအထိ ဤဖြစ်စဉ်တွင် ပါဝင်သော တက်ကြွလှုပ်ရှားသူ လူငယ်များသည် လူငယ်များအတွက် လှုပ်ရှားမှု အစီအစဉ်များ ပြုလုပ်ရန်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်း ဆိုကြသည်။

အစိုးရဌာနများ၊ တက္ကသိုလ်များ၊ပြည်တွင်းအဖွဲ့ အစည်းများ၊ နိုင်ငံတကာ အလှူရှင်များနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် လူငယ်တက်ကြွ လှုပ်ရှားမှုများကို နည်းလမ်းမျိုးစုံဖြင့် ထောက်ပံ့ ကူညီပေးနိုင်သည်။ အောက်ဖော်ပြပါအချက်အလက် များသည် အွန်လိုင်းမှ စစ်တမ်းကောက်ယူသည့် နည်းဖြင့် ကောက်ယူခြင်းဖြစ်ပြီး အကြောင်းအရာ များကို ထောက်ခံခြင်း၊ ဆန်းစစ်ခြင်းနှင့် ခိုင်လုံခြင်းများ ရှိစေသည်။ ဤစာတမ်းမှ ရှာဖွေတွေ့ရှိမှုများကို ထုတ်ပြန်ခြင်းဖြင့် လူငယ်တက်ကြွလှုပ်ရှားမှုများ အတွက် အဖွဲ့အစည်းများမှ အကြံညာဏ်များပေးကာ ထောက်ပံ့နိုင်ရန် ဖြစ်သည်။

လူငယ်တက်ကြွလှုပ်ရှားမှုများသည် မြန်မာ့လူ့အဖွဲ့ အစည်း၏ ကြန်အင်လက္ခဏာတစ်ခု ဖြစ်သည့်အပြင် နိုင်ငံ၏ ယဉ်ကျေးမှုနှင့် နိုင်ငံရေးများတွင်လည်း ပုံဖော်ပေးနိုင်သည်။ အပြောင်းအလဲများအတွက် လူငယ်များ၏ တက်ကြွလှုပ်ရှားမှုများသည် လူနည်းစု တိုင်းရင်းသား ပဋိပက္ခများ၊ မတရားမှုများနှင့် အခြားသောပြဿနာများအတွက် ကုထုံးတစ်ခု မဟုတ်သော်လည်း ထိုလှုပ်ရှားမှု အစီအစဉ်များ လုပ်ဆောင်ရန် အရေးပါသည်။
တက်ကြွလှုပ်ရှားသူလူငယ်များနှင့် ထိုသူများ၏ လုပ်ငန်းစဉ်များကို သူတို့မျှော်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိစေရန် ထောက်ပံ့ကူညီပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် မြန်ဆန် ထိရောက်သော အရပ်ဘက် လူ့ဘောင်တစ်ရပ်ကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

## အကြံပြုချက်များ

အောက်ဖော်ပြပါ အကြံပြုချက်များသည် တက်ကြွ လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသူ လူငယ်များ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များ၊ တက္ကသိုလ်များနှင့် အစိုးရဌာန အသီးသီးမှ သက်ဆိုင်သူများအတွက် စုစည်းဖော်ပြပေးထားခြင်း ဖြစ်သည်။ ဤအကြံပြုချက်များကို ပူပေါင်းဆောင်ရွက် သော နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာထားသည်။ ဆိုလိုသည်မှာ ဤစစ်တမ်းတွင် ဖော်ပြထားသော တက်ကြွ လှုပ်ရှားသူ လူငယ်များဖြင့်ဦးစွာ ဆွေးနွေးပြီးနောက် လူငယ်လှုပ်ရှားမှုများ ပိုမိုတွင်ကျယ်စေရန် အကူအညီ ပေးသည့် အဖွဲ့အစည်းများနှင့် ဆက်လက် ဆွေးနွေးခဲ့သည်။

## လူငယ်များနှင့် လူငယ်ဦးဆောင်သော လှုပ်ရှားမှုများ

- နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချိတ်ဆက်လုပ်ဆောင်ခြင်းများသည် အကျိုးမဲ့ အချည်းနှီးဖြစ်သည်သာမက ရံဖန်ရံခါ အန္တရာယ်ဖြစ်စေသည်ဟူသော သဘောထား အမြင်များကို ပြောင်းလဲရန် မိဘများ၊ မိသားစုဝင်များနှင့် ညှိနှိုင်းဆွေးနွေးပါ။ ကမ်ပိန်းများ ကျင်းပခြင်း၊ စာလွှာပေးပို့ခြင်း သို့မဟုတ် သက်ဆိုင်ရာ အခမ်းအနားများတွင် မိဘများကိုပါ ပူးပေါင်းပါဝင် စေခြင်းဖြင့် တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်များ၏ ကောင်းကျိုးများကို လူငယ်များနှင့် သူတို့၏ အသိုင်းအဝိုင်းအတွင်း အကြံပြု ပြောကြားပါ။ ဤကဲ့သို့ ပြုလုပ်ပေးခြင်းဖြင့် နောက်ပိုင်းတွင် မိသားစုဝင်များနှင့် မိဘများက မိမိတို့၏ သားသမီးများကို လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာကြရန် အားပေးတိုက်တွန်းကြမည် ဖြစ်သည်။

- တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်များတွင် မတူကွဲပြားကြသူများ ပါဝင်နှုန်း များပြားစေရန် လုပ်ငန်းစဉ်များနှင့် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရမည့် အခွင့်အလမ်းများဆိုင်ရာ သတင်းအချက်အလက်များကို အရပ်ဘက် အဖွဲ့အစည်းများနှင့် ဘာသာရေးဆိုင်ရာ အကြီးအကဲများ အပါအဝင် ဒေသတွင်း ခေါင်းဆောင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပါ။ ဥပမာအားဖြင့် အင်တာနက် ချိတ်ဆက်နိုင်သော အွန်လိုင်း သို့မဟုတ် အင်တာနက် ချိတ်ဆက်မှု မရှိသော အော့ဖ်လိုင်းမှ ကြော်ငြာသင်ပုန်းများနှင့် ပလက်ဖောင်းများ

- တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်များ၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရမည့် အခွင့် အလမ်းများ၊ လုပ်အားပေးလုပ်ဆောင်ရာမှ ရရှိနိုင်မည့် နည်းပညာပိုင်း ကျွမ်းကျင်မှုများ



အကြောင်းကို သတင်းပေးခြင်းဖြင့် လူငယ်များ စိတ်ဝင်စားမှု များကို လှုံ့ဆော်ပေးရန်အတွက် လူမှုကွန်ရက်များကို အသုံးပြုပါ။

- တက်ကြွလှုပ်ရှားမှုများ လုပ်ဆောင်သော အဖွဲ့ဝင်များအကြား ရင်းနှီးခင်မင်မှုတစ်ခု တည်ဆောက်ထားရန် လက်ရှိအဖွဲ့ဝင်များသာမက အဖွဲ့ဝင်ဟောင်းများနှင့်ပါ ကွန်ရက်တစ်ခု တည်ဆောက်ကာ ထိန်းသိမ်းထားပါ။ တက်ကြွလှုပ်ရှားမှု လုပ်ငန်းစဉ်ဆိုင်ရာ အသိပညာများကို အဖွဲ့တွင်းသို့ အသစ်ဝင်ရောက်လာသော လူငယ်များကို လက်ဆင့်ကမ်းခြင်းဖြင့်လှုပ်ရှားမှု လုပ်ငန်းစဉ်များအား ကာလကြာရှည်ဆောင်ရွက်နိုင်ရန် အထောက်အကူ ဖြစ်စေနိုင်သည်။
- ဒေသတွင်း၊ တိုင်းနှင့်ပြည်နယ်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူငယ်လှုပ်ရှားမှုများ အကြားတွင် ကွန်ရက်တစ်ခု ဖန်တီးနိုင်စေရန် အွန်လိုင်းမှ ဖြစ်စေ၊ အော့ဖ်လိုင်းမှ ဖြစ်စေ လုပ်ငန်းစဉ် အစီအစဉ်များ၊ ပလက်ဖောင်းများ၊ မိတ်ဖက်အဖွဲ့အစည်းများကို ရေရှည်တည်တံ့စေရန် ဖန်တီးတည်ထောင်ပါ။
- စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့် တက်ကြွလှုပ်ရှားသူလူငယ်များကို သဘာဝပတ်ဝန်းကျင် ဆိုင်ရာများ၊ အမျိုးသမီးအခွင့်အရေးများ စသဖြင့် ဗဟုသုတ ရစေနိုင်သည့် အခွင့်အလမ်းများ သာမက အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သော အင်္ဂလိပ်ဘာသာစကား၊ လူထုရှေ့စကားပြောစွမ်းရည်များကဲ့သို့ လက်တွေ့အသုံးချရသည့် စွမ်းဆောင်ရည်များ ရရှိစေရန်လည်း ဆောင်ရွက်ပေးပါ။ ဤကဲ့သို့ လုပ်ဆောင်ပေးခြင်းသည် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်း၏ တန်ဖိုးများကို လူငယ်များနှင့် သူတို့၏ မိသားစုဝန်ထမ်းများ အသိအမှတ်ပြုကြရန် ဆောင်ရွက်ပေးနိုင်သည်။
- မိမိတို့၏ ကိုယ်ပိုင်ဝင်ငွေများဖြင့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်း၊ သေချာစွာ ကြီးကြပ်ဆောင်ရွက်ခြင်းများဖြင့် အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များကို ရေရှည်ခိုင်မြဲစေရန် ဆောင်ရွက်ပါ။
ဥပမာ - ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ပန်းစည်းရောင်းချခြင်းကဲ့သို့ များစွာသောလူငယ်လှုပ်ရှားမှုများကို ပြုလုပ်၍ ရန်ပုံငွေ ရှာခြင်းသည် အလှူရှင်များထံမှ အလှူငွေမျှော်ကိုးနေရသည့်အခက်အခဲများကို ဖြေရှင်းပေး နိုင်ပါသည်

## ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် အလှူရှင်များ

- အသိုင်းအဝိုင်းအတွင်းနိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်သော ကောင်းကျိုးများကို ပြသပေးသည့် အသိပညာပေးကမ်ပိန်းများကို ဦးဆောင်ပြုလုပ်ပေးပါ။
လူငယ်ဦးဆောင်ပြုလုပ်သော လှုပ်ရှားမှုများ၏ အပြုသဘောဆောင်သော နမူနာများကို ကြည့်ရှုခြင်းဖြင့် မိသားစုဝင်များနှင့် ဒေသခံခေါင်းဆောင်များသည် ထိုလှုပ်ရှားမှုများကို ထောက်ခံအားပေးလာကြမည် ဖြစ်သည်။
နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးများအတွက် ချိတ်ဆက်လုပ်ဆောင်ခြင်းသည် အကျိုးမဲ့ အချည်းနှီးဖြစ်သည်သာမက ရံဖန်ရံခါ အန္တရာယ်ဖြစ်စေနိုင်သည်ဟူသော သဘောထားရှုထောင့်များကို ပြောင်းလဲနိုင်စေရန် မိဘများ၊ မိသားစုဝင်များနှင့် ညှိနှိုင်းဆွေးနွေးပါ။
- တရားဝင်အသိအမှတ်ပြု မခံရသေးသည်ဖြစ်စေ၊ မှတ်ပုံတင်စာရင်း မသွင်းထားရသေးသည် ဖြစ်စေ လူငယ်ဦးဆောင်သော အဖွဲ့အစည်းများကို ရန်ပုံငွေများ ထောက်ပံ့ပေးပါ။ သေးငယ်သော လှုပ်ရှားမှု လုပ်ငန်းစဉ်လေးများအတွက်ပင် ဖြစ်ပါစေ ထောက်ပံ့ငွေများ ပေးအပ်ပါ။
- လူငယ်များ ပိုမိုပါဝင်နိုင်စေရန် လူငယ်ဦးဆောင်သော အဖွဲ့အစည်းများကို လှုပ်ရှားမှု အစီအစဉ်များ လုပ်ဆောင်ရာတွင် လုပ်ငန်းစဉ်အတွက် သုံးစွဲရန် လိုအပ်သော သွားလာ နေထိုင် စရိတ်များနှင့် မြင်သာမှု မရှိသော ကုန်ကျငွေများအတွက် ထောက်ပံ့ငွေများပေးအပ်ပါ။ ထောက်ပံ့ကြေးများသည် လှုပ်ရှားမှု အစီအစဉ်များ သို့မဟုတ် လူငယ်များ ပညာသင်ကြားရန် အသုံးပြုသည့် ခရီးသွားကုန်ကျစရိတ်များအတွက်  သုံးစွဲရန်ဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသမှ လူငယ်များ၊ ဝေးကွာလွန်းသော ဒေသများမှ လူငယ်များ အတွက် လှုပ်ရှားမှုအစီအစဉ်များတွင် ပါဝင်ရန် ငွေကြေးကြောင့် အဟန့်အတား မဖြစ်စေရန် ဖြစ်သည်။
- ရန်ပုံငွေ ကောက်ခံခြင်းများ၊ သုံးစွဲခြင်းများနှင့် စီမံခန့်ခွဲခြင်းများ အပါအဝင် အဖွဲ့အစည်းဖွဲ့စည်းရာတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများ အတွက် လူငယ်ဦးဆောင်သော အဖွဲ့အစည်းများကို အရည်အသွေးမြှင့် သင်တန်းများ





တက်ရောက်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးပါ။ ၎င်းသည် လူငယ်အဖွဲ့အစည်းများ အတွင်း ရန်ပုံငွေနှင့် ပတ်သက်သည်များကို ခွဲခြမ်းစိတ်ဖြာရန် သာမက ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းများကို တိုက်တွန်းအားပေး နိုင်သည်။

- အခမဲ့လမ်းညွှန်ပေးခြင်းများ၊ ပြဿနာများကို ကူညီဖြေရှင်းပေးခြင်းများ၊ ထောက်ပံ့ကြေးငွေ ရရှိရန် ကူညီပေးခြင်းများ၊ ရန်ပုံငွေကောက်ခံပေး ခြင်းများနှင့် နေရာထောက်ပံ့ပေးခြင်းများ အတွက် လူငယ်အဖွဲ့အစည်းများကို ကူညီပေးနိုင်ရန် ဆောင်ရွက်ပါ။

- ထောက်ပံ့ငွေများ လျှောက်ထားနိုင်ရန်နှင့် ပညာတော်သင် အခွင့်အလမ်းများ ရရှိနိုင်စေရန် သက်ဆိုင်ရာကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်သူများက လမ်းညွှန်ပေးသည့် အစီအစဉ်များ ပြုလုပ်ပေးပါ။ ၎င်းသည် တက်သစ်စတက်ကြွလှုပ်ရှားသူလူငယ်များ အတွက် အဖွဲ့ဝင်ဟောင်းများမှ အတွေ့အကြုံများ ပြန်လည်ဝေမျှကာ ကူညီပေးနိုင်ရန် ဖြစ်သည်။ ထိုကဲ့သို့ အတွေ့အကြုံရှိသူများဖြင့် တက်ကြွလှုပ်ရှားသူများကို လမ်းညွှန်ကူညီမှုများ ပြုလုပ်ရာတွင် ဝေးကွာသောဒေသများမှ လူငယ်များကိုပါ အခွင့်အရေး ညီတူပေးကာ ထောက်ပံ့ ကူညီမှုများ ပြုလုပ်ပေးသင့်သည်။ အင်တာနက်လိုင်း မရရှိသော ဒေသများအတွက် တယ်လီဖုန်းဖြင့် ဖြစ်စေ၊ အသံသွင်းထားသော စီဒီများ၊ ကွန်ပျူတာ စတစ်များ၊ ယူအက်စ်ဘီများ စသဖြင့် နည်းလမ်း တစ်ခုခုဖြင့် ဖြစ်စေ ပေးပို့ပေးနိုင်သည်။

- မြန်မာနိုင်ငံ၏ တိုင်းနှင့် ပြည်နယ် အသီးသီးရှိ နိုင်ငံရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်ဆောင်ကြသော တက်ကြွလှုပ်ရှားသူ လူငယ်များအတွက် လေ့လာရေး ခရီးစဉ်များ စီစဉ်ပေး ပါ။ ထိုကျောင်းသား၊ ကျောင်းသူများ အချင်းချင်း ဖလှယ်ကာ အပြန်အလှန်လေ့လာ နိုင်သော ခရီးစဉ်များဖြင့် အတွေ့အကြုံများကို မျှဝေနိုင်မည် ဖြစ်ပြီး အဖွဲ့လိုက်ဆောင်ရွက်နိုင် စွမ်းနှင့် ပြဿနာများ ဖြေရှင်းနိုင်စွမ်းများကို ရရှိမည် ဖြစ်သည်။ တက်ကြွလှုပ်ရှားသူများ အကြားတွင် အတွေ့အကြုံများ မျှဝေနိုင်မည် ဖြစ်ပြီး လှုပ်ရှားမှု လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်ရန် စိတ်ခွန်အားများ ပေးနိုင်မည် ဖြစ်သည်။

- တက်ကြွလှုပ်ရှားသူလူငယ်များကို သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာများ၊ အမျိုးသမီးအခွင့် အရေးများ၊ စသည့် ဗဟုသုတ ရစေနိုင်သည့် အကြောင်းအရာ အခွင့်အလမ်းများ သာမက အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သော အင်္ဂလိပ် ဘာသာစကား၊ လူထုရှေ့ စကားပြောစွမ်းရည် များကဲ့သို့ လက်တွေ့အသုံးချ ရသည့် စွမ်းဆောင်ရည်များ ရရှိစေရန်လည်း သင်တန်းများ သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးပါ။ ၎င်းတို့ကို အွန်လိုင်းမှ သင်ကြားပေးခြင်းဖြစ်စေ၊ လူပုဂ္ဂိုလ်အချင်းချင်း သင်ကြားပေးခြင်း ဖြစ်စေ၊ အထက်ပါ နည်းလမ်း နှစ်ခုစလုံးဖြင့် ဖြစ်စေ ဆောင်ရွက်ပေးပါ။

- လက်ရှိအချိန်တွင်သာမက အနာဂတ်ကာလတွင် အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွန်းလာစေရန် ငယ်ရွယ်သော အမျိုးသမီးများကို ဦးဆောင်မှု စွမ်းရည်ဆိုင်ရာ သင်တန်းများနှင့် အစီအစဉ်များ ပြုလုပ်ပေးပါ။ ထိုကဲ့သို့ အစီအစဉ်များကို အသစ်ပြုလုပ်ခြင်း ဖြစ်စေ၊ ဆောင်ရွက်နေဆဲ အစီအစဉ်များအတွင်း ပေါင်းစပ်ထည့်၍ဖြစ်စေ ပြုလုပ်နိုင်ပါသည်။ ဦးဆောင်နိုင်စွမ်းအတွက် သင်တန်းများ  ပြုလုပ်ရာတွင် ကျား၊ မ ပါဝင်မှု ညီမျှစေရန် အမျိုးသမီးများသာမက အမျိုးသားများကိုပါ တက်ရောက်စေပါ။

-  အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင် အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပညာရေးနောက်ခံ မတူညီကြသော မြန်မာနိုင်ငံရှိ လူငယ်များအတွက် စွမ်းဆောင်ရည် မြှင့်တင်ရန် နှင့် လုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြ စေရန် အလုပ်သင်အခွင့်အလမ်းများ ဖန်တီးပေး ပါ။ ထိုကဲ့သို့ ဖန်တီးပေးပါက တက်ကြွလှုပ်ရှားသူ လူငယ်များအတွက် မိမိကိုယ်မိမိ ယုံကြည်မှု ရှိစေလာနိုင်ပြီး သက်ဆိုင်ရာ နယ်ပယ်များ၌ လုပ်ငန်းခွင် ဝင်ရာတွင်လည်း ကြိုတင်ပြင်ဆင် နိုင်ရန် ကူညီပေးနိုင်သည်။

- လှုပ်ရှားမှု လုပ်ငန်းစဉ်များနှင့် သင်တန်းအခွင့် အလမ်းများသည် ကျေးလက်ဒေသများရှိ လူငယ်များ၊ မသန်စွမ်းများ စသဖြင့် လူတန်းစား အလွှာစုံမှ လူငယ်များ အားလုံးအတွက် ဖြစ်ပါစေ။

## တက္ကသိုလ် စီမံအုပ်ချုပ်ရေးအတွက်

- တက္ကသိုလ်ရှိနေရာများကို နေ့စဉ်နှင့်အမျှ သက်ဆိုင်ရာ တက္ကသိုလ်ကလပ်များ လူငယ်လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်စေရန် စီမံခြင်း။ တက္ကသိုလ်ကလပ်များသည် ကျောင်းဝင်းရှိအဆောက်အအုံများကို အခမဲ့သုံးစွဲခွင့် ရှိခြင်းနှင့် ပွဲများကို ကျင်းပခွင့် ရှိရမည်။

- တက္ကသိုလ် အဖွဲ့အစည်းနှင့် လှုပ်ရှားမှု အစီအစဉ်များရှိပါက ငွေကြေးထောက်ပံ့မှုများ စီစဉ်ပေးခြင်း။ ယှဉ်ပြိုင်ထောက်ပံ့ငွေများ ဥပမာအားဖြင့် လူငယ်များကို သူတို့၏ လုပ်ငန်းစဉ်များ လှုပ်ရှားမှုများကို တင်ပြပြောဆို ခွင့်ပြုပြီး လိုအပ်သည့် ထောက်ပံ့မှုများ တောင်းဆိုခွင့်ပြုခြင်း။

- ဗျူရိုကရေစီစနစ်လျှော့ချပြီး ကျောင်းသားအဖွဲ့ အစည်းများ၊ တက္ကသိုလ်ကလပ်များ၊ ကျောင်းသားသမဂ္ဂ၏ လှုပ်ရှားမှုများအတွက် တက္ကသိုလ်၌ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ခက်ခဲမှုများလျှော့နည်းစေရန် စီစဉ်ခြင်း။

- ကျောင်းသား/သူများအတွက် လိုအပ်သည့် လူမှုရေး နိုင်ငံရေး ကျွမ်းကျင်မှုများ တိုးတက် လာစေရန် သင်ရိုးညွှန်းတမ်းအပိုများ ထပ်ဖြည့်ပေးရမည်။ ၎င်းသင်ရိုးညွှန်းတမ်း များသည် လူရှေ့ထွက်စကားပြောခြင်း အတတ်ပညာ၊ မိန့်ခွန်းရေးသားခြင်းအတတ် ပညာနှင့် စီမံစုစည်းခြင်း အတတ်ပညာ ဘာသာရပ်များဖြစ်သည်။

- မီဒီယာနှင့် လူမှုကွန်ရက်တတ်မြောက်ကျွမ်းကျင် မှုဆိုင်ရာ ဘာသာရပ်များ ရေးဆွဲအကောင်ထည် ဖော်ခြင်း။ ထိုသို့ပြုလုပ်ခြင်းဖြင့် လူငယ်များသည် သတင်းမှားကိုဖော်ထုတ်နိုင်မည်သာမက လူမှု ကွန်ရက်များပေါ်တွင် ပိုမိုထိရောက်သည့် လုပ်ဆောင်မှုများကိုပါပြုလုပ်လာနိုင်မည်ဖြစ်သည်။

- တက္ကသိုလ်များအကြား ပူးပေါင်းပါဝင်မှုများနှင့် လှုပ်ရှားမှုအစီအစဉ်များရှိစေရန် ကျောင်းသား/သူ အချင်းချင်း ခင်မင်မှုဖော်ဆောင်နိုင်ရန်တက္ကသိုလ်များပေါင်းကူးအစီစဉ်များပြုလုပ်ပေးရမည်။ ယခုလိုစီစဉ်ပေးခြင်းဖြင့် မနာလို မလိုမုန်းထားခြင်းဖြင့် ပြိုင်ဆိုင်မှုများ လျော့နည်းစေပြီး စိတ်တူကိုယ်တူ လူငယ် အချင်းချင်းကြား ဆက်သွယ်ချိတ်ဆက်လာနိုင်မည်ဖြစ်သည်။
- ကျောင်းသားများအတွက် ချမှတ်ထားသည့် အခွင့်အရေးများ၏ လျှောက်ထားရမည့် လျှောက်လွှာပုံစံများနှင့် ဆုများအတွက် သတ်မှတ်ချက်များသည် ကျောင်းသားနှင့် တက္ကသိုလ် ဝန်ထမ်းများအားလုံးအတွက် ရှင်းလင်းပြီး ပွင့်လင်းမြင်သာမှု ရှိစေရမည်။
- ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများ၊ ပစ္စည်းများသည် မသန်စွမ်းသူများအပါအဝင် ကျောင်းသူ/သားများအားလုံး အသုံးပြုခွင့်ရှိရမည်။ ထိုအများသုံးနေရာများသည် မသန်စွမ်းသူများအတွက် သွားလာမှုလွယ်ကူစေရန် ဘီးတပ်ထိုင်ခုံများသွားလာနိုင်စေရန်ပြုလုပ်ထားရမည်အပြင် အခြားလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးရမည်။
- ကျောင်းသား/သူများကို တက္ကသိုလ်ပြင်ပတွင် ပါဝင်သည့် အလုပ်သင်စီမံကိန်းများတွင် ပါဝင်သည့်အခါတွင်ဖြစ်စေ၊ တက္ကသိုလ်ကလပ်များမှ စီစဉ်သည့် အစီစဉ်များ၌ ပါဝင်သည့် အခါတွင်ဖြစ်စေ အမှတ်ပေးသည့်စနစ်တစ်ခုကို တက္ကသိုလ်ပညာရေးအမှတ်တွင် ပါဝင်ရန် ခွင့်ပြုပေးခြင်း။ ဤကဲ့သို့လုပ်ဆောင်ပေးဖြင့် တက္ကသိုလ်ကျောင်းသား/သူများသည်တက္ကသိုလ်ပညာရေးရမှတ်များမလျော့နည်းစေဘဲ ပြင်ပအခွင့်အလမ်းတစ်ခုကို ရရှိစေပြီး ထိုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် ပြင်ပအတွေ့အကြုံသစ်များအား ရရှိစေမည် ဖြစ်သည်။ မည်သည့်လုပ်ဆောင်မှုများက တက္ကသိုလ်ပညာရေးအမှတ်စာရင်းထဲတွင် ပါဝင်သင့်သည်ကို တက္ကသိုလ်မှ သတ်မှတ်သည့် ကျောင်းသား၊ ဆရာနှင့် စီမံခံခွဲရေးအရာရှိများ ပါဝင်သည့် ကော်မတီက အတည်ပြုရမည်။
- အပတ်စဉ် ကျောင်းသား/သူများအတွက် ပြင်ပဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ အားကစား၊ ကျောင်းတွင် သက်ဆိုင်သည့် ကလပ်များ အစရှိသည်များတွင် ပါဝင်နိုင်စေရန် စီစဉ်ပေးရမည်။ ယင်းပြင်ပ သင်ရိုး ညွှန်းတမ်းများတွင် တရားဝင်ခွင့်ပြုပြီး တက္ကသိုလ်ဘက်မှ ကျောင်းသား/သူများအတွက် အတွေ့အကြုံ ပိုမိုရစေရန် စီစဉ်ခြင်းဖြစ်သည်ကို လက်ခံခွင့်ပြုပေးရမည်။
- တက္ကသိုလ်အဆောင်များ၌လိင်အပေါ်မူတည်ပြီး ခွဲခြားချမှတ်ထားသည့်အမိန့်များအား ပယ်ဖျက်သင့်သည်

## အစိုးရအရာရှိများနှင့် အေဂျင်စီများ

- နိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒများ၊ ပြည်သူ့အသိအမြင်စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို အရှိန်အဟုန် ထက် နှစ်ဆ တိုးမြှင့်ရန် လိုအပ်သည်။ ယင်းလူငယ်မူဝါဒအား နိုင်ငံလုံးဆိုင်ရာ မဟာဗျူဟာစီမံကိန်းနှင့်အတူ အကောင်အထည်ဖော်ရမည်
- လူမှုရေးနှင့် နိုင်ငံအရေးကိစ္စများနှင့် ချိတ်ဆက်ခြင်းသည် အန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည်ဟုဆိုသည့် အတွေးများကိုမိဘဆွေမျိုးသားချင်းများဖြင့် ချိတ်ဆက်ကာ ပြောင်းလဲရမည်။ ရပ်ရွာအကျိုးနှင့် လူငယ်ရေးရာအတွက် ထောက်ခံမှုများကိုပြုလုပ်ဆောင်ရွက်ပါ။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် မိသားစုဝင်များမှ မိမိ တို့၏ ကလေးများကို ပတ်ဝန်းကျင်အကျိုးပြုရေးကိစ္စရပ်များတွင် ပါဝင်လာစေရန် တိုက်တွန်းမည့် အချိန်ကာလ တစ်ခုသို့ ရောက်ရှိလာပါလိမ့်မည်။
- လူငယ်ရေးရာကော်မတီအပါအဝင် လူငယ်များအတွက် လူမှုရေးရာနှင့် နိုင်ငံရေးရာ ချိတ်ဆက်မှုများ အတွက် ထောက်ပံ့ငွေများကို ခွဲဝေချထားပေးရန် လိုအပ်သည်။ လူငယ်ရေးရာကော်မတီများသို့ ထောက်ပံ့ငွေများ ခွဲဝေချထားရာတွင်ဒေသဆိုင်ရာအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်သည် အခြားပြည်နယ်များထက် ကြီးသောကြောင့် လူငယ်ရေးရာကော်မတီမှာ သုံးခု ရှိနေပြီး အခြားနေရာများတွင် ဗဟိုလူငယ်ရေးရာ တစ်ခုတည်းရှိနေပါသည်။
- ဒေသအဆင့်၊ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်များ ပူးပေါင်းအားဖြည့်၍ နိုင်ငံလုံဆိုင်ရာ လူငယ်ရေးရာ မူဝါဒရေးဆွဲခြင်း လုပ်ငန်းဆိုင်ရာများကို အကောင်အထည် ဖော်ဆောင်ပြီး လူငယ်ဆိုင်ရာ လူမှုရေးနှင့် နိုင်ငံရေးချိတ်ဆက်မှုများ ဖန်တီးရပါမည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာမျှဝေသုံးစွဲခြင်း၊ ငွေကြေးနှင့် နေရာမျှဝေ ကုန်ကျခံခြင်း အစရှိသည့် ကုန်ကျမှုများလည်း လျှော့ချနိုင်ပါသည်။
- လူငယ်ရေးရာ မူဝါဒ အတူတကွရေးဆွဲရန် ဆောင်ရွက်ခြင်းသည် လူငယ်စင်တာများ အချင်းချင်း တွေ့ဆုံခွင့်ရခြင်း၊ တက်ကြွသည့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်ခြင်း အပြင် အတူတကွ သင်ယူလေ့လာခွင့်လည်း ရှိနိုင်ပါသည်။ ထိုကဲ့သို့ စီမံရာတွင် မသန်စွမ်းသူများလည်း ပါဝင်နိုင်ရန် ဆောင်ရွက်ရပါမည်။
- ကျေးလက်ဒေသရှိ လူငယ်စင်တာများတွင် မြန်နှုန်းမြင့် အင်တာနက်များ ရှိခြင်းဖြင့် ကျေးလက်ဒေသရှိ လူငယ်များ မြို့ပြရှိ လူငယ်များကဲ့သို့ အခွင့်အလမ်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်မည် ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားရာနေရာများတွင် အင်တာနက်ရရှိမှုများ တားဆီးပိတ်ပင်မှုများ ရှိနိုင်သည်။
- မသန်စွမ်းလူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ကူညီပံ့ပိုးမှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်သည် အားလုံးအတူတကွပါဝင်နိုင်စေရန် ကမ်ပိန်းများ ပြုလုပ်ရန်လိုအပ်သည်။
- အစိုးရအဖွဲ့အစည်းများအား မသန်စွမ်းလူ့အဖွဲ့အစည်းနှင့် LGBTIQ+ ကဲ့သို့သော ထိရှလွယ်သည့်အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးမှုများ ပြုလုပ်ရမည်။ အစိုးရအဖွဲ့အားစနစ်တကျတိုင်ကြားနိုင်သည့် ပုံစံကိုလည်း သေချာစွာဖော်ပြထားရမည်။ အထူးသဖြင့် သေချာစွာနားထောင်ပေးခြင်းမျိုးကို ဦးစားပေးပြီး ခြိမ်းခြောက်မှုများ မပါဝင်သည့် ဆက်ဆံမှုများ ရှိစေရမည်။
- တက္ကသိုလ်ပြင်ပ အစီအစဉ်များရှိစေပြီး တက္ကသိုလ်များမှ သက်ဆိုင်ရာ အလုပ်သင်နှင့် တက္ကသိုလ်ကလပ် အစီစဉ်များတွင် ပါဝင်ခြင်းဖြင့် တက္ကသိုလ်မှ သီးခြားအမှတ်ပေးစနစ် ထားရှိရမည်။
- နိုင်ငံနှင့်အဝန်း လူငယ်ကိုယ်စားပြုများရွေးချယ်ကာ နိုင်ငံလုံးဆိုင်ရာ လူငယ်ပါလီမန်အဖွဲ့ တည်ထောင်ရမည်။ ယင်းပါလီမန်မှ မြန်မာနိုင်ငံရှိလူငယ်များအား သက်ဆိုင်သည့် ဥပဒေပြုရေး ငြင်းခုံမှုများ အတွက် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက် ရမည်။ ထို့ကဲ့သို့ဖြင့် နောင်မျိုးဆက်သစ်၏ ဒီမိုကရေစီ လုပ်ငန်းစဉ်များကို စနစ်ကျနစွာ ဖော်ပြကျင့်သုံးနိုင်လာမည်။ နိုင်ငံလုံးဆိုင်ရာလူငယ်ပါလီမန်မှ ပြည်နယ်နှင့် မြို့အဆင့်ရှိ လူငယ်အရေးကိစ္စများကိုလည်း ဖြည့်ဆည်းနိုင်မည် ဖြစ်သည်။ နိုင်ငံလုံဆိုင်ရာ လူငယ်ရေးရာကိစ္စများအတွက် ဦးဆောင်ကာ တိုင်းရင်းသားလူနည်းစုများ၊ ဘာသာခြားလူနည်းစုများနှင့် တိုင်းပြည်တစ်ဝန်းမှ အရေးကိစ္စများကို ဆောင်ရွက်ရန် လူငယ်များကို လုပ်ပိုင်ခွင့်ပေးကာ ပိုမိုပါဝင်ခွင့်ပြုပေးရန် ဆောင်ရွက်နိုင်သည်။ အခြားအလားတူနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ သီရိလင်္ကာ နှင့် တိမောနိုင်ငံတို့တွင် ယခုကဲ့သို့ လူငယ်ပါလီမန်များ ထားရှိပါသည်။



# ကိုးကားစာရင်း


AFP (2018) &PROUD LGBT festival goes public for first time. 29 January 2018.

Alliance for Gender Inclusion in the Peace Process (2015) *Women, Peace and Security Policymaking in Myanmar. Policy brief.*

Amnesty International (2020) Myanmar: Release jailed rights defenders and activists. 13 April 2020.

Aung Kyaw Min & Swan Ye Htut (2016) Youth policy moves ahead with Kayah delegates absent. *Myanmar Times.* 23 December 2016.

Aung Theinkha, Thiri Min Zin & Thinn Thiri (2018) Thousands Rally to Urge Rescue of Civilians Displaced by Fighting in Kachin State. *Radio Free Asia.* 30 April 2018.

BBC News (2019) Peacock Generation: Satirical poets jailed in Myanmar. 30 October 2019. Available online at: https://www.bbc.com/news/world-asia-50238031

British Council (2019) *Next Generation Myanmar.* Available online at: https://www.britishcouncil.org/research-policy-insight/research-reports/next-generation-myanmar

Burma Partnership (2014) All Kachin Students and Youth Union's 6th Conference Announcement. Available online at: https://www.burmapartnership.org/2014/11/all-kachin-students-and-youth-unions-6-th-conference-announcement/

Chan Koon-Hong, D (2014) Legacy of the fighting peacock: analyzing the role of student activism in Burmese democratic movements. *Columbia University Journal of Politics & Society.*

Clymer, M (2003) Min Ko Naing, 'Conqueror Of Kings': Burma's Student Prisoner 33. *The Journal of Burma Studies* 8.

Cuso International, Searchers-Myanmar & UN Volunteers (2015) *A Study on Urban Volunteerism in Myanmar.* Available online at: https://cusointernational.org/wp-content/uploads/2016/06/report-myanmar_wed09.pdf

Danmark, M (2013) Youth engagement in politics. *The Myanmar Times.* 25 February 2013.

Deutsche Welle (2020) Gay librarian's suicide in Myanmar outrages LGBT+ community. 6 June 2019.

Development Media Group (2020) Arakan State Youth Affairs Committee Rebuffed by Mrauk-U Youth Association. *Burma News International.* 9 January 2020.

Ei Ei Toe Lwin (2015). 'Youth is one of my strengths': U Lum Zawang. *The Myanmar Times.* 21 October 2015.

Ei Shwe Phyu (2017) Union government urged to recognise student unions. *The Myanmar Times.* 4 September 2017.

Eleven Media (2019) Yangon University Students' Union Opposes Tree Cutting. Available online at: https://elevenmyanmar.com/news/yangon-university-students-union-opposes-tree-cutting

Government of Myanmar (2017a) *National Youth Affairs Policy.*

Government of Myanmar (2017b) *Overview of the Results of the 2014. Population and Housing Census, Myanmar.* Nay Pyi Taw: Ministry of Labour, Immigration and Population, Department of Population.

Government of Myanmar (2017c) *The 2014 Myanmar Population and Housing Census: Thematic Report on Children and Youth.* Nay Pyi Taw: Ministry of Labour, Immigration and Population, Department of Population.

Grizelj, I (2016) *Policy Brief: Youth Participation in Myanmar's Peace Process.* Policy Paper.

Grizelj, I (2017) *The Youth Space of Dialogue and Mediation in Myanmar.* Berlin: Berghof Foundation Operations GmbH.

Grizelj, I (2017) Youth Must Have a Space in Myanmar's Peace Process. *Frontier Myanmar.* 3 March 2017.

Grizelj, I (2018) *Youth-led Participatory Research on Social Cohesion in Urban Areas – Myanmar.* Search for Common Ground.

Hallacy, JM (2018) Through Their Own Eyes: Displaced Kachin Youth. *Frontier Myanmar.* 12 August 2018.

Hedström, J (2015) 'We Did Not Realize about the Gender Issues. So, We Thought It Was a Good Idea'. Gender roles in Burmese Oppositional Struggles'. *International Feminist Journal of Politics:* pp. 1–19.

Htet Lynn Oo & Khun Phone Myat (forthcoming) *Political Participation of Socially Marginalized Groups in Myanmar.*

Htet Lynn Oo & Myo Myo Kyaw (2019) *Collaboration as a Plus for Peace; Increasing Youth Participation in Myanmar Peace-Building Activities through collaboration.* Friedrich Ebert Stiftung and Peace Leadership & Research Institute.

Hwan Hein (2016) Ethnic Youths Not Given Active Role at Conference. *Burma News International.* 31 August 2016.

Internationale Projekt Consult (2015) *Access to finance for youth and women entrepreneurs in Myanmar.* Frankfurt: UNIDO.

Kyaw Ko Ko (2019) Food-court strike gathers steam at Mandalay University. *The Myanmar Times.*

Lopes Cardozo, MTA, Higgins, S & le Mat, M (2016) *Youth Agency and Peacebuilding: an analysis of the role of formal and non-formal education. Synthesis report on findings from Myanmar, Pakistan, South Africa and Uganda.* The Research Consortium.

Lun Min Mang (2016) Ethnic youths call for greater role in peace process. *The Myanmar Times.* 28 January 2016.

Ma, A, Poe Ei Phyu & Knapman, C (2018) In the Land of Wise Old Men: Experiences of Young Women Activists in Myanmar. *Gender & Development* 26/3: pp. 459–476.

Maber, E (2014) (In)Equality and Action: The Role of Women's Training Initiatives in Promoting Women's Leadership Opportunities in Myanmar. *Gender & Development* 22/1: pp. 141–56.

Menager, J (2017) *Myanmar's New Generation – A study of elite young people in Yangon, 2010 to 2016.* Australian National University (thesis).

Myat Moe Aung (2019) Community fights for trees on Yangon University campus. *The Myanmar Times.*

Nielsen, SE & Standhart, CJ (2015) Myanmar Activists in the Making: Navigating in a Changing Political Landscape. *Asia in Focus: A Nordic Journal on Asia by Early Career Researchers* 2: pp. 45–51.

Oosterom, M, Ja Htoi Pan Maran & Wilson, S (2019) Building Kachin': Youth and Everyday Action in one of Myanmar's Ethnic States. *Development and Change.*

Paung Sie Facility (2017) *Youth and Everyday Peace in Myanmar: Fostering the Untapped Potential of Myanmar's Youth.*

Silverstein, J & Wohl, J (1964) University Students and Politics in Burma. *Pacific Affairs* 37/1: pp. 50–65.

Smith, S (2017) *Leaders of today: Engagement of youth in sustaining peace. Development Dialogue paper.*

Smith, S & Hald, M (2018) *Supporting youth contributions to peace in Myanmar,* Development Dialogue paper.

Students and Youth Congress of Burma (2010) *Students and Youth congress of Burma: All Kachin Students and Youth Union.* Available online at: https://sycbcongress.blogspot.com/

Su Myat Mon (2018) "Rakhine youth want a say in state's future". *Frontier Myanmar.* 29 June 2018.

Swe Tha Har Social Services (2014) *Bringing Youth Voices from the Ground to Peace Process: Kayah State.* Yangon.

Taylor, RH (2009) *The State in Myanmar.* NUS Press.

The Asia Foundation (2020) *Strengthening subnational civic engagement in Myanmar.*

The Republic of the Union of Myanmar, Ministry of Health and Sports (2020) Announcement. 23 March 2020. Available online at: https://mohs.gov.mm/page/1731

Thet Ko Ko, Wei Yan Aung & Vrieze, P (2015) Timeline of student protests against education law. *The Irrawaddy.* 10 March 2015.

Thu Thu Aung & MacGregor, F (2016) Youth Ethnic Alliance Emerges after Summit. *Myanmar Times.* 3 August 2016.

Tickner, S, Win Zar Ni Aung & Slow, O (2018) Kachin Youth Activists Launch Potent Anti-War Movement. *Frontier Myanmar.*

Tu-Maung, N (2019) Myanmar's Earth Champions Raise Awareness about Climate Change. *Frontier Myanmar.*

Turner, CM (2017) Depoliticizing Student Unions in Myanmar. *Mizzima Myanmar.* 6 February 2017.

UNDP (2017) *Final Summary Report. Myanmar Consultative Workshop for Youth, Peace and Security.* Yangon: UNDP.

Weng, L (2018) Two Kachin Youth Leaders Fined for Organizing Protest Demanding Action on IDPs. *The Irrawaddy.* 9 May 2018. Available online at: https://www.irrawaddy.com/news/three-kachin-youth-leaders-fined-organizing-protest-demanding-action-idps.html

World Health Organization (2020) WHO Director-General's Opening at Media Briefing on Covid-19, 11 March, 2020. Available online at: https://www.who.int/dg/speeches/detail/who-director-general-s-opening-remarks-at-the-media-briefing-on-covid-19---11-march-2020

WWF-Myanmar (2019) Planet Heroes : Zwe Yin Phyu, University Student. 22 April 2019. Available online at: https://wwfmyanmar.exposure.co/planet-heroes

Zaw Zaw Htwe (2019) Student Objections to Tree Cutting Halt Projects at Myanmar's Yangon University. *The Irrawaddy.* 4 November 2019.

Zon Pann Pwint (2019) From little things, big things grow. The Myanmar Times. 3 May 2019.

# နောက်ဆက်တွဲ (၁)
# နည်းစနစ်

## ခြုံငုံသုံးသပ်ခြင်း

ဤစာတမ်းအတွက် အချက်အလက်များ စုဆောင်းခြင်းဆိုင်ရာ လုပ်ငန်းများကို ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ မှ ဧပြီလ အတွင်း ကောက်ယူဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းကို အရေအတွက်အခြေပြု စစ်တမ်းကောက်ခံခြင်း နှင့် အရည်အသွေးအခြေပြု စစ်တမ်းကောက်ခံခြင်း နည်းလမ်းနှစ်ခုစလုံးကို မျှတစွာ အသုံးပြုခဲ့သည်။ ဖြစ်စဉ် အထောက်အထား လေးခုကို အခြေခံပြီး ပါဝင်သူများအား လေ့လာစူးစမ်းခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ကာ စစ်တမ်းမေးခွန်းများကို ပြုလုပ်ခဲ့သည်။ အထက်ဖော်ပြပါ ဆွေးနွေးချက်များကို အခြေပြုပြီး နိုင်ငံလုံးဆိုင်ရာ ကောက်ချက်ချမှုများ ပြုလုပ်ခဲ့ပါသည်။

## ဖြစ်စဉ်၊ ဖြစ်ရပ်မှန် လေ့လာမှုများ ဖြစ်စဉ်ရွေးချယ်ခြင်း

ဖြစ်စဉ်များကို ရွေးချယ်ရာတွင် အခြေအနေကွာခြားလွန်းသည့် အဖွဲ့အစည်း အမျိုးအစားများမှ ရွေးချယ်ခဲ့ပါသည်။ လူငယ်အဖွဲ့အစည်း ၃၀ကျော် ရွေးချယ်ခဲ့ပြီး ယင်းအဖွဲ့များကို အောက်ပါအချက်လေးချက်ဖြင့် စိစစ်ခဲ့ပါသည်။

- ပြောင်းလဲလိုသည့် အကြောင်းအရာ (ခေါင်းစဉ်)
- ပြုပြင်ပြောင်းလဲလိုသည့် အဆင့် (နေ့စဉ်ကြုံတွေ့ရမှုနှင့် အဖွဲ့အစည်းအဆင့်)
- တက်ကြွလှုပ်ရှားအသုံးပြုသည့် နည်းလမ်းများ (နည်းလမ်းများနှင့် မဟာဗျူဟာများ)
- ရန်ပုံငွေ ရရှိရန်ဆောင်ရွက်မှုများ
- ပါဝင်သည့် တက်ကြွလှုပ်ရှားသူအမျိုးအစားများ (စေတနာ့ဝန်ထမ်းနှင့် အခကြေးငွေဖြင့်)
- တည်နေရာ (မြို့ပြ / ကျေးလက်ဒေသ)

ထို့အပြင် ကျား၊ မ လိင်အမျိုးအစား၊ အသက်အရွယ်များ၊ လူမျိုးနွယ်ဝင်များ၊ ကိုးကွယ်သည့် ဘာသာဝင်များ၊ မသန်စွမ်းသူများ၊ လူမှုနေထိုင်မှုများ၊ ပညာရေးနောက်ခံများ၊ အိမ်ထောင်ရှိခြင်း မရှိခြင်းနှင့် နေထိုင်ရာ ဇာတိနေရာများ စသည်တို့ကို မတူညီသူ လူငယ်များ ပါဝင်စေရန်လည်း ဆောင်ရွက်ခဲ့ပါသည်။

## အရည်အသွေးအခြေပြု အချက်အလက် စုစည်းကောက်ခံခြင်း

အချက်အလက်များကောက်ခံရာတွင် တစ်ဦးချင်းစီ၏ အခြေအနေများကို သေချာသိမြင်သုံးသပ်ရန် ကွင်းဆင်းကာ တွေ့ဆုံမေးမြန်းခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဖုန်းဖြင့်ဆက်သွယ်၍သော်လည်းကောင်း၊ ထပ်မံတွေ့ဆုံ၍သော်လည်းကောင်း မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အချက်အလက်ကောက်ခံခြင်းများကို အဖွဲ့ဝင် နှစ်ဦးမှဆောင်ရွက်ခဲ့ပါသည်။ တစ်ဦးမှာ နိုင်ငံခြားသူ အမျိုးသမီး သုတေသီဖြစ်ပြီး ကျန်တစ်ဦးမှာ မြန်မာ အမျိုးသားသုတေသီ ဖြစ်ပါသည်။

ပါဝင်သူများအား လေ့လာသည့်ကဏ္ဍကို ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ဆောင်ရွက်ခဲ့ပြီး အချင်းချင်း တွေ့ဆုံမှုများ၊ တက်ကြွလှုပ်ရှားမှုများ ပြုလုပ်ရန် ကြိုတင်ပြင်ဆင်နေချိန်များ၊ လှုပ်ရှားမှု အခမ်းအနားများ ကျင်းပနေချိန်များနှင့် နားနေချိန်များတွင် တွေ့ဆုံခြင်းများပြုလုပ်ခဲ့ပါသည်။ သုတေသီများသည် တက်ကြွလှုပ်ရှားမှု အစီအစဉ်များတွင် ပါဝင်ခဲ့သည်။

ပါဝင်သူများကို စူးစမ်းလေ့လာနေစဉ် တွေ့ဆုံမေးမြန်းမှုများကိုလည်း ရောနှော ပြုလုပ်ခဲ့သည်။ တန်ဖိုးရှိသော အကြောင်းအရာများကို တွေ့ဆုံမေးမြန်းသူများနှင့်အတူ သုတေသီများ မြင်သာစေရန် လက်တန်း တွေ့ဆုံမေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။ အချို့သော တွေ့ဆုံမေးမြန်းမှုများကို မြန်မာဘာသာမှ ဂျိန်းဖော့ဘာသာသို့ စကားပြန်များမှတစ်ဆင့် မေးမြန်းခဲ့ကြသည်။

